The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .16, NO . 44 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 21 , 2016

## ပုသိမ်ဆန်စပါးဈေးကွက်တွင် ညှော်မထကောက်စော စပါးသစ်များ အဝယ်လိုက်၍ စပါးဆန်ဈေးနှုန်း မြင့်တက်

|pmrsu Em- 4|

## ကယားပြည်နယ် အနာဂတ်ပြောင်း ဈေးကွက်ခိုင်မာရေး ကြိုးပမ်းဆောင်ရွက်

|pmrsu Em- 17|

## ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပဲတီစိမ်းစိုက်တောင်သူများအား တတိယအကြိမ်မြောက် GAP, GHP ပညာပေး သင်တန်းဖွင့်လှစ်ပို့ချ

|pmrsu Em- 17|

# ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၆၀၀၀ ကျော်ရရှိပြီး ယခင်နှစ် ကာလတူထက် မြင့်တက်နေပြီ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့ ပုဂ္ဂလိကကဏ္ဍနဲ့အစိုးရကဏ္ဍ ပူးပေါင်းဆောင်ရွက်ပြီး ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံနဲ့ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ကုန်သွယ်မှုမူဝါဒဆိုင်ရာများကို ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့သလို အစိုးရသစ် လက်ထက်တွင် ပို့ကုန်သုံးဆတိုးမြင့်စေရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့မှုတွေကြောင့် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုကဏ္ဍအသီးသီးမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ရှိနေပေမယ့် ပို့ကုန်ကဏ္ဍမှာ

|pmrsu Em- 18|



## Re-export ကုန်သွယ်မှုကြောင့် အကျိုးဖြစ်ထွန်းလာတဲ့ မြန်မာနိုင်ငံ

အစိုးရသစ်တာဝန်ယူခဲ့ပြီးနောက် ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် ပို့ကုန်သုံးဆမြင့်တက်စေရမည်ဟူသည့် ရည်မှန်းချက်ကိုလက်ကိုင်ထားကာ ပို့ကုန်မြှင့်တင်ရေးကို အဓိကထားပြီး လုပ်ဆောင်ခဲ့ပါတယ်။

ပြည်တွင်းမှာ အဓိကပို့ကုန်တွေ ဖြစ်တဲ့ ဆန်စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ သဘာဝဓာတ်ငွေ့နဲ့သတ္တုကဏ္ဍတွေမှာ ပို့ကုန်တင်ပို့မှုဟာ ခါတိုင်းနှစ်တွေထက် လျော့ကျခဲ့တာကြောင့် ပို့ကုန်တိုးမြှင့်ရေးကို ဦးတည်ဆောင်ရွက်ခဲ့ရတာ ဖြစ်ပါတယ်။

ပို့ကုန်တိုးတက်မှုရှိမှသာနိုင်ငံတော်ရဲ့ တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်နေတဲ့အခွန်ဝင်ငွေများ ရရှိနိုင်မှာဖြစ်ပါတယ်။

|pmrsu Em- 18|

Top-Kick Multi - Crop Thresher စပါး နှင့် ပဲအမျိုးမျိုး ခြွေလှေ့စက်



ပဲကွဲမှုမရှိခြင်း နှင့် သဲ ခဲ တင်းစင်မှုကို အာမခံပါသည်
ရှိမဘာဏ်(ပြည်ဘဏ်ခွဲ)ဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
Ko Zaw Moe Aung(Electronic Service Engineer)
Top-Kick Engineering Group
No.(14),Mekkheyar Min Thar Gyi Mg Phyo Street,Industrial Zone(1),Pyay.
Ph:09-5409513,09-253100337,09-253149075
ဆက်သွယ်ရန် - ကိုဇော်မိုးအောင်( 09-5409513)အမှတ်(၂၀)၊ ဦးလူကြီးလမ်း၊ စက်မှုဇုန်(၁)၊ ပြည်မြို့


Premium Quality
PEP®
Omega 3+
ဉာဏ်ရည်အတွက်အဖြေရှာ
ပက်(ပ်)...အိုမီဂါ
နယူးဇီလန်နိုင်ငံမှ နို့မှုန့်နှင့် နော်ဝေးနိုင်ငံမှအိုမီဂါသရီးတို့ကို အသုံးပြုထုတ်လုပ်ထားပါသည်။
ဦးနှောက်၊အာရုံကြောစနစ်နှင့် နှလုံးကျန်းမာရေးအတွက်ကောင်းမွန်ပါသည်။
Red Horse Dairy Industries Limited. Ph : 01-541124, 551647, 551290 (Hot Line: 09 7777 5 7777)

CNQC
Ocean
Ocean Supercenter, Yangon
Haia Bay United Factory, China
CNQC
QINGJIAN INTERNATIONAL (MYANMAR) GROUP DEVELOPMENT CO., LTD.
Tel : +95 1 554046 / +95 1 8604597 | Email : enquiry@cnqc.com.mm

JAPAN TRUCK & MACHINERY
TRADING CO.,LTD.
FEEL FREE TO CONTACT US
MON-SAT/AM9:00-PM6:00
09-420-114705
jtmtmyanmar@gmail.com
No.1,Highway No.3,Thinganjungyi Village,Mingaladon Township,Yangon,Myanmar

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံတော်ဆိုင်ရာ လစ်သူယေးနီးယားနိုင်ငံသံအမတ်ကြီး H.E. Ms. Ina Marciulionyte အားလက်ခံတွေ့ဆုံ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် နိုဝင်ဘာလ ၁၈ ရက် နံနက် ၁၀ နာရီ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လစ်သူယေးနီးယားနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ပြီးဖြစ်သော ပေကျင်းမြို့အခြေစိုက် လစ်သူယေးနီးယားနိုင်ငံ သံအမတ်ကြီး HE. Ms. Ina Marciulionyte အား ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည့်ကဏ္ဍများနှင့် လစ်သူယေးနီးယားနိုင်ငံ၏ အားသာချက်ရှိသည့်ကဏ္ဍများကို လေ့လာပြီး ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်နည်းလမ်းများ၊ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် ဓာတ်မြေဩဇာအပါအဝင် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ တင်သွင်းနိုင်ရေးအတွက် ပို့ကုန်/သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပါအဝင် နှစ် နိုင်ငံ ကုန်သည်အသင်းချုပ်များအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် တွန်းအားပေးကူညီပံ့ပိုးပေးသွားနိုင်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး ချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC (IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အမေရိကန်နိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ Ms. Diane Farrell ဂျပန်-မြန်မာအသင်း၏ ဥက္ကဋ္ဌနှင့် အောက်လွှတ်တော် အမတ်ဟောင်း Mr. Hideo WATANABE အမေရိကန်- အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ မစ္စတာ အလက်ဇန္ဒားဖလ်မင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး Mr. Scot Marciel တို့ အား သီးခြားစီ လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် အမေရိကန်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ Deputy Assistant Secretary for Asia ဖြစ်သူ Ms. Diane Farrell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာ၁၅ ရက် ၁၃း၃၀ နာရီတွင် ဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ အမေရိကန် နိုင်ငံမှ ပေးအပ်သည့် အကောက်ခွန်သက်သာခွင့် GSP အခွင့်အရေးနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် နေ့လယ် ၁၅း၀၀ နာရီတွင် ဂျပန်-မြန်မာအသင်း၏ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်အမတ်ဟောင်း Mr. Hideo WATANABE ဦးဆောင်သည့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံ၍ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရန်အတွက် လမ်း၊ တံတား၊ လျှပ်စစ်မီး စသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကြုံတွေ့နေရသော အခက်အခဲများနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

➲ စာမျက်နှာ-၂၂ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Liu Hui Yan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သည် နိုဝင်ဘာ ၁၆ ရက် နေ့လယ် ၁၅း၀၀ နာရီ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်မှ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Liu Hui Yan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးတက်စေရေးအတွက် ကြုံတွေ့နေရသည့် အခက်အခဲများကို ပူးပေါင်းဖြေရှင်းသွားရေး၊ တရားမဝင်ကုန်သွယ်မှု ထိန်းချုပ်တားဆီးရေးနှင့် တရားဝင်ကုန်သွယ်မှု ဖြစ်ထွန်းစေရေးအတွက် နှစ်ဖက်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ မြန်မာ နိုင်ငံမှ ဆန် တင်ပို့ရန်အတွက် ကိုတာတိုးမြှင့်ရရှိရေး၊ လယ်ယာထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေး နည်းပညာနှင့် ပူးပေါင်းဆောင်ရွက်သွားရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ **MOC (IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ပြည့်ဟိန်းဇော်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# အင်းတော်မြို့တွင် စပါးရိတ်သိမ်း ခြွေလှေ့စက်များဖြင့် အငှားလိုက်ရိတ်သိမ်းမှုများပြားလာ

ကသာခရိုင် အင်းတော်မြို့နယ် မိုးစပါးရိတ်သိမ်းချိန်တွင် အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် စပါးလေလွင့် ဆုံးရှုံးမှုမရှိစေရေး၊ အချိန်တိုအတွင်း ရိတ်သိမ်းပြီး အမိုးအကာအောက်ရောက်ရှိစေရေး၊ လုပ်သားငှားရမ်းတဲ့ အခက်အခဲမှ ကင်းလွတ်စေရေးအတွက် စပါးရိတ်သိမ်းခြွေလှေ့စက် (Combined Harvester) များနဲ့ ငှားရမ်းရိတ်သိမ်းလျက်ရှိကြောင်းသိရပါတယ်။

အင်းတော်မြို့နယ် ၂၀၁၆-၂၀၁၇ မိုးစပါးစိုက်ဧက ၅၃၄၈၈ ရှိရာ နိုဝင်ဘာ ၁၇ ရက်အထိ ရိတ်သိမ်းပြီးစီးမှု ၁၂၅၀၀ ဧက ရှိပါတယ်။ ယခင်နှစ်ကာလတူ ရိတ် သိမ်းပြီးစီးမှု ၇၅၀၀ ဧကရှိလို့ ယခုနှစ်မှာ ပိုမိုမြန်ဆန်စွာ ရိတ်သိမ်းနိုင်ခဲ့တယ်လို့သက်ဆိုင်ရာဌာနများရဲ့ စာရင်းများအရ သိရပါတယ်။

"စပါးရိတ်သိမ်း ခြွေလှေ့စက်ကို မန္တလေးဂွတ်ဒ်ဘရားသားစ်ကုမ္ပဏီက ဒီနှစ်ဝယ်ခဲ့တာပါ။ လယ်တစ်ဧက လေးသောင်းကျပ်နဲ့ အငှားလိုက်ပါတယ်။ တစ်ရက် ငါးဧကပြီးပါတယ်။ ဒီနှစ် ဧကတစ်ရာကျော် အငှားလိုက် ရိတ်သိမ်းပြီးဖြစ်တဲ့အပြင် ငှားရမ်းထားတဲ့ တောင်သူများလည်း ရှိနေပါတယ်။ အင်းတော်မြို့နယ်မှာ စပါးရိတ်သိမ်း ခြွေလှေ့စက် ငါးစီးရှိနေတယ်" လို့ ပိုင်ရှင် ဦးမောင်မောင်က ပြောပါတယ်။

ကသာခရိုင် အင်းတော်မြို့နယ် ဆင်း-၃ဆန်ကို ဗန်းမော်မှတစ်ဆင့် တရုတ်ပြည်ပသို့ တင်ပို့နေတဲ့အတွက် ဈေးကွက်လိုအပ်ချက်များရှိနေပါတယ်။ ပြောင်းလဲတိုးတက်လာတဲ့ စက်မှုလယ်ယာခေတ်စနစ်များနဲ့အညီ လျင်မြန်စွာ ရိတ်သိမ်းခြွေလှေ့ပြီး ဈေးကွက်ကို အချိန်နဲ့တစ်ပြေးညီ တင်ပို့နိုင်ရေးအတွက် တောင်သူ စက်ပိုင်ကုန်သည်များအနေဖြင့် ခေတ်မီစက်ကိရိယာများကို ပြောင်းလဲအသုံးပြု လာကြောင်း ဈေးကွက်မှ သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

# ဆန်ကြမ်းအသစ်အဝင်များပြီး အဝယ်လိုက်၊ ဆန်ကြမ်းအဟောင်းပြည်ပဝယ်လိုအားများ

ယခုတစ်ပတ်ရန်ကုန်မြို့ ဆန်ဈေးကွက်မှာ မြို့တွင်းတွင် ဆန်ကြမ်းအသစ်အဝယ်လိုက်ပြီး ဆန်ဟောင်းမှာ ပြည်ပဝယ်လိုအားရှိတာကြောင့် အဝယ်လိုက်ကြောင်းနဲ့ ဆန်ချောအသစ်ကတော့ ကုန်စည်ဒိုင်ကို အဝင်နည်းပြီး ဝယ်လိုအားများနေကြောင်း ဝါးတန်းကုန်စည်ဒိုင်မှ သိရှိရပါတယ်။ ဆန်ချောရော ဆန်ကြမ်းပါ အသစ်အဝယ်လိုက်ခြင်းမှာ ဆန်သစ်မှာ စားလို့ကောင်းကြောင်း၊ နည်းပညာသစ်များအရ အခြောက်ခံစက်များသုံးပြီး ထုတ်လုပ်ထားခြင်းဖြစ်ရာ ဆန်ဟောင်းကဲ့သို့ အရသာရှိတဲ့အတွက် သုံးစွဲမှုများရခြင်းဖြစ်ကြောင်း ရန်ကုန်မြို့ ဝါးတန်းကုန်စည်ဒိုင်မှ သိရှိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ လက်ကားဆန်ဈေးနှုန်းအရ ဖျာပုံပေါ်ဆန်းထိပ်စ တစ်အိတ်ကျပ် ၃၆၀၀၀၊ လတ်စ တစ်အိတ်ကျပ် ၃၃၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်း ထိပ်စတစ်အိတ် ကျပ် ၃၆၅၀၀၊ လတ်စတစ်အိတ် ကျပ် ၃၃၀၀၀၊ ကျိုက်လတ် ပေါ်ဆန်း ထိပ်စတစ်အိတ် ကျပ် ၃၂၀၀၀၊ လတ်စတစ်အိတ် ကျပ် ၂၉၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ညှော်မထ ဆန်ထိပ်စတစ်အိတ်ကျပ် ၁၈၅၀၀၊ လတ်စတစ်အိတ်ကျပ် ၁၇၅၀၀၊ နွေသီးထပ်ရှယ်တစ် အိတ်ကျပ် ၁၇၀၀၀ မှ ကျပ် ၁၇၅၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ် ကျပ် ၁၉၅၀၀ မှ ကျပ် ၂၁၀၀၀၊ မနောသုခတစ်အိတ် ကျပ် ၂၃၀၀၀ မှ ကျပ် ၂၄၀၀၀၊ အိတ်စပို့ ၂၅ မှတ်ဆန်တစ်အိတ် ကျပ် ၁၄၅၀၀ မှ ကျပ် ၁၅၂၀၀ ဖြစ်ပြီး ဈေးအတက်အကျ သိပ်မရှိ ကြောင်းနဲ့ ဆန်ကြမ်း ၂၅ မှတ်မှာ ပြည်ပဝယ်လိုအားကောင်းတဲ့အတွက် အဝယ်လိုက်ကြောင်း သိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာတော့ ဆန်အဝင်များပြီး ဆန်ဈေး အနည်းငယ် အကျဘက်မှာရှိနေပါတယ်။ ညှော်မထ ၅ မှတ် မှော်ဘီနဲ့ စူပါတစ်အိတ် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ညှော်မထ ၁၀ မှတ် မှော်ဘီနဲ့ စူပါတစ်အိတ် ၁၁၅ ယွမ်မှ၁၁၇ ယွမ်၊ ညှော်မထ ၁၅ မှတ်မှော်ဘီတစ်အိတ် ၁၁၂ ယွမ်မှ ၁၁၄ ယွမ်၊ ညှော်မထ ၂၅ မှတ် မှော်ဘီတစ်အိတ် ၁၀၈ ယွမ်မှ ယွမ် ၁၁၀၊ ငစိန် ၅ မှတ် တစ်အိတ် ယွမ် ၁၂၀ မှ ၁၂၂ ယွမ်၊ ငစိန် ၁၅ မှတ်၊ တစ်အိတ် ၁၁၇ ယွမ်မှ ၁၁၉ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၀၉ ယွမ်မှ ၁၁၂ ယွမ်ဈေးရှိပြီး ညှော်မထ ၁၅ မှတ်၊ ငစိန် ၅ မှတ်၊ ငစိန် ၁၅ မှတ် ဆန်များမှာ တစ်အိတ်ကို ၂ယွမ်ခန့် ဈေးတက်ပြီး ကျန်အမျိုး အစားများမှာ ၂ ယွမ်ခန့် ဈေးကျကြောင်း သိရှိရပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ တန်ချိန် ၁၆၈၉၆ ရှိပြီး တစ်ဖက်နိုင်ငံဝယ်လိုအား များတာကြောင့် မူဆယ်သို့ ဆန်ဝင်ရောက်မှုများကြောင်း သိရှိရပါတယ်။ နိုဝင်ဘာ ၁၇ ရက်ငွေလဲနှုန်းအရ ၁ယွမ်လျှင် ကျပ် ၁၉၀ ဈေးပေါက်ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ပုသိမ်ဆန်စပါးဈေးကွက်တွင် ညှော်မထကောက်စော စပါးသစ်များ အဝယ်လိုက်၍ စပါးဆန်ဈေးနှုန်း မြင့်တက်

ပုသိမ်ဆန်စပါးဈေးကွက်တွင် ညှော်မထ (မိုး) မနောသုခ၊ မျိုးပွား၊ ဆင်းသုခ၊ ကောက်စောစပါးများ ဈေးကွက်သို့ စတင်ဝင်ရောက်ချိန် အောက်တိုဘာ ဒုတိယပတ်တွင် အစိုဓာတ် မလွတ်သော စပါးဈေးနှုန်းမှာ ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၃၅၀၀၀၀၊ ၃၈၀၀၀၀ ဝန်း ကျင်ဈေးရှိပြီး အစိုဓာတ် ၁၅ ရာခိုင်နှုန်း၊ ၁၆ရာခိုင်နှုန်း အစိုဓာတ်လွတ် စပါးကြိတ်ခွဲထုတ်လုပ်၍ ဆန်သစ်ဈေးကွက်ဝင်ရောက်ချိန် စပါးဈေးနှုန်းမှာ ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၄၀၀၀၀၀ ဝန်းကျင်ခန့်နှင့် ဆန်သစ်တစ်အိတ်လျှင် ကျပ် ၁၆၀၀၀ ဈေးနှင့် အရောင်းအဝယ်ဖြစ်ပြီး ယခုလက်ရှိစပါးသစ်ဈေးမှာ ပေါင် ၅၀ တင်း ၁၀၀ လျှင် ကျပ် ၄၅၀၀၀၀၊ ၄၆၀၀၀၀ ဝန်းကျင် ဆန်သစ်တစ်အိတ်ဈေးမှာ ကျပ် ၁၆၅၀၀၊ ၁၇၀၀၀ ကျပ် ဈေးဖြင့် ဈေးနှုန်းအနည်းငယ် မြင့်တက်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်မှသိရပါတယ်။

စပါးသစ်အဝယ်သွက်လာသော်လည်း ဆန်ဟောင်းများမှာ စပါး/ဆန်ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ယခင်ထက်အဝယ်လိုက်ကြောင်း၊ ဆန်စပါးဈေးကွက်အေးလျှင် လက်လီဈေးကွက်မှ စတင်အေးပြီး အရောင်းအဝယ်ရှိလျှင် လက်လီဈေးကွက်သာမကဒေသတွင်း ဟင်္သာတ၊ ရန်ကုန်၊ မန္တလေး၊ ပြည်အထက်အညာဒေသများမှလည်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ၊ မိုးညှော်မထ စပါးသစ်များမှာ နိုဝင်ဘာလကုန်၊ ဒီဇင်ဘာလဆန်းတွင် ဈေးကွက်သို့ အဝင်လှိုင်လာမည်ဖြစ်ကြောင်း၊ ဆန်ဈေးကွက်နှင့်အတူ ကောက်ညှင်းပေါ်ချိန် ကောက်ညှင်းအသွယ်ဈေးမှာ တစ်တင်းခွဲ အဖွင့်ဈေးကျပ် ၂၅၀၀၀နှင့် ဖွင့်ပြီး အပိတ်ဈေးမှာ ကျပ် ၄၅၀၀၀ ဖြစ်သော်လည်း ယခုနှစ် ကောက်ညှင်းအသွယ်ရဲ့ အဖွင့်ဈေးမှာပင် ယခင်နှစ်ထက်ဈေးပိုရ ပြီး ကောက်ညှင်းအသွယ် တစ်တင်းခွဲကိုကျပ် ၄၀၀၀၀ ဖြင့် ဈေးဖွင့်ပြီး ယခုလက်ရှိ ကောက်ညှင်းအသွယ်ဈေးမှာ တစ်တင်းခွဲကို ကျပ် ၃၅၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဆန်စပါးကုန် သည်များထံမှ သိရပါတယ်။

**မင်းမင်းဦး (ပုသိမ်)**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၇-၁၁-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၂ | ၃၆၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၅၀ | ၃၅၆ | △ | ၃၅၀ | ၃၅၀ | □ | ၃၅၀ | ၃၅၀ | □ | ၃၄၅ | ၃၄၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၄၅ | ၃၄၅ | □ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၄၅ | ၃၅၀ | ▽ | ၃၃၅ | ၃၃၅ | □ | ၃၃၀ | ၃၃၀ | □ | ၃၁၅ | ၃၁၅ | □ |
| ပေါင်းဆန် | ၃၆၀ | ၃၆၅ | △ | - | - | - | ၃၅၅ | ၃၅၅ | □ | - | - | - |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၁၈-၁၁-၂၀၁၆)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | □ | ၂၀၀၀၀ | □ | ၈၂၈၀ | △ | ၃၇၀၀၀ | △ |
| ပုသိမ် | ၄၇၇၆ | ▽ | ၂၂၀၀၀ | □ | ၇၀၀၉ | △ | ၂၉၀၀၀ | △ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၄၅၀၀ | □ | ၂၀၀၀၀ | □ | ၁၃၀၀၀ | □ | ၄၁၀၀၀ | □ |
| စစ်တွေ | ၄၆၀၀ | ▽ | ၁၉၀၀၀ | □ | ၇၅၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၄၀ | □ | ၁၇၅၀၀ | □ | - | - | ၂၉၀၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၃၀၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၉၀၀၀ | □ | ၂၂၅၀၀ | ▽ | - | - | ၄၅၀၀၀ | △ |
| မော်လမြိုင် | ၅၆၀၀ | ▽ | ၁၆၀၀၀ | ▽ | ၇၀၀၀ | ▽ | ၂၄၀၀၀ | ▽ |
| လှိုင်ကော် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၈၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၄၇၀၀ | □ | ၁၉၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၁၇၀၀ | ▽ | - | - | ၄၀၀၀၀ | ▽ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ၁၄-၁၁-၂၀၁၆ မှ ၁၈-၁၁-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 267 | 14,052,755.664 |
| 2 | Form D | 49 | 2,425,795.140 |
| 3 | Form E | 73 | 1,356,267.616 |
| 4 | Korea GSP | 3 | 61,072.450 |
| 5 | Form AK | 77 | 4,074,266.040 |
| 6 | Form AJ | 10 | 754,346.778 |
| 7 | Form AI | 60 | 2,467,659.280 |
| 8 | Form AANZ | 4 | 2,041.270 |
| 9 | Form DFTP | - | - |
| **Grand Total** | | **543** | **25,194,204.238** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၈-၁၁-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၁/၁၁ | ၁၈/၁၁ | ပြောင်းလဲမှု | ၁၁/၁၁ | ၁၈/၁၁ | ပြောင်းလဲမှု | ၁၁/၁၁ | ၁၈/၁၁ | ပြောင်းလဲမှု | ၁၁/၁၁ | ၁၈/၁၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၀၆၁ | ၂၁၀၅ | ▲ | - | ၁၉၆၇ | - | - | ၁၈၀၀ | - | ၂၀၇၅ | ၂၀၆၅ | ▼ |
| ၂ | ပဲစင်းငုံ | ၁၄၈၅ | ၁၅၄၅ | ▲ | - | - | - | ၁၄၁၀ | - | - | ၁၄၀၀ | ၁၄၆၅ | ▲ |
| ၃ | ပဲတီစိမ်း | ၁၄၁၅ | ၁၃၀၀ | ▼ | ၁၃၃၃ | ၁၃၃၃ | ■ | ၁၃၁၆ | ၁၃၁၆ | ■ | ၁၃၁၅ | ၁၂၆၅ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၇၀၀ | ■ | - | - | - | - | - | - | ၂၁၆၀ | ၂၂၄၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၀၀ | ■ | - | - | - | - | - | - | ၁၂၉၀ | ၁၁၈၅ | ▼ |
| ၆ | ထောပတ်ပဲ | ၉၂၀ | ၉၅၅ | ▲ | ၈၀၀ | ၈၀၀ | ■ | ၇၈၉ | - | - | ၇၁၀ | ၇၄၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၈-၁၁-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁၀/၁၁ | ၁၇/၁၁ | ပြောင်းလဲမှု | ၁၀/၁၁ | ၁၇/၁၁ | ပြောင်းလဲမှု | ၁၀/၁၁ | ၁၇/၁၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၀၄၀ | ၁၀၂၀ | ▼ | ၁၁၂၉ | ၁၁၀၄ | ▼ | - | - | - |
| ၂ | ပဲစင်းငုံ | ၇၃၀ | ၇၄၀ | ▲ | ၈၇၃ | ၉၅၃ | ▲ | ၉၀၃ | ၉၇၂ | ▲ |
| ၃ | ပဲတီစိမ်း | ၇၀၀ | ၇၀၀ | ■ | - | ၆၆၃ | - | - | - | - |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၀၈၀ | ၁၀၈၀ | ■ | ၁၅၅၁ | ၁၃၅၅ | ▼ | ၁၅၅၁ | ၁၅၉၀ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၅.၁၁.၁၆)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၁၂.၁၁.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၁၂.၁၁.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၁၁၇၅ | ၁၂၇၇၁ | ၄၅၄၃၃၂ |
| ပဲတီစိမ်း | ၃၉၄၀ | ၄၂၅၈ | ၁၆၆၈၅၆ |
| ပဲစင်းငုံ | ၅၀၆၄ | ၃၆၃၉ | ၁၉၆၁၀၃ |
| ကုလားပဲ | ၃၆၀ | ၁၉၂ | ၂၀၀၀၄ |
| ပဲလွန်းဖြူ | ၁၆၈ | ၅၂၆ | ၁၇၂၁၅ |
| မြေထောက်ပဲ | ၅၀၄ | ၄၃၂ | ၁၂၄၈၅ |



## ပြည်မတ်ပဲဈေးတရိပ်ရိပ်ကျလျက်ရှိသလို မျိုးပဲလည်း အဝယ်အေးခဲ့

ပြည်ပဲဈေးကွက်မှာ ပြည်ပဝယ်လက်ပဲရော ပြည်တွင်းဝယ်လက်ပဲများပါ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပေမယ့် မတ်ပဲသီးနှံမှာ ယခုလအတွင်း အရောင်း အဝယ်အေးခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲသီးနှံအား ဆောင်းသီးနှံအဖြစ် စိုက်ပျိုး ရန် မျိုးပဲများဝယ်ယူကြသော်လည်း ယခုနှစ်မှာ နောက်မိုးကောင်းခဲ့လို့ ပဲစိုက်ပျိုးရန် အခက်အခဲဖြစ်နေတဲ့အတွက် ယခုတစ်ပတ်မှာ မျိုးပဲအဝယ်အေးသွားခဲ့ပါတယ်။ ယခင်နှစ်က ယခုလို ကာလများတွင် မျိုးပဲများအဝယ်လိုက်သလို ဈေးနှုန်းကလည်း ဈေးအမြင့်ဆုံးရခဲ့တာကိုတွေ့ရပါတယ်။ ယခုနှစ်အတွင်း မတ်ပဲဈေးမှာ ဈေးမမြင့်ခဲ့သည့်အပြင် တရိပ်ရိပ်ဈေးပြန်ကျခဲ့လို့ တစ်တင်းကျပ် ၄၀၀၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်နေခဲ့ပြီး ကုလားပဲသီးနှံထက်ပင်ဈေးလျော့နည်းသွားကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ဘိုကိတ်ပဲသစ်များ ဆက်လက်ဝင်ရောက်ပြီး ဈေးလည်းအနည်းငယ်ပိုလာ

ပြည်ပဲဈေးကွက်သို့ ဘိုကိတ်ပဲသစ်များ ဆက်လက်ဝင်ရောက်လာခဲ့တာကို တွေ့ရပါတယ်။ ပန်းတောင်းမြို့နယ်အပြင် ကံမဘက်မှလည်း ဝင်ရောက်လာပြီး အိတ် ၂၀ ကျော်နေ့စဉ်ဝင်ရောက်လာပြီဖြစ်ပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ကျပ် ၂၄၀၀၀မှ ကျပ် ၂၅၀၀၀ ထိရရှိလာခဲ့ပြီး ရန်ကုန်-ပြည်ရထားလမ်း တစ်လျှောက်မြို့နယ်များမှ ဝယ်ယူမှုရှိခဲ့ကြတယ်လို့လည်း သိရပါတယ်။

ပဲအဝင်များလာလျှင်တော့ ရန်ကုန်ဝယ်လက်ပါ ဝယ်ယူကြောင်းသိရပြီး ယခုကာလမှာတော့ ဝင်ရောက်တဲ့ အိတ်ရေ ပမာဏနည်းပါးနေသေးတဲ့အတွက် ဝယ်လိုအားရှိသော်လည်း ပဲဝင်ရောက်မှုပေါ် မူတည်၍ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ် ခဲ့ကြောင်းသိရပါတယ်။ ပဲဈေးမှာ ပဲသစ်ဝင်စဈေးထက် ဈေးပိုရလာခဲ့ကြောင်း တွေ့ရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲနီပြားလက်လီအရောင်းအဝယ်ဖြစ်သလို ဈေးလည်း လျော့

ပြည်ပဲဈေးကွက်ရဲ့ လက်လီရောင်းဝယ်မှုများတဲ့ပဲထဲမှာ ပဲနီပြားသီးနှံဟာလည်း လက်လီသာအဝယ်ရှိတဲ့အတွက် တစ်ရက်အိတ် ၂၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲအဝင်မရှိဘဲ လက်ကျန်ပဲများသာအရောင်းအဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးမှာ လဆန်းရက်က တစ်တင်းကျပ် ၂၃၅၀၀ ရရှိခဲ့သော်လည်း ယခုလလယ်မှာ ကျပ်တစ်ထောင်ခန့် လျော့သွားခဲ့လို့ တစ်တင်းကျပ် ၂၂၅၀၀ သာရရှိခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ် နိုဝင်ဘာလလယ်တွင် ပဲနီပြားတစ်တင်းကျပ် ၂၇၅၀၀ ရရှိခဲ့လို့ ယခုနှစ်ဈေးအနေဖြင့် တစ်တင်းကျပ် ငါးထောင်ခန့်အထိ လျော့နည်း အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခုနှစ်ဈေးအေးခဲ့တဲ့ သီးနှံထဲမှာ ပဲနီပြားသီးနှံလည်းပါဝင်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**



## မုံရွာကုန်စည်ဒိုင် နိုဝင်ဘာ တတိယပတ် ပဲဈေးကွက် မြေပဲလုံးဆန် ဆက်လက်ဈေးမာ

မုံရွာကုန်စည်ဒိုင်ရဲ့ နိုဝင်ဘာ တတိယပတ် ပဲဈေးကွက်မှာ ပဲမျိုးစုံဈေးဆက်လက်အေးနေပေမယ့် မြေပဲလုံးဆန်ကတော့ ဆက်လက် ဈေးမာနေတာ တွေ့ရပါတယ်။ မုံရွာကုန်စည်ဒိုင်သို့အနယ်နယ်အရပ်ရပ်မှ မြေပဲလုံးဆန်တွေ အဝင်လှိုင်လာခဲ့ပြီး တောင်နယ်လို့ခေါ်တဲ့ မြောင်၊ မြင်းမူနယ်က ဝင်လာတဲ့ မြေပဲက အရည်အသွေးကောင်းလို့ အခြားဒေသထွက် မြေပဲတွေထက် ဈေးပိုရကာ တစ်ပိဿာ ကျပ် ၃၀၀ နီးပါးအထိ ကွာခြားမှုရှိတယ်လို့ ပွဲရုံရပ်ကွက်က သိရပါတယ်။

ယခုတစ်ပတ်မှာ မြေပဲလုံးဆန်နီက တစ်ပိဿာအဟောင်း ကျပ် ၂၀၀၀ နဲ့ အသစ် ကျပ် ၂၃၅၀ အထိ၊ လုံးဆန်ဖြူက တစ်ပိဿာ အဟောင်း ကျပ် ၂၁၀၀၊ အသေး ကျပ် ၂၅၀၀ အထိ ဈေးမာလာခဲ့ပြီး ဒေသတွင်းလုပ်ငန်းသုံး ဝယ်လက်စုံနဲ့ မန်းဝယ်လက်ရှိလို့ တစ်ရက် အိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်နေတယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

ယခုတစ်ပတ် ပဲမျိုးစုံ ဈေးကွက်မှာ လက်ကျန်နည်းတဲ့ကုလားပဲက ဈေးအနည်းငယ်တက်ခဲ့ကာ V2 တစ်တင်း ကျပ် ၄၇၀၀၀၊ ထိုင်ဝမ် တစ်တင်းကျပ် ၄၅၀၀၀ နဲ့ 929 တစ်တင်း ကျပ် ၄၄၀၀၀ အသီးသီးပေါက် ဈေးဖြစ်ပေါ်ခဲ့ပြီး V2 က တစ်ရက်အိတ်၁၀၀ ခန့်နဲ့ လက်ကျန်ရှိတဲ့ 929 က တစ်ရက် အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ငုံနီဈေးကွက်ကတော့ အရောင်းအဝယ် မဖြစ်သလောက် အရောင်းအဝယ်ကျဲခဲ့လို့ တစ်တင်း အနည်းဆုံး ကျပ် ၂၈၅၀၀ မှ အမြင့်ဆုံး ကျပ်၃၀၂၀၀ အထိ ပေါက်ဈေးဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။

ပဲတီစိမ်းဈေးကွက် အနေနဲ့လည်း စိမ်းကြီး တစ်တင်း ကျပ် ၂၅၀၀၀ နဲ့ စိမ်းသေး တစ်တင်း ကျပ် ၂၅၅၀၀ မှာ ဆက်လက်ဈေးငြိမ်နေပြီး တစ်ရက် အိတ် ၂၀၀ ခန့်စီ အရောင်းအဝယ်ဖြစ်နေတယ်လို့ ဆိုပါတယ်။

အခြားပဲမျိုးစုံဈေးကွက်မှာ မြေထောက်ပဲ၊ ပုဂံပဲ၊ ပဲယင်း နဲ့ မလွှမ်းပိုပဲတွေ ဈေးအနည်းငယ်မာလာကာ မြေထောက်ပဲ တစ်တင်း ကျပ် ၂၇၀၀၀၊ ပုဂံပဲ တစ်တင်း ကျပ် ၂၄၅၀၀၊ ပဲယင်း တစ်တင်း ကျပ် ၁၆၀၀၀ နဲ့ မလွှမ်းပို တစ်တင်း ကျပ် ၂၀၀၀၀ ပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး ကျန်လက်လီပဲဈေးကွက်မှာတော့ စွန်တာနီ တစ်တင်း ကျပ် ၁၅၅၀၀၊ ပဲနီလုံးကြား ကျပ် ၁၇၉၀၀၊ ပဲကြီးကျပ် ၂၆၀၀၀၊ ၂၄၅၀၀ နဲ့ ထောပတ်ပဲ တစ်တင်းကျပ် ၁၅၅၀၀ အသီးသီး ပေါက်ဈေးငြိမ်ကာ တစ်မျိုးလျှင် အိတ် ၁၀၀ မှ ၂၀၀ ကြား ပုံမှန်သာ အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင် (မုံရွာ)**

## ပြည်ဈေးကွက်မှာ လုံးဆန်ဈေးပြန်မြင့်လာ

ပြည်ဈေးကွက်တွင် လုံးဆန်ဈေးအနည်းငယ်ပြန်တက်လာတာတွေ့ရပါတယ်။ ပဲဆန်အဝင်နည်းသွားသော်လည်း ဆီကြိတ်မြေပဲဆန်မှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ ဆောင်းမြေပဲအသစ်များ ပေါ်ရန်ရက်အနည်းငယ်သာလိုချိန်ဖြစ်သဖြင့် ဈေးကွက်တွင် ပဲလက်ကျန်နည်းသွားတဲ့အတွက် တစ်နေ့လျှင် အိတ် ၆၀၀ မှ ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ လုံးဆန်ကိုရန်ကုန်ဝယ်လက်များက အဝယ်ရှိသဖြင့် လုံးဆန်အဖြူမှာ တစ်ပိဿာလျှင် ကျပ် ၂၁၀၀ နှင့်လုံးဆန်အနီ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဖြင့် ယခင်တစ်ပတ်ထက်ဈေးမြင့်လာတာတွေ့ရပါတယ်။ ဆီကြိတ်မြေပဲဆန်မှာ တစ်ပိဿာလျှင် ကျပ်၁၄၅၀ ဖြင့် အောက်တိုဘာလဆန်းမှစ၍ ယခုအချိန်အထိ ဈေးတန့်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း**

# နိုဝင်ဘာလလယ် ပြည်ပဲမျိုးစုံဈေးကွက် ကုလားပဲဈေးအမြင့်နဲ့ ဆက်လက်အရောင်းအဝယ်ဖြစ်ပြီး ပဲတီစိမ်းအရောင်းအဝယ်သွက်နေခဲ့



ပြည်ပဲမျိုးစုံဈေးကွက်မှာ နိုဝင်ဘာလလယ် အတွင်းပြည်တွင်းနဲ့ပြည်ပဝယ်လက်ပဲများ အရောင်းအဝယ်ဖြစ်ခဲ့ကြပေမယ့် ပြည်ပဝယ်လက်ထဲမှာ မတ်ပဲသီးနှံနှင့် ပဲစင်းငုံသီးနှံ အရောင်းအဝယ် အေးနေပါတယ်။ ဒါပေမယ့် ပဲတီစိမ်းသီးနှံကတော့ အရောင်းအဝယ် သွက်လျက်ရှိနေသလို ပြည်တွင်းဝယ်လက် အဓိကဝယ်ယူတဲ့ ကုလားပဲ၊ ပဲကြီး၊ သီးနှံများ အရောင်းအဝယ်ပုံမှန်ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ကျန်ပဲများကတော့ လက်လီ အရောင်းအဝယ်သာ ရှိခဲ့ကြပါတယ်။ မတ်ပဲသီးနှံအဝင်မရှိဘဲ လက်ကျန်ပဲများအား ရန်ကုန်ဝယ်လက်က ရက်ခြားအိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့သလို ပဲစင်းငုံ သီးနှံမှာလည်း အိတ် ၂၀၀ ကျော် ရက်ခြားဆိုသလို ဝယ်ယူလျက်ရှိပါတယ်။ ပဲဈေးနှုန်းမှာ ဈေးအလျော့နဲ့သာ ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့လို့ တစ်တင်း ကျပ် ၂၈၅၀၀ ဖြင့် လဆန်းရက်ကအတိုင်း ဈေးငြိမ်နေခဲ့ပြီး ပဲတီစိမ်းသီးနှံဈေးသာ ရရှိခဲ့ကြပါတယ်။ အောက်တိုဘာလအတွင်း မတ်ပဲနှင့် ပဲစင်းငုံသီးနှံဈေးဟာ ပဲတီစိမ်းသီးနှံထက် ဈေးအမြင့်နဲ့ ဈေးပိုရနေခဲ့ပေမယ့် အောက်တိုဘာလဆန်းမှစ၍ ယင်းပဲ နှစ်မျိုးစလုံး အရောင်းအဝယ်အေး၊ ဈေးအေးခဲ့ ကြတယ်လို့သိရပါတယ်။

ပဲတီစိမ်းသီးနှံမှာ ပဲသစ်များပေါ်နေပြီ ဖြစ်တာကြောင့် ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ကံမ စသည့် နယ်စုံမှ အိတ် ၅၀၀ ကျော် ၆၀၀ အထိ ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးမှာ လဆန်း ရက်ထက် တစ်တင်း တစ်ထောင်နီးပါး လျော့နည်းသွားလို့ယခုလလယ်မှာ တစ်တင်း ကျပ် ၂၈၅၀၀ ဖြင့် မန္တလေးဝယ်လက် အဝယ်လိုက်နေလို့ အိတ် ၅၀၀ ကျော် ၆၀၀ အရောင်းအဝယ်ဖြစ်ခဲ့ ကြပါတယ်။ ပဲဈေးကွက်အတွင်းမှာ ပဲတီစိမ်းသီးနှံဟာ ယခုလအတွင်း အရောင်းအဝယ်သွက်လျက်ရှိတာကိုလည်း တွေ့ရပါတယ်။ ယခင်နှစ်နိုဝင်ဘာလအတွင်းက ပဲတီစိမ်းသီးနှံဈေးဟာ တစ်တင်း ကျပ်လေးသောင်းကျော်အထိရရှိခဲ့လို့ ဈေးကောင်းခဲ့ပေမယ့် ယခုနှစ်ကတော့ ပဲသစ်ပေါ်စဈေးထက် အနည်းငယ် ပိုရလာသော်လည်း ယခင်နှစ်ထက် ဈေးအေးခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ ပဲအဝင်သိပ်မရှိတော့ပေမယ့် လက်ကျန်ပဲရှိလို့ ခွဲစက်သမားများ ဝယ်ယူမှုကြောင့် နေ့စဉ် အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ လဆန်းရက်က မျိုးပဲများဝယ်ယူမှု ရှိခဲ့ပြီး ယခုလလယ်မှာတော့ မျိုးပဲအဝယ်သိပ်မရှိတော့ဘဲ ခွဲစက်သမားသာ ဝယ်ယူခဲ့ကြပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၄၅၀၀၀ ဖြင့် ဈေးငြိမ်နေပေမယ့် မတ်ပဲ၊ ပဲတီစိမ်း သီးနှံများထက်ပင် ဈေး ကောင်းခဲ့လို့ ယခုတစ်ပတ်မှာ ကုလားပဲသီးနှံ ဈေးအမြင့်ဆုံးနဲ့ ပဲဈေးကွက်မှာ အရောင်းအဝယ်ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။

ပဲကြီးသီးနှံကလည်း ပဲအဝင်ပါးလာပေမယ့် လက်ကျန်ပဲများ ရှိတဲ့အတွက် ပဲကြော်ဖိုလုပ်ငန်းသမားများဖြင့် နေ့စဉ်အိတ် ၂၀၀- ၂၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးကတော့ ဈေးအတက်အကျသိပ်မဖြစ်ခဲ့ကြဘဲ (ရွှေကျွန်း) တစ်တင်းကျပ် ၂၆၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၂၂၅၀၀ ဖြင့် ကုလားပဲထက် ဈေးလျော့နည်းပြီး ကျန်လက်လီပဲအများစုထက်တော့ ဈေးပိုရသလို ရှိခဲ့ပါ တယ်။ ပဲပုပ်သီးနှံမှာ လက်လီသာအရောင်းအဝယ်ဖြစ်ခဲ့သလို ဈေးကလည်း ငြိမ်နေခဲ့ပြီး တစ်တင်းကျပ် ၂၂၀၀၀ ဖြင့် အောက်တိုဘာလမှ ယခုအချိန်ထိ ၎င်းဈေးအတိုင်း ရရှိခဲ့ကြပါတယ်။ စားတော်ပဲသီး နှံကတော့ တစ်တင်း ကျပ် ၃၈၅၀၀ ဖြင့် ပဲဟောင်း လက်ကျန် ၁၄ အိတ် ၁၅ အိတ် ခန့် လက်လီသမားများအဝယ်ရှိနေလို့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း**

## ကမ္ဘောဒီးယားနိုင်ငံတွင် အဝတ်အထည်ဆိုင်များဖွင့်လှစ်ရန် တရုတ်အထည်ချုပ်စက်ရုံများ စိတ်ဝင်စားလျက်ရှိ

လူကြိုက်များသည့် Nike ၊ Puma နှင့် Gap တံဆိပ်ကဲ့သို့ အဝတ်အထည်များကို အနောက်နိုင်ငံများသို့ နှစ်အတန်ကြာ အထည်များချုပ်လုပ်တင်ပို့နေသည့် တရုတ်အထည်ချုပ်စက်ရုံတစ်ရုံမှ ယခုအခါ မိမိတို့ ချုပ်ထည်များအတွက် အလားအလာရှိသည့် ဈေးကွက်တစ်ခုအဖြစ် ကမ္ဘောဒီးယားနိုင်ငံအား စိတ်ဝင်စားလျက်ရှိကြောင်း သိရှိရသည်။

Jiangsu ပြည်နယ်အခြေစိုက်တရုတ်ကုမ္ပဏီတစ်ခုဖြစ်သည့် Hongdou Group သည် ကမ္ဘောဒီးယားနိုင်ငံ၏ ဈေးကွက်ဝယ်လိုအား အလားအလာကို လေ့လာဆန်းစစ်မှုပြုလုပ်လျက်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ကိုယ်ပိုင်စတိုးဆိုင်ဖွင့်လှစ်ရန် စိတ်ဝင်စားလျက်ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံရှိ သီဟာနုဗီးလ် အထူးစီးပွားရေးဇုန် (Sihanoukville Special Economic Zone, SSEZ)၏ဥက္ကဋ္ဌဖြစ်သူဂျက်ခန်းက ပြောကြားခဲ့သည်။ Hongdou Group အနေဖြင့် SSEZ အထူးစီးပွားရေးဇုန်မှ ထုတ်လုပ်သည့်ပစ္စည်းအများစုကို တရုတ်နှင့် အနောက်နိုင်ငံများ သို့ တင်ပို့လျက်ရှိကြောင်း၊ ယခုအခါ အရည်အသွေးမြင့် အမယ်များကို ကမ္ဘောဒီးယားဈေးကွက်တွင် ရောင်းချနိုင်ရန်အတွက် အဆိုပါနိုင်ငံတွင် ဆိုင်ဖွင့်လှစ်မည့်နေရာနှင့် ကမ္ဘောဒီးယားလူမျိုးများ နှစ်သက်သည့်ပစ္စည်းအမျိုးအစားများကို လေ့လာနိုင်ရန် မိမိတို့လုပ်ငန်းအုပ်စုမှ တာဝန်ရှိသူများ ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက် ကြမည်ဖြစ်ကြောင်း၊ Hongdou Group သည် အဝတ်အထည်ချုပ်လုပ်သည့်လုပ်ငန်းနှင့် တာယာကဲ့သို့ ရာဘာပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်းတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားကြောင်း၊ မိမိတို့၏ ကနဦးအစီအစဉ်မှာ ဖနွမ်းပင်တွင် စတိုးဆိုင်များ ဖွင့်လှစ်ကာ လုပ်ငန်းများတိုးချဲ့သွားရန်ဖြစ်ကြောင်း၊ အဆိုပါဆိုင်များတွင် ရောင်းချမည့်အထည်အများစုကို SSEZ မှ ထုတ်လုပ်ပြီး ကုန်ကျစရိတ်နှင့် ဝယ်လိုအားအပေါ် မူတည်၍ ပစ္စည်းအချို့ကို တရုတ်နိုင်ငံမှလည်း တင်သွင်းမည်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယားပြည်သူများအတွက် ဈေးနှုန်းသက်သာပြီး အရည်အသွေးမြင့်သည့် ပစ္စည်းများကို ရောင်းချမည်ဖြစ်ကြောင်း Hongdou Group မှ ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် လုပ်သား ၈ သိန်းကျော် အလုပ်လုပ်နေသည့်အထည်ချုပ်စက်ရုံပေါင်း ၅၀၀ကျော်ရှိကြောင်း၊ SSEZ စက်မှုဇုန်တွင် စက်ရုံပေါင်း ၁၀၃ ရုံရှိပြီး လုပ်သား ၁သိန်း ၆ သောင်းခန့်ရှိကြောင်း၊ SSEZစက်မှုဇုန်အနေဖြင့် လုပ်သား ၈ သိန်းမှ ၁သန်းအထိ အလုပ်အကိုင်ပေးနိုင်မည့်စက်ရုံပေါင်း ၃၀၀ကျော်ရှိရန် မျှော်လင့်ကြောင်း၊ SSEZ ရှိ စက်ရုံအများစုမှာ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများဖြစ်ပြီး၊ ကျန်စက်ရုံများမှာ ဂျပန်၊ အမေရိကန်၊ ပြင်သစ်၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ထိုင်းနှင့် အိုင်ယာလန်နိုင်ငံတို့မှ လာရောက်ရင်းနှီးမြှုပ်နှံသူများဖြစ်ကြောင်း၊ စက်ရုံအများစုမှာ အဓိကအားဖြင့် အဝတ်အထည်နှင့် အထည်အလိပ်ဆိုင်ရာ စက်ရုံများဖြစ်ပြီး အချို့မှာ စက်ပစ္စည်း၊ အထပ်သားနှင့် အိမ်သုံးပစ္စည်းများထုတ်လုပ်သည့် စက်ရုံများဖြစ်ကြောင်း၊ ထို့အပြင် တရုတ်ကုမ္ပဏီတစ်ခုကလည်း စတီးစက်ရုံတွင် အမေရိကန်ဒေါ်လာသန်း ၂၀၀ ခန့် ရင်းနှီးမြှုပ်နှံရန် အတွက် SSEZ နှင့် စာချုပ်ချုပ်ဆိုရန် ပြင်ဆင်လျက်ရှိကြောင်း၊ SSEZ စက်မှုဇုန်တွင် မော်တော်ကားတာယာထုတ်လုပ်သူများ ရင်းနှီးမြှုပ်နှံရန်အတွက်လည်း မိမိတို့ ကြိုးပမ်းလျက်ရှိကြောင်း SSEZ စက်မှုဇုန်ဥက္ကဋ္ဌက ပြောကြားခဲ့ကြောင်းသိရှိရသည်။

Source: Bangkok Post

**စန္ဒာထွန်း** (TTI)

## အိန္ဒိယနိုင်ငံအစိုးရက ဆောင်းဂျုံနှင့်ပဲမျိုးစုံ သီးနှံများကို လယ်သမားများထံမှ ဈေးနှုန်းတိုးမြှင့် ဝယ်ယူမည်

၂၀၁၆-၂၀၁၇ ဆောင်းသီးနှံအထွက်နှုန်းတိုးစေရန်နှင့် ဈေးနှုန်းတည်ငြိမ်စေရန် အတွက် အိန္ဒိယနိုင်ငံ အစိုးရသည် လယ်သမားများထံမှ ယခင်နှစ်ထက် ဈေးပိုပေး၍ ဝယ်ယူမည်ဖြစ်ကြောင်း သိရှိရသည်။ ယခင်နှစ်က အစိုးရ၏ ဂျုံဝယ်ဈေးနှုန်းမှာ ၁ ကွင်တယ်လျှင် ၁၅၂၅ ရူပီး မှ ယခုနှစ် ဆောင်းသီးနှံအတွက် တစ်ကွင်တယ်လျှင် ၁၆၂၅ ရူပီး သို့လည်းကောင်း၊ ပဲမျိုးစုံအတွက် ယခင်နှစ်ဈေးထက် တစ်ကွင်တယ်လျှင် ၅၅၀ ရူပီး ထပ်တိုး၍ ဝယ်ယူမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံလယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနသည် ပဲမျိုးစုံပြည်ပမှ တင်သွင်းမှုအပေါ် မှီခိုမှုအားလျှော့ချရန်၊ ပြည်တွင်းအထွက်နှုန်းတိုးတက်စေရန်နှင့် ဈေးနှုန်းတည်ငြိမ်စေရန်အတွက် ဆောင်းသီးနှံများအား အပိုဆုကြေးအပါအဝင် ကုလားပဲနှင့် ပဲနီလေး တစ်ကွင်တယ်လျှင် ရူပီး ၄၀၀၀ နှုန်းဖြင့် ဝယ်ယူရန် အဆိုပြုခဲ့ကြောင်း၊ လာမည့်နှစ် ဧပြီလမှစတင်၍ ဆောင်း သီးနှံများ ဈေးကွက်သို့ ဝင်ရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

**Source: indiatimes**

**စန္ဒာထွန်း** (TTI)

## ပြည်ထောပတ်ပဲ ဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးဖြစ်နေ

ပြည်ဈေးကွက်အတွင်း ပဲသစ်အချို့ ဝင်ရောက်မှုရှိလာပေမယ့် အချို့ပဲများကတော့ လက်ကျန်ပဲများနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ထောပတ်ပဲ သီးနှံကလည်း လက်ကျန်သာရှိလို့ လက်လီသမား ဝယ်ယူမှုကြောင့် အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။

ပဲဈေးကွက်မှာ အခြားပဲများဈေးအတက်အကျရှိခဲ့ပေမယ့် ထောပတ်ပဲသီးနှံမှာ ယခုနှစ်အတွင်း ဈေးအေးခဲ့တဲ့ သီးနှံဖြစ်တာကြောင့် တစ်တင်း ကျပ် ၁၂၅၀၀ ဖြင့်ဈေးကွက်မှာ ဈေး အနိမ့်ဆုံးဖြစ်နေခဲ့ပါတယ်။ ယခင်နှစ်နိုဝင်ဘာလအတွင်းမှာလည်း ဈေးကွက်မှာ ဈေးအနိမ့်ဆုံးရခဲ့ပေမယ့် တစ်တင်း ကျပ် ၁၈၀၀၀ခန့် ရရှိခဲ့လို့ ယခုနှစ်ဈေးက ယခင်နှစ်ဈေးထက် လည်း ထပ်မံလျော့နည်းနေခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ကြက်သွန်

### တရုတ်နဲ့ ထိုင်းနယ်စပ်များမှ ကြက်သွန်နီ တင်ပို့

နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၈၁၆၆ တန်ဖိုးရှိ ကြက်သွန်နီ ၃၈၆ တန်ကျော်ကို တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၁၃၃တန်ကျော်၊ မြဝတီမှ ၁၄၃တန်နဲ့ တာချီလိတ်မှ တန်၁၁၀ ဖြစ်ပါတယ်။

ယခင်တစ်ပတ်က မူဆယ်မှ ၂၃၅ တန်နဲ့ မြဝတီမှ ၂၀၈တန်ခွဲ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် ကြက်သွန်နီ တန် ၅၀ ကျော်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မိတ္ထီလာခရိုင်ရှိ ကြက်သွန်နီဈေးကွက်တွင် ကြက်သွန်အသစ်များ စတင်ဝင်ရောက်ချိန် ဧပြီက ပိဿာတစ်ရာလျှင် ကျပ်သုံးသောင်းမှ သုံးသောင်းခွဲအထိ အဖွင့်ဈေးရှိခဲ့ပြီး၊ အောက်တိုဘာလကုန်က ကြက်သွန်ပိဿာတစ်ရာလျှင် ကျပ်ငါးသောင်းမှ ငါးသောင်းခွဲအထိ ဈေးမြင့်တက်ခဲ့ကြောင်း၊ မိုးရွာတဲ့အချိန်က မြစ်သားဘက်က ကြက်သွန်စိုက်ခင်းတွေ ပျက်တယ်လို့ကြားတာကြောင့် ဈေးတက်ရခြင်းဖြစ်တယ်လို့ မလှိုင်မြို့ရှိ ပွဲရုံတစ်ရုံမှ သိရပါတယ်။

**မော်မော်အောင်**

### ပြည်ကြက်သွန်ဖြူ ဈေးငြိမ်ပြီး အရောင်းအဝယ်ပြန်အေး

ပြည် (ပွဲရုံ) စားဖိုဆောင်သီးနှံ ရောင်းဝယ်ရေးတွင် ကြက်သွန်ဖြူ အိတ်တွေ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးမှာလည်း အတက်အကျမရှိ ဈေးနှုန်းငြိမ်နေပေမယ့် အရောင်းအဝယ်အေးလာတာ တွေ့ရပါတယ်။ ပွဲတော်ရက်များကြောင့် အရောင်းအဝယ်ကောင်းနေရာမှ နိုဝင်ဘာတတိယပတ်မှာ ပွဲတော်အပြီး ရောင်းအားကျလာတာတွေ့ရပါတယ်။ ဈေးနှုန်းကတော့ ယခင်တစ်ပတ်အတိုင်းသာ ငြိမ်နေပါတယ်။ ပြည်ပွဲရုံမှာ ကြက်သွန်ဖြူ တစ်ပိဿာကို (ရှမ်းစ) ကျပ် ၄၀၀၀ နှင့် (ကြူကုတ်စ) ကျပ် ၄၅၀၀ တို့နဲ့ရောင်းချလျက်ရှိပါတယ်။ ဒေသတွင်းဈေးများမှာ လက်လီ တစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၄၆၀၀ နှင့် (ကြူကုတ်စ) ကျပ် ၄၈၀၀ ဈေးတို့ဖြင့်သာ ရောင်းဝယ်လျက်ရှိကြပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ ပွဲရုံများမှာ အိတ် ၁၂၀ လောက်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**နီနီဝင်း**

### ပြည်ကြက်သွန်နီ အရောင်းအဝယ်ပြန်လည်အေး

ပြည်ကြက်သွန်နီဈေးကွက်တွင် ယခုတစ်ပတ် ဈေးနှုန်းအနည်းငယ်ကျဆင်းသွားသလို အရောင်းအဝယ်လည်း အေးသွားပါတယ်။ ရွှေဆံတော်ဘုရားပွဲတော်လည်းပြီး ကထိန်ရာသီလည်းကုန်ချိန်မို့ အရောင်းအဝယ်အေးသွားခြင်း ဖြစ်ကြောင်း သိရပါတယ်။ ဈေးနှုန်းများမှာ ကျဆင်းသွားပြီး အချို့ပြည်ပွဲရုံများ၌ မကွေးတိုင်း အဝင်အိတ်များအတိုင်း မသန့်ရသေးတဲ့ ကြက်သွန်နီ ၇၂နံပိဿာ ၃၀ ဝင် တစ်အိတ်လျှင် အိတ်ဆွဲ အနိမ့်ဈေး ကျပ် ၅၀၀-၇၀၀ နဲ့ အမြင့် ဈေး ကျပ် ၉၀၀ တို့နဲ့ ရောင်းချနေကြောင်း သိရပါတယ်။

ပုံမှန်ရောင်းချနေတဲ့ ပြည်ပွဲရုံ များတွင် ပြန်လည်သန့်စင်၍ အမျိုးအစားခွဲကာ လက်ကား တစ်ပိဿာလျှင် (ကြီး) ကျပ် ၁၂၀၀၊ (လတ်) ကျပ် ၉၀၀၊ (သေး) ကျပ် ၇၀၀ တို့နဲ့ ရောင်းချလျက်ရှိပါတယ်။ လက်လီဈေးအသေးများတွင် တစ်ပိဿာ ကို (ရှယ်သန့်) ကျပ် ၁၄၀၀၊ (ကြီး) ကျပ် ၁၃၀၀၊ (လတ်) ကျပ် ၁၀၀၀-၁၂၀၀၊ (သေး) ကျပ် ၈၀၀-၉၀၀ တို့နဲ့ ရောင်းဝယ်နေကြပြီး စားသုံးသူများမှာ အလတ်စ ကြက်သွန်နီများကို ဝယ်ယူစားသုံးမှု များကြောင်း သိရှိရပါတယ်။

ဝင်ရောက်မှုမှာ ယခင်တစ်ပတ်ထက် အနည်းငယ်ကျဆင်းသွားပြီး ဆိပ်ဖြူ ရေနံချောင်း နယ်များမှ ပိဿာ ၃၀ ဝင် အိတ် ၂၈၀ ခန့်ကို ရက်ခြားသာ အဝင်ရှိနေကြောင်း သိရပါတယ်။

**ဝင်းလှဲ့ဝါ (ပြည်)**

## ချင်း

### ပြည်ချင်းဈေးကွက် ဈေးငြိမ်အရောင်းသွက်

ယခုတစ်ပတ် ပြည်ချင်းဥမဈေးမှာ တစ်ပိဿာ ဂွန် ကျပ် ၅၀၀၊ ရှယ် ကျပ် ၉၀၀ နဲ့ ဈေးငြိမ်နေပြီး၊ ချင်းခါးလှီးသမားများနဲ့ အရောင်း အဝယ်သွက်နေပါတယ်။ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းဥမ ပိဿာ ၃၀ အိတ် ၁၅၀ ခန့် ပုံမှန် အဝင်ရှိပြီး၊ ဈေးကွက်မှာလည်း ချင်းခါးလှီးသမားများနဲ့ အရောင်းအဝယ်သွက်လျက်ရှိရာ၊ နေ့စဉ် ပိဿာချိန် ၃၀၀ ခန့် အရောင်းအဝယ်ရှိပါတယ်။ ပုံမှန်စီးဆင်းတင်ပို့မှုဖြစ်တဲ့ ဧရာဝတီ တိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ ယခုတစ်ပတ်အတွင်း ပိဿာချိန် ၄၀၀ ခန့် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်**

### ရှမ်းချင်းသစ်တွေ ဈေးကွက်အဝင်များလာ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းတက်(သစ်)တွေ အရင် တစ်ပတ်ကထက် အဝင်များလာပါတယ်။ ဥမတွေလည်း ကုန်သလောက်ဖြစ်သွားပါပြီ။ ချင်းတက်သစ်တွေဝင်မလာခင်မှာပဲ ဥမတွေကို ရသလောက်ဈေးနဲ့ ထုတ် ရောင်းခဲ့ရတယ်လို့သိရပါတယ်။ ဥမကချင်း တက်လို ကြာကြာအထားမခံတာရယ် အလေးချိန်လျော့ပြီး ပုပ်တတ်တာကြောင့် နှစ်ပေါက်အောင်ထားလို့မရပါဘူး။ အလေးချိန်သိပ်ပြီး လျော့မသွားခင်မှာ ထုတ်ရောင်းရတာကြောင့် ချင်းတက်သစ်တွေဝင်လာချိန်မှာ ပစ္စည်းလက်ကျန်မရှိတော့ပါဘူး။ ချင်းတက်ကတော့ နှစ်ပေါက်အောင် အထားခံတာကြောင့် ဥမလိုဈေးကွက်မှာလည်းသက်တမ်းမတိုပါဘူး။ တစ်နှစ်ပတ်လုံးရောင်းရတဲ့ သီးနှံဖြစ်ပါတယ်။ ချင်းတက်တွေပေါ်ကာစမှာ ဈေးပေါ် ကို ကြည့်ပြီး ချင်းခြောက်ပြုလုပ်ကြပါတယ်။ ဈေးနှုန်းကလည်း နည်းပြီး၊ အရောင်းအဝယ်လည်း မကောင်း၊ ပစ္စည်းလက်ကျန်တွေများ နေရင်တော့ ပြုတ်ခြောက်လုပ်ကြပြီး ချင်းခြောက်အဖြစ်သိမ်းထားကာ ဈေးကောင်းမှ ထုတ်ရောင်းကြပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံး ၂၅၀ ကျပ်မှ အမြင့်ဆုံး ကျပ်၄၀၀ ရှိပြီး ချင်းခြောက်က တစ်ပိဿာ အနိမ့်ဆုံးကျပ် ၁၄၀၀ မှ အမြင့်ဆုံး ကျပ် ၁၅၀၀ ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

## မန်ကျည်း

### လက်ကျန်ပြည်မန်ကျည်းမှည့် အရောင်းအဝယ်ဖြစ်

ပြည် မန်ကျည်းမှည့် (ပွဲရုံ) များမှာ မန်ကျည်းမှည့်အဟောင်း လက်ကျန်လောက်သာရှိနေပေမယ့် ဒေသတွင်း အရောင်းအဝယ်မှာ အနည်းငယ်သာ ရှိခဲ့ရာမှ ပွဲတော်ရက် နှစ်ပတ်အတွင်းမှာ အရောင်းအဝယ်ပြန်ဖြစ်ခဲ့ပါတယ်။ နယ်စုံမှ ဘုရားပွဲဈေးနဲ့ ဒေသတွင်း အရောင်းအဝယ်ကြောင့် မန်ကျည်းမှည့် ရောင်းအားပြန်သွက်လာတာ ဖြစ်ပါတယ်။ ပွဲရုံဈေးများမှာ ဈေးနှုန်း ပုံမှန်ဈေးသာ ဖြစ်ခဲ့ပါတယ်။ နယ်ဘက်မှ အဆွဲမရှိတာကြောင့် လက်ကျန် မန်ကျည်းမှည့် ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ် (ပြည်ပွဲရုံဈေး) မန်ကျည်းမှည့် လက်ကားတစ်ပိဿာကို ကျပ် ၂၇၀၀ သာဖြစ်ပြီး၊ လက်လီ တစ်ပိဿာ ကျပ် ၃၀၀၀ နဲ့ ရောင်းဝယ်လျက်ရှိကြပါတယ်။

**နီနီဝင်း**

### နနွင်း တန်ချိန် ၃၀၀ ကျော်တင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှနိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၃၂၈ တန်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံသို့ ၂၇၁ တန်၊ မလေးရှားသို့ ၄၅ တန်နဲ့ အိန္ဒိယသို့ ၁၂ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့နနွင်း၆၉ တန်ကျော် နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၅၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ နနွင်း တင်ပို့မှုမှ ကန်ဒေါ်လာ ၂၄၄၉၇၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နနွင်း

### နနွင်းတက်ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၅ရက်မှ ၁၁ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၇၆၂၂ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၆၆တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၂၄တန်ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ နနွင်းတန် ၄၀ခန့် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

၂၀၁၅ နိုဝင်ဘာက နနွင်းတက် တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးဟာ (ငွေလဲနှုန်းအရ) ၉၀၇၃၈၀ ကျပ် ရှိခဲ့ပြီး ယခုနှစ်ကာလတူမှာ ၉၃၈၀၀၀ ကျပ် ဝန်းကျင်ဈေး ရှိတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

### ရှမ်းနနွင်းအရောင်းအဝယ် ခပ်မှန်မှန်ဖြစ်

ရှမ်းနနွင်းကခပ်မှန်မှန် အရောင်းအဝယ်ဖြစ်နေပါတယ်။ အသစ်တွေလည်း နောက်လကုန်ပိုင်းမှစပြီး ဈေးကွက်ကိုဝင်လာနိုင်တယ်လို့ ဒေသခံကုန်သည်တွေထံမှ သိရပါတယ်။ ပြည်တွင်းဝယ်လိုအားရှိနေပြီး ပြည်ပဝယ်လက်ကတော့ သိပ်ပြီးမရှိသေးပါဘူး။ မူဆယ်ဝယ်လက်တွေလည်း ဝယ်လိုက်နားလိုက်နဲ့ဝယ်ယူနေလို့ထင်သလောက် ရောင်းအား မရှိခဲ့ဘူးလို့ သိရပါတယ်။ ဒီနှစ်မှာ နနွင်းကို ထိပ်စတွေက ပိုပြီး အရောင်းသွက်နေပါတယ်။ဆင်တောင်နနွင်းက အဝယ်အလိုက်ဆုံးဖြစ်နေပြီး ဈေးကွက်မှာတောင် လက်ကျန်မရှိတော့သလောက် ဖြစ်သွားပါတယ်။ ဆင်တောင်နနွင်းအစား ဟိုပုံးနနွင်းကလည်း အောင်ပန်းဈေးကွက်မှာ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ပြည်တွင်းဝယ်လက်တွေမှာ ရန်ကုန်ဝယ်လက်က အဓိကဝယ်ယူနေသလို ပြည်ပဝယ်လက်တွေ ကလည်း အဝယ်ရှိနေပါတယ်။ ဒီတစ်ပတ်အတွင်းမှာ နနွင်းပိဿာချိန်ပေါင်း ခြောက်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အသစ်ထွက်လာမယ့် နနွင်းတွေကိုလည်း အစိုအတိုင်း ဝယ်ယူပြီး ခါးလှီးကာအခြောက်ခံပြီးဈေးကွက်ဝင်ကြည့်မယ်လို့လည်း ဒေသခံကုန်သည်တစ်ဦးက ပြောပါတယ်။

ပြုတ်ခြောက်လုပ်ပြီး ရောင်းတာထက် အချပ်လိုက်လုပ်ပြီး ရောင်းတာက ဈေးကွက်ဝင်နိုင်သလို ပြည်ပနိုင်ငံများဖြစ်တဲ့ ဥရောပနဲ့ ယူအေအီးနိုင်ငံတွေက ကြိုက်နှစ်သက်တယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် နနွင်းဈေးကတော့ တစ်ပိဿာကို အနိမ့်ဆုံး ကျပ် ၁၃၀၀ မှ အမြင့်ဆုံး ကျပ် ၂၅၀၀ ဈေးရှိတယ်လို့ အောင်ပန်းဈေးကွက်မှ သိရှိရပါတယ်။

**ဧခိုင်-တောင်ကြီး**

### ဆားလင်းကြီးမြို့နယ်ရှိ ဆီစက်လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ထုတ်ကုန်လုံခြုံစိတ်ချမှု ရှိစေရန် ပညာပေးဆွေးနွေး

အောက်တိုဘာ ၄ ရက်က ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ကျားထက် စံပြကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံးခန်းတွင်ကျားထက်ကျေးရွာ ရှိ ဆီစက်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ထုတ်ကုန်လုံခြုံစိတ်ချမှုရှိရေး ဟောပြောဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူး ဦးသန်းပိုက လူတွေနေ့စဉ်လှုပ်ရှားသွားလာ လုပ်ကိုင်နေနိုင်ဖို့ လိုအပ်တဲ့ ကယ်လိုရီကိုပေးနိုင်တဲ့ အစာမျိုးဖြစ်တဲ့အတွက် အာဟာရဓာတ်သုံးမျိုးထဲမှာ ဆီဟာကယ်လိုရီအကြွယ်ဝဆုံးဖြစ်ပါတယ်။ ဒါပေမဲ့ ယနေ့ခေတ်ဈေးကွက်ထဲမှာ ရောက်နေတဲ့ စားသုံးဆီတော်တော်များကတော့ အာဟာရမဖြစ်ဘဲ အန္တရာယ်ရှိတာတွေ့ နေရကြောင်း၊ ဒါကြောင့် ဆီစက်လုပ်ငန်းရှင်များအနေနဲ့ မိမိဆီမှ ထွက်ရှိတဲ့ဆီများကို အများသူငါ ဝယ်ယူစားသုံးတဲ့အခါ အန္တရာယ်မဖြစ်အောင် ထုတ်လုပ်၍မှန်ကန်သော ဈေးနှုန်းများဖြင့် ရောင်းချရန်လိုကြောင်း၊ ပဲဆီသန့်၊ နှမ်းဆီသန့်ဟု ပြောရောင်းလျှင် ဆီသန့်သန့်ကိုသာ မိမိရောင်းနိုင်တဲ့ ဈေးနှုန်းဖြင့် မှန်ကန်စွာရောင်းချပေးရန်လိုကြောင်း၊ ရောနှောရောင်းချလျှင်လည်း ရောနှောထားသည့် အချိုးအစားကိုပြောပြီး ရောင်းရန်လိုအပ်ကြောင်း၊ မြေပဲများနှမ်းများကိုဝယ်ယူသိမ်းဆည်းတဲ့အခါ၊ ကြိတ်ခွဲတဲ့အခါများတွင်လည်း မှိုမပါအောင် ဂရုစိုက်ရန်လိုအပ်ကြောင်း၊ မိမိဆီစက်မှ ထွက်သည့်ဆီများကို FDA ထောက်ခံချက်ယူပြီးလျှင်ပို၍ ထုတ်ကုန်လုံခြုံစိတ်ချမှု ရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရပါတယ်။

**မိုးမိုးမြင့် (ဆားလင်းကြီး)**

# ဓာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ်ရေလမ်းနဲ့ နယ်စပ်လမ်းကပါအဝင်ရှိ

သီတင်းတစ်ပတ်ဖြစ်တဲ့ နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၅၄၈၁၅၄၄ တန်ဖိုးရှိ အင်ဂျင်ဝိုင်၊ ဘရိတ်ဆီနဲ့ အခြားစက်သုံးဆီများတင်သွင်းခဲ့ပြီး ဓာတ်ဆီ၊ ဒီဇယ်အဝင်မရှိခဲ့ဘူးလို့ သိရပါတယ်။ နယ်စပ်စခန်းများဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှကန်ဒေါ်လာ ၁၃၀၃၆၄၀ တန်ဖိုးရှိ ဒီဇယ် ၂၆၉၀ ဒသမ ၈၇တန်၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၅၆၇၃ တန်ဖိုးရှိ ဓာတ်ဆီ ၁၀ တန် နဲ့ ကန်ဒေါ်လာ ၁၀၃၆၇ တန်ဖိုးရှိ ဒီဇယ် ၂၃ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၉၈၈၂၇ တန်ဖိုးရှိ ဒီဇယ် ၁၈၁ ဒသမ ၅၈၇ တန်နဲ့ ကန်ဒေါ်လာ၁၂၂၇၅၆ တန်ဖိုးရှိ ဓာတ်ဆီ ၂၄၄ ဒသမ ၆၉၂ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီ၊ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95)မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ်၆၃၀၊အောက်တိန်း (92) ကျပ် ၆၃၀ ၊ အောက်တိန်း (95) ကျပ် ၆၆၀၊ အဆင့်မြင့်ဒီဇယ် ၆၄၅ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ နိုဝင်ဘာလ ၁၅ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ်၁၂၂၀၀၀၊ ရောင်းဈေး ကျပ်၁၂၅၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ပြီး နိုဝင်ဘာ ၁၇ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၂၀၀၀ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ နိုဝင်ဘာ ၁၅ ရက် ဓာတ်ဆီဝယ်ဈေး ကျပ်၁၃၀၀၀၀၊ ရောင်းဈေး ကျပ်၁၃၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ဈေးကျလာပြီး ဓာတ်ဆီဈေး နည်းနည်းမြင့်လာခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီတစ်ဂါလန်ဈေးများမှာ ဒီဇယ်တစ်ဂါလန် ကျပ် ၂၆၀၀ ၊ ဓာတ်ဆီတစ်ဂါလန် ကျပ် ၂၈၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဓာတ်ဆီတစ်လီတာ ကျပ်၆၄၅ ၊ ဒီဇယ် ကျပ်၅၈၀၊ အဆင့်မြင့်ဒီဇယ် ကျပ်၆၄၅ ၊ အောက်တိန်း (92) ကျပ်၆၄၅နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ နိုဝင်ဘာ ၁၅ရက် မှာ ဒီဇယ် ဝယ်ဈေး ကျပ် ၁၂၂၀၀၀၊ ရောင်းဈေး ကျပ် ၁၂၄၀၀၀နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ နိုဝင်ဘာ ၁၇ ရက်တွင် ဝယ်ဈေး ၊ ရောင်းဈေး ကျပ် ၁၀၀၀ ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ နိုဝင်ဘာ ၁၅ ရက်နေ့တွင် ဝယ်ဈေး ကျပ် ၁၂၄၀၀၀ ၊ ရောင်းဈေး ကျပ် ၁၃၁၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ နိုဝင်ဘာ ၁၇ ရက်တွင် ဝယ်ဈေး ကျပ် ၁၀၀၀ ဈေးကျခဲ့သော်လည်း ရောင်းဈေး ဈေးငြိမ်ခဲ့တယ်လို့သိရပါတယ်။ ပြင်ပ လက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ကျပ် ၂၈၀၀၊ ဓာတ်ဆီ ကျပ် ၂၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဓာတ်ဆီနဲ့ဒီဇယ်ဈေးငြိမ်ခဲ့ပြီး အောက်တိန်းမှာ ဈေးအနည်းငယ်ကျလာခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ဓာတ်ဆီတစ်ဂါလန် ကျပ်၃၀၀၀၊ ဒီဇယ်တစ်ဂါလန် ကျပ်၃၁၅၀၊ အောက်တိန်း တစ်ဂါလန် ကျပ် ၂၉၇၀ နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ကျပ် ၃၁၀၀၊ ဒီဇယ် တစ်ဂါလန် ကျပ် ၃၁၀၀ ၊ အောက်တိန်း တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါ တယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဓာတ်ဆီ၊ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလန်ဈေးနှုန်းများမှာ ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၉၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလန် ၃၁၀၀ကျပ်၊ဒီဇယ်တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက် တစ်ပတ်အတွင်း ကျပ် ၂၀ ကျော်မြင့်တက်

ယခုတစ်ပတ်တွင်ပြည်တွင်းငွေလဲနှုန်းများသည် ဆက်လက်မြင့်တက်လျက်ရှိပြီး တစ်ပတ်အတွင်း အမြင့်ဆုံးဈေးအဖြစ် ကျပ် ၂၀ ကျော်မြင့်တက်ကာ ကျပ် ၁၃၂၀ ကျော်အထိ ရောက်ရှိခဲ့သည်။

ပြည်တွင်းငွေလဲနှုန်းများမြင့်တက်နေရခြင်းမှာ ကုမ္ပဏီကြီးအချို့၏ဈေးကစားမှုများကြောင့်ဖြစ်ရကြောင်း၊ ဈေးကွက်အတွင်း အဝယ်လိုက်နေသဖြင့်လည်း ဈေးများမြင့်တက်နေရခြင်းဖြစ်ကြောင်း၊ ဈေးမြင့်တက်လာသည့်အတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ များစွာ ထိခိုက်နစ်နာလျက်ရှိကြောင်း၊ ထိုကဲ့သို့ ဈေးကစားနေမှုများအား ဗဟိုဘဏ်က ဝင်ရောက်ထိန်းကျောင်းပေးဖို့လိုအပ်ကြောင်း ကုန်သည်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။ ဗဟိုဘဏ်အနေဖြင့်လည်း ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို နိုဝင်ဘာ ၁၈ ရက်က ၁၂၈၅ ကျပ်ဟု သတ်မှတ်ထားသော်လည်း ပြင်ပဈေးကွက်တွင်မူ ရောင်းဈေး ၁၃၂၂ ကျပ်၊ ဝယ်ဈေး ၁၃၁၇ ကျပ်ဟု သတ်မှတ်ခဲ့သည်။

ထို့ပြင် ပုဂ္ဂလိကဘဏ်များနှင့် ပြင်ပငွေလဲစင်တာများ၏ ငွေလဲနှုန်းများမှာ ကွာဟနေသကဲ့သို့ ပုဂ္ဂလိကဘဏ်များကလည်း လိုအပ်သလောက်ကို ရောင်းချပေးနိုင်ခြင်းမရှိသဖြင့် ပြင်ပဈေးကွက်တွင် ငွေလဲနှုန်းများ မြင့်တက်လာရခြင်းဖြစ်သည်ဟု ဆိုသည်။ ပြင်ပငွေလဲစင်တာများတွင် နိုဝင်ဘာ ၁၅ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၀၄ကျပ်၊ ဝယ်ဈေး ၁၂၉၉ ကျပ်ရှိခဲ့ရာမှ နိုဝင်ဘာ ၁၇ ရက်တွင် ရောင်းဈေး ၁၃၁၂ ကျပ်၊ ဝယ်ဈေး ၁၃၀၇ ကျပ်သို့မြင့်တက်ခဲ့သည်။ နိုဝင်ဘာ ၁၈ ရက်တွင် ရောင်းဈေး ၁၃၂၂ ကျပ်၊ ဝယ်ဈေး ၁၃၁၇ ကျပ်သို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းရွှေဈေး ပြန်လည်ကျဆင်းလာ

ယခုတစ်ပတ်အတွင်း ပြည်တွင်း ရွှေဈေးများ ပြန်လည်ကျဆင်းလာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ရွှေဈေး ကျဆင်းလာမှုနှင့်အတူ ပြည်တွင်းရွှေဈေးများ ကျဆင်းလာသော်လည်း ပြည်တွင်း၌ငွေလဲနှုန်းများမြင့်တက်လာမှုကြောင့် မြန်မာ့ရွှေဈေးသည် သိသိသာသာ ကျဆင်းသွားခြင်းမရှိကြောင်း ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ပြည်တွင်းရွှေဈေးများသည် ကမ္ဘာ့ရွှေဈေးမြင့်တက်သည့်နည်းတူ လိုက်ပါမြင့်တက်ခဲ့သဖြင့် ကျပ်ကိုးသိန်းနီးပါးအထိမြင့်တက်ခဲ့သည်။ ထို့နောက် ကမ္ဘာ့ရွှေဈေးပြန်လည်ကျဆင်းလာခဲ့သဖြင့် ပြည်တွင်းရွှေဈေးလည်း ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

“ကမ္ဘာ့ရွှေဈေးကျလာပေမယ့် ပြည်တွင်းရွှေဈေးက ထင်သလောက် ကျမလာဘူး။ ဒီမှာက ငွေလဲနှုန်းတွေ မြင့်တက်နေတော့ ရွှေဈေးက တော်တော်နဲ့ကျမယ် မထင်ဘူး။ ပြန်တက်ဖို့တော့ တာစူနေတယ်။ ရွှေဈေးကျသွားတဲ့အတွက် ဈေးကွက်ထဲမှာ အရောင်းအဝယ်တွေ ပြန်ဖြစ်လာတယ်”ဟု ရွှေကုန်သည် ဦးစံမြင့်ကဆိုသည်။ ပြည်တွင်းရွှေဈေးကွက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် နိုဝင် ဘာလ ၁၇ ရက်က ကျပ် ၈၆၅၀၀၀ ရှိခဲ့ရာမှ နိုဝင်ဘာ ၁၈ ရက်တွင် ကျပ် ၈၅၆၀၀၀ သို့ ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် နိုဝင်ဘာ ၁၇ ရက်က ၁၂၂၈ ဒေါ်လာရှိခဲ့ရာမှ နိုဝင်ဘာ ၁၈ ရက်တွင် ၁၂၀၆ ဒေါ်လာသို့ ကျဆင်းခဲ့သည်။

**မယ်သီတာ**

## မြန်မာနိုင်ငံသားများဘဏ်၏ အစုရှယ်ယာဈေးနှုန်းများ မြင့်တက်လာ

ပြီးခဲ့သည့်တစ်ပတ်က YSX တွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာဈေးနှုန်းများ ကျဆင်းခဲ့သော်လည်း ယခုတစ်ပတ်တွင် မြန်မာနိုင်ငံသားများဘဏ်မှ အစုရှယ်ယာဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံသားများဘဏ်၏အစုရှယ်ယာဈေးနှုန်းများ မြင့်တက်လာခဲ့သော်လည်း အရောင်းအဝယ်ဖြစ်မှု ပမာဏမှာ အနည်းငယ်သာရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသားများဘဏ်၏အစုရှယ်ယာဈေးနှုန်းများသည် နိုဝင်ဘာ ၁၅ ရက်က ကျပ် ၉၄၀၀ ရှိခဲ့ပြီး နိုဝင်ဘာ ၁၆ ရက်တွင် ကျပ် ၉၀၀၀ သို့ ကျဆင်းသွားခဲ့ကာ ရှယ်ယာ ၂၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့သည်။ သို့သော် နိုဝင်ဘာ ၁၇ ရက်ညနေပိုင်းတွင် ကျပ် ၉၅၀၀ သို့ မြင့်တက်လာခဲ့သည်။ နိုဝင်ဘာ ၁၈ ရက်တွင် ဆက်လက်မြင့်တက်ခဲ့ကာ ကျပ် ၉၆၀၀သို့ ရောက်ရှိခဲ့သည်။ ယင်းကဲ့သို့ ဈေးမြင့်တက်ခဲ့သော်လည်း နေ့စဉ်အရောင်းအဝယ်ဖြစ်မှု ပမာဏမှာ ရာဂဏန်းမျှသာရှိခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

November 18, 2016
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.35 |
| BDT | Bangladesh Taka | 79.77 |
| CAD | Canada Dollars | 1.35 |
| CNY | China Yuan Renminbi | 6.89 |
| EUR | Euro | 0.94 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 68.09 |
| I DR | Indonesia Rupiahs | 13426.80 |
| JPY | Japan Yen | 110.66 |
| MYR | Malaysia | 4.41 |
| PKR | Pakistan Rupees | 104.79 |
| PHP | Philippines Pesos | 49.78 |
| RUB | Russia Rubles | 64.90 |
| SGD | Singapore Dollars | 1.43 |
| KRW | South Korea Won | 1183.19 |
| LKR | Sri Lanka Rupe | 149.83 |
| THB | Thailand Baht | 35.61 |
| GBP | United Kingdom Pounds | 0.81 |
| VND | VietnamDon | 22482.39 |

*Source:xe.com*

## World Gold Price

November, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 14 | 1224 | 1224 | 1224 |
| 15 | 1223 | 1224 | 1225 |
| 16 | 1229 | 1229 | 1229 |
| 17 | 1229 | 1229 | 1229 |
| 18 | 1207 | 1208 | 1210 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 14-11-2016 | - | - |
| 15-11-2016 | 861.00 | 860.30 |
| 16-11-2016 | 863.00 | 862.50 |
| 17-11-2016 | 867.00 | 865.90 |
| 18-11 -2016 | 855.50 | 854.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

နိုဝင်ဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 14 | 6 .84 | 35.41 | 78.44 | 67.64 |
| 15 | 6. 86 | 35.38 | 78.72 | 67.79 |
| 16 | 6 87 | 35.49 | 78.40 | 67.85 |
| 17 | 6 .89 | 35.60 | 78.85 | 68.10 |
| 18 | 6.89 | 35.61 | 79.77 | 68.09 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 14 - November | - | - | - | - | - |
| 15 - November | 16.95 | 2595.94 | 1751.90 | 5517.12 | 938.00 |
| 16 - November | 17.17 | 2606.69 | 1745.63 | 5633.38 | 937.00 |
| 17- November | 16.57 | 2529.18 | 1715.17 | 5495.39 | 996.00 |
| 18- November | 16.60 | 2548.00 | 1721.44 | 5525.18 | 972.00 |

Source:kitco.com

## Energy NYMEX 18-11-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 45.03 | -0.39 | -0.86 |
| Brent Crude Futr (USD/bbl) | 40.22 | -0.27 | -0.58 |
| Gasoline Rbob Fut (Cent/gal) | 133.30 | -1.00 | -0.74 |
| Natural Gas Futr (USD/MMBtu) | 2.73 | 0.01 | 0.44 |
| Heating Oil Futr (Cent/gal) | 144.33 | -0.37 | -0.26 |

## ဘိလပ်မြေ



### ဘိလပ်မြေ တန်ချိန်၁၀၀ ကျော်သာဝင်

နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၂၃၈၂ တန်ဖိုးရှိဘိလပ်မြေ ၁၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ ထိုင်းနိုင်ငံထုတ် ဘိလပ်မြေများသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်တန်ချိန် ၂၆၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၅၀၀ ကျော်လျော့နည်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### တောင်ကြီး ဘိလပ်မြေဈေးကွက် အရောင်းအေး

နိုဝင်ဘာ ၆ရက်မှ ၁၂ ရက် အထိ သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင် ၁၂၅ တန် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၂၆၀၀ ကျော် နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၅၀၀ ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒီတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၁၇၄၈၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန်၁၂၁၆၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၅၃၁၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေအရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကြံ့(မြိုင်ကလေး)နဲ့ ဆင်က ဈေးငြိမ်နေပြီး စိန်က ကျပ် ၁၀၀ ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၃၅၀၊ ကြံ့ (မြိုင်ကလေး) ကျပ် ၄၆၅၀၊ စိန်(ထိုင်း) ကျပ် ၅၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိပြီး ဆင်နဲ့ စိန် ဘိလပ်မြေဈေး အနည်းငယ်ကျကာ ကျန်ဘိလပ်မြေများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၆၃၀၀၊ အေသုံးလုံးကျပ် ၅၂၀၀ ၊ အပါချီ ကျပ်၄၄၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါး ကျပ် ၄၆၀၀၊ ဆင်(ထိုင်း)ကျပ် ၆၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေကအရောင်းအဝယ် ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။ စိန်(ထိုင်း)က ပစ္စည်းပြတ်နေပြီး ဆင်၊မော်လမြိုင်(ဆင်)နဲ့ ကြံ့နှစ်ကောင် ဘိလပ်မြေဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၉၀၀၊ စိန်(ထိုင်း)ကျပ် ၅၄၀၀၊ ကြံ့နှစ်ကောင် (နီ) ကျပ် ၄၈၀၀ ၊ကြံ့နှစ်ကောင်(စိမ်း)ကျပ်၄၅၀၀၊ မော်လမြိုင် (ဆင်) ကျပ်၅၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်ပြီး အရောက်ဈေးအနေနဲ့ ဆင်(ထိုင်း) ကျပ်၅၆၀၀၊ စိန် (ထိုင်း) ကျပ်၅၃၀၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၄၄၀၀၊ ကြံ့နှစ်ကောင် (နီ)ကျပ် ၄၇၀၀ ဈေးရှိတယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေဩဇာ

### နိုင်ငံစုံမှ မြေဩဇာတန်ချိန် ၂၁၀၀၀ ကျော်ဝင်

နိုဝင်ဘာ ၆ရက်မှ ၁၂ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၃၅၄၇၃၂ တန်ဖိုးရှိ မြေဩဇာ ၂၁၆၃၂ ဒသမ ၄၄၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၆၆၈၈ ဒသမ ၇၀၃တန်၊ ရုရှားနိုင်ငံမှ ၆၄၁၆ ဒသမ ၄၈၅ တန်၊ ဗီယက်နမ်နိုင်ငံမှ ၁၁၁၂ ဒသမ ၁၀တန်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၂၈၈၀၊ စင်ကာပူနိုင်ငံမှ ၂၅၅၇ ဒသမ ၃၄၄ တန်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၇၀၀၊ ယူအေအီးနိုင်ငံမှ တန်ချိန်၆၆၀၊ ဂျပန်နိုင်ငံမှ တန်ချိန် ၆၀၀ နဲ့ မလေးရှားနိုင်ငံမှ ၁၇ ဒသမ ၈၁၄တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှအများဆုံးတင်သွင်းခဲ့ပြီး ဒုတိယတင်သွင်းမှု အများဆုံးနိုင်ငံမှာ ရုရှားနိုင်ငံဖြစ်ပြီး တတိယအများဆုံးနိုင်ငံမှာ ဗီယက်နမ်နိုင်ငံတို့ဖြစ်ပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ ရွှေနဂါးတော့ပ်ဝမ်း၊ ယူရီးယား၊ အမိုးနီးယားဆာလဖိတ်၊ နိုက်ထြိုဂျင်၊ ပိုတက်ဆီယမ်ဆာလဖိတ်၊ ဖလော်လာနဲ့ ကွန်ပေါင်း စတဲ့ တံဆိပ်များတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်တန်ချိန် ၃၂၀၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၈၀၀၀ ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### မကွေး၊ တောင်ကြီးနဲ့ မန္တလေးမြေဆီဈေးကွက်အရောင်းအေး

နိုဝင်ဘာ ၆ ရက်မှ ၁၂ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ တန်ချိန် ၂၁၆၃၀ ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်က တန်ချိန် ၃၂၀၀ ကျော်ဝင်ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၁၈၀၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ တန်ချိန် ၁၁၇၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၇၂၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၅၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မှာလည်း ဆောင်းသီးနှံစိုက်ပျိုးဖို့ ဝယ်ယူနေတာကြောင့် အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်)ကျပ် ၂၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၂၉၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား၊ တောင်သူမနဲ့ တီစူပါက ၂၀၀ကျပ်ဈေးကျလာပြီး ယူရီးယား(ရွှေတောင်-တရုတ်)က ၈၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ)ကျပ် ၁၆၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၅၂၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ်၁၅၅၀၀ ၊ အာမို၁၅ ပတ်လည် ကျပ်၃၅၅၀၀၊ အာမို၁၆း၁၆း၈ ကျပ် ၃၃၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)ကျပ် ၁၉၈၀၀၊ အာမို၁၀း၁၀း၅ ကျပ် ၁၆၀၀၀၊ အောင်ကမ္ဘာ၁၀း၁၀း၅ ကျပ်၁၈၀၀၀၊ တီစူပါ ကျပ်၁၈၇၀၀၊ တောင်သူမ ကျပ် ၁၅၁၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ် ၁၉၀၀၀ ၊ ဇာမဏီ ကျပ်၁၇၈၀၀ ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှစုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်အေးနေတယ်လို့ စိုက်ပျိုးရေး အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။ဈေးကွက်ထဲ မှာ ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်နေပြီး အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ကျပ်၁၉၀၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ်၁၉၇၀၀ ၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၀၃၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၅၀၀၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၆၅၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်)ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၉၀၀၀ ၊ မြားကမ္ဘာကျပ်၁၄၆၀၀ ဈေးနဲ့အရောင်း အဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်း မှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယားနဲ့ တီစူပါဈေးကျပြီး ပန်းသီးစုံ ဈေးနည်းနည်းမြင့်လာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ် ၁၉၂၀၀၊ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၁၉၀၀၀၊ တီစူပါ (၄၆%-တရုတ်) ကျပ် ၁၇၅၀၀၊ မြားသီးစုံ ကျပ် ၁၄၂၀၀၊ ပန်းသီးစုံ ကျပ် ၁၅၃၀၀၊ ကွန် ပေါင်း ၁၀း၁၀း၅ ကျပ် ၁၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နှံ့ဆီ /နှံ့မှုန့်

### နှံ့ဆီအဝင်ပိုပြီး နှံ့မှုန့်အဝင်လျော့

နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက် အထိ သီတင်းပတ်အတွင်း မလေးရှားနိုင်ငံမှ ကန်ဒေါ်လာ ၁၅၂၄၂၀ တန်ဖိုးရှိနှံ့ဆီ ၁၂၄ ဒသမ ဝ၂ တန်နဲ့ စင်ကာပူနိုင်ငံမှ ကန်ဒေါ်လာ ၁၅၂၃၃၀ တန်ဖိုးရှိနှံ့ဆီ ၁၂၄ ဒသမ ၂၀ တန်၊ စုစုပေါင်း ၂၄၈ ဒသမ ၂၂ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် နှံ့ဆီအဝင် ၁၉၈ တန်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန် ၅၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဂျာမနီနိုင်ငံမှ နှံ့မှုန့် ၃ ဒသမ ၁၈ တန်၊ မလေးရှားနိုင်ငံမှ ၄ ဒသမ ၂၀ တန်နဲ့ စင်ကာပူနိုင်ငံမှ ၄ ဒသမ ၄၂ တန်၊ စုစုပေါင်း ၁၁ ဒသမ ၈၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်တင်သွင်းခဲ့တဲ့ နှံ့မှုန့် ၂၁၉တန်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၀၀ ကျော်တင်သွင်းမှု လျော့ခဲ့ပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ နှံ့ဆီအဝင်ပိုပြီး နှံ့မှုန့်အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မူဆယ် ကုန်သွယ်ရေးဇုန်မှကန်ဒေါ်လာ ၃၉၈၇၂ တန်ဖိုးရှိ နှံ့ဆီ ၁၄ တန်နဲ့ မြဝတီ ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၀၈၁၅ တန်ဖိုးရှိ နှံ့ဆီ ၃၃ ဒသမ ၁၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

## သီတာဝင်း (DOT) စုစည်းသည်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၁၁ မှ ၁၁/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၁၀ မှ ၄/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ဂ၆၀၀ | ၂ဂ၆၀၅၀ | (-) | ၂၀၀၀၅၀ |
| ၂။ | လွယ်ဂျယ် | ၇ဂ၀၀၀ | ၂၇၀၀၀ | (+) | ၅၁၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၂၃၃၀၀ | ၃၃၇၀၀၀ | (-) | ၁၁၃၇၀၀ |
| ၅။ | တာချီလိတ် | ၂၇၀၀၀၀ | ၅၀၀၀၀ | (+) | ၂၂၀၀၀၀ |
| ၆။ | မြဝတီ | ၁ဂ၅၆၀ဂ | ၅၅၆၀၄၀ | (+) | ၁၃၀၀၀၂ဂ |
| ၇။ | ကော့သောင်း | ၆၅ဂ၀၀၀ | ၆၃၀၀၀၀ | (+) | ၂ဂ၀၀၀ |
| ၈။ | မြိတ် | ၃၂၅၀၀၀ | ဂဂ၅၀၀ | (+) | ၂၃၆၅၀၀ |
| | စုစုပေါင်း | ၁၇၄ဂ၅၀ဂ | ၁၂၁၆၇၉၀ | (+) | ၅၃၁၇၇ဂ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၁၁ မှ ၁၁/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၁၀ မှ ၄/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၄၁၅၇၀၀ | ၁၁၄၄၉၇၅၀ | (-) | ၂၀၃၄၀၅ |
| ၂။ | လွယ်ဂျယ် | ၉၄၀၀၀ | ၁၄၂၉၀၀ | (-) | ၄ဂ၉၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၇၅၀၀ | ၂၇၉ဂ၅၀ | (-) | ၂၆၂၃၅ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၁၆၂၇၄၂၄ | ၁၃ဂဂ၉၆၀ | (+) | ၃၂ဂ၄၆၄ |
| ၆။ | ကော့သောင်း | ၁၅၀၀၀၀ | ၃၀၀၀၀၀၀ | (-) | ၂ဂ၅၀၀၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၄၀၀၀၀၀ | ၉၅၀၀၀၀ | (-) | ၅၅၀၀၀ |
| | စုစုပေါင်း | ၁၁၇၀၄၆၂၄ | ၁၇၂၁၁၄၆၀ | (-) | ၅၅၀၆ဂ၃၆ |

ခင်မိုးသူ

## နှမ်း

# မူဆယ်နဲ့ မြဝတီမှ နှမ်းနက်နဲ့ ချင်းရွှေဟော်မှ နှမ်းရောင်စုံတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၄၀၀၀ တန်ဖိုးရှိ နှမ်းနက် ၁၆ တန်နဲ့ မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၄၂၀၀၀ တန်ဖိုးရှိ နှမ်းနက် ၂၈ တန် တင်ပို့ခဲ့ပါတယ်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၉၇ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၂၄၁၂ တန်ကျော် တင်ပို့ခဲ့ရာ နှမ်းဖြူ တန် ၃၉၀ ကျော်၊ နှမ်းနက် ၁၉၇၆ တန်ကျော်နဲ့ နှမ်းညို ၄၅ တန်ပါဝင်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်နဲ့ မြဝတီမှ နှမ်းတင်ပို့မှုမရှိဘဲ ချင်းရွှေဟော်မှ တင်ပို့ခဲ့တဲ့နှမ်း ၂၈၇၆ တန် ကျော်နဲ့ နှိုင်း ယှဉ်ရင်တန် ၄၀၀ ကျော် လျော့နည်းတင်ပို့တာ တွေ့ရပါတယ်။

မူဆယ် ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူ တစ်တန်ကို ၁၂၈၅၉၈၁ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၁၂၉၈၁၁၃ ကျပ်သို့လည်းကောင်း၊ နှမ်းနက် (စမုံ) ၂၄၀၇၄၇၇ ကျပ်မှ ၂၄၃၀၁၈၉ ကျပ်သို့ လည်းကောင်း နှမ်းဈေးများ မြင့်တက်လာခဲ့ပါတယ်။

**မော်မော်အောင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၈-၁၁-၂၀၁၆) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမန | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၅၀ | △ |
| ရန်ကုန် | ၃၉၀၀ | ၃၉၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၈၀၀ | ၁၈၃၀ | △ |
| မန္တလေး | ၃၂၀၀ | ၃၂၀၀ | □ | ၃၀၀၀ | ၃၀၀၀ | □ | ၁၈၀၀ | ၁၉၄၀ | △ |
| ပဲခူး | ၃၈၀၀ | ၃၈၀၀ | □ | ၄၈၀၀ | ၄၆၀၀ | ▽ | ၁၈၂၀ | ၁၉၀၀ | △ |
| မကွေး | ၃၇၀၀ | ၃၇၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၈၃၀ | ၁၈၅၀ | △ |
| မုံရွာ | ၃၁၀၀ | ၃၁၀၀ | □ | ၃၁၀၀ | ၃၁၀၀ | □ | ၁၉၀၀ | ၁၉၆၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၈-၁၁-၂၀၁၆ **US$/Ton**

| အမျိုးအစား | နိုဝင်ဘာဒုတိယပတ် | နိုဝင်ဘာတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၈၆.၀၀ | ၆၇၉.၀၀ | △ |
| **RBD P.Olein** | ၆၈၈.၀၀ | ၇၀၂.၅၀ | △ |
| **RBD P.Strarin** | ၆၉၄.၅၀ | ၇၁၂.၅၀ | △ |

*Source: econ.mpob*

## စားအုန်းဆီ

# ပြည်ဈေးကွက်တွင် စမုံနက်နှမ်းဝယ်လက်အဝယ်လိုက်လာ၍ဈေးပြန်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် စမုံနက်နှမ်း အဝယ်လိုက်သဖြင့် ဈေးအနည်းငယ် ပြန်တက်လာတာတွေ့ရပါတယ်။ မြန်အောင်နဲ့ပေါက်ခေါင်းဘက်မှ တစ်နေ့လျှင် အိတ် ၅၀၀ ခန့် အဝယ်ရှိသဖြင့် မိုးနှမ်း အဝင်နည်းသွားတာ တွေ့ရပါတယ်။ အဝင်နည်းသွားချိန် မန္တလေးဝယ်လက်များက စမုံနက်နှမ်း အဝယ်ရှိသဖြင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးအနည်းငယ် မြင့်လာတာတွေ့ရပါတယ်။ ယခု တစ်ပတ်နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၇၆၀၀ နဲ့ နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၆၇၀၀ ဖြင့် ယခင်တစ်ပတ်နဲ့ နှိုင်း ယှဉ်လျှင် ဈေးအနည်းငယ် ပြန်ကျလာတာ တွေ့ရပါတယ်။ နှမ်းနီနဲ့နှမ်းနက်မှာ ဝယ်လက်ပျောက်နေသဖြင့် ဈေးပြန်ကျတာဖြစ်တယ်လို့ သိရပါတယ်။ စမုံနက်နှမ်းမှာ တစ်တင်းလျှင် ကျပ် ၄၈၃၀၀ ဖြင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တစ်တင်းလျှင် ကျပ် ၁၇၀၀ ဈေးမြင့်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၈- ၁၁ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၈၃.၃၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၉၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၉၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၁၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၆.၅၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၄၂.၈၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၃၅.၉၁၈ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၈-၁၁-၂၀၁၆နေ့ (CIF ဈေး Cloud Point 8˚C Max ၇၅၀ ဒေါ်လာနှင့် USD ဈေး ၁၂၉၂ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၈-၁၁-၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၂၉၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ပဲပုပ်ဆီဈေးနှုန်း မြင့်တက်မှုနှင့်အတူ မလေးရှားနိုင်ငံ စားအုန်းဆီဈေးနှုန်းလည်း မြင့်တက်

အမေရိကန်နိုင်ငံ ချီကာဂိုကုန်သွယ်မှု ဘုတ်အဖွဲ့နှင့် တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တို့တွင် ပြိုင်ဖက် ဟင်းရွက်ဆီဖြစ်သော ပဲပုပ်ဆီဈေးနှုန်းများ မြင့်တက်ပြီးနောက် နိုဝင်ဘာ ၁၆ရက်က မလေးရှားနိုင်ငံ၏ စားအုန်းဆီ ကြိုရောင်းဈေးလည်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည် မြင့်တက်လာသည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) တွင် ဖေဖော်ဝါရီအတွက် ချုပ်ဆိုသော စားအုန်းဆီ၏ အခြေခံစံထား ဈေးနှုန်းမှာ ၁ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်တန်ကို ၂၈၅၅ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၅၇)နှုန်း ရှိခဲ့သည်။ ရောင်းချရသည့် ပမာဏမှာ ၂၅တန်ရှိ အတွဲပေါင်း ၅၁၃၂၇တွဲ ရှိသည့်အတွက် ၂၀၁၅ ခုနှစ်က နေ့စဉ်ပျမ်းမျှ ရောင်းချခဲ့ရသော အတွဲ ၄၄၆၀၀ထက် ပိုမိုရောင်းချခဲ့သည်ကို တွေ့ရသည်။

စားအုန်းဆီ ဈေးကွက်မှာ ရက်အနည်းငယ် မတည်မငြိမ် ဖြစ်နေရာမှ ပြန်လည်တည်ငြိမ်စ ပြုလာပြီဖြစ်ကြောင်း ကုန်သည်များက ပြောသည်။ ယခင်ရက်များအတွင်းက စားအုန်းဆီဈေးနှုန်း အခြေအနေကိုကြည့်ပါက အတက်အကျများ ရှိခဲ့သည်ကို တွေ့ရသည်။ စားအုန်းဆီ ဈေးသည် နိုဝင်ဘာ ၁၁ရက်က တစ်တန်ကို ၃၀၈၉ ရင်းဂစ်နှုန်း ရောက်ရှိကာ လေးနှစ်အတွင်း အမြင့်ဆုံးနှုန်း ဖြစ်ခဲ့သည်။ အဓိကအားဖြင့် မလေးရှားနိုင်ငံသုံး ငွေကြေးဖြစ်သော ရင်းဂစ်တန်ဖိုးကျဆင်းမှုကြောင့် ယခုကဲ့သို့ စားအုန်းဆီဈေးမြင့်တက်ခဲ့ခြင်းဖြစ်သည်။ သို့သော် နိုင်ငံခြားငွေကို ရင်းဂစ်နှင့် ဖလှယ်၍ ဝယ်ယူမည်ဆိုပါက စားအုန်းဆီဈေး သက်သာသည်ကိုတွေ့ရသည်။

နိုဝင်ဘာ ၁၄ရက်တွင်မူ ငွေကြေးဈေးကစားမှုကို တရုတ်နိုင်ငံက ထိန်းချုပ်တော့မည် ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လာပြီးနောက် တရုတ်နိုင်ငံက ဒါလီယံကုန်စည်ဒိုင်တွင် ပဲပုပ်ဆီဈေးများ ကျဆင်းခဲ့သည်။ အလားတူပင် မလေးရှား စားအုန်းဆီဈေးကလည်း လေးလအတွင်း အနိမ့်ဆုံး ဈေးသို့ ကျဆင်းခဲ့သည်။

စားအုန်းဆီနှင့် ပဲပုပ်ဆီတို့မှာ ကမ္ဘာ့စားသုံးဆီ ဈေးကွက်တွင် ဈေးကွက်ဝေစုကို အပြိုင်လုလျက်ရှိကြရာ ပဲပုပ်ဆီ၏ဈေးနှုန်း အတက်အကျကလည်း စားအုန်းဆီဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှု ရှိသည်ကို တွေ့ရသည်။

အမေရိကန်နိုင်ငံ ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ဒီဇင်ဘာအတွက် ချုပ်ဆိုသော ပဲပုပ်ဆီကြိုရောင်းဈေးမှာ သုညဒသမ ၆ရာခိုင်နှုန်း မြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံ ကုန်စည်ဒိုင်တွင် ဇန်နဝါရီအတွက်ချုပ်ဆိုသော ပဲပုပ်ဆီကြိုရောင်းဈေးသည် ၁ဒသမ ၄ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

စားအုန်းဆီ လက်ကျန်မြင့်တက်မှုကြောင့် ဈေးနှုန်းများ ကျဆင်းမှုကို ကာကွယ်နိုင်ရန် သယ်ယူပို့ဆောင်ရေးနှင့် စက်မှုကဏ္ဍများတွင် လိုက်နာဆောင်ရွက်ရမည့် ဇီဝဒီဇယ်အစီအစဉ်ကို မလေးရှားအစိုးရက သတ်မှတ်ပေးခဲ့သည်။ အစီအစဉ်အရ ဒီဇယ်ဆီကို အသုံးပြုရာတွင် စားအုန်းဆီကို အချိုးကျရော၍ သုံးစွဲရမည်ဖြစ်သည်။ စားအုန်းဆီကြမ်း ဈေးနှုန်းမှာ ပြန်လည် မြင့်တက်လာပြီး နောက်ပိုင်းတွင် ဒီဇယ်နှင့် စားအုန်းဆီ ရောစပ်ရာတွင် စားအုန်းဆီကို ပိုမို ရောစပ်ရန် သတ်မှတ်ပေးမည့် အစီအစဉ်ကို မလေးရှား နိုင်ငံက လောလောဆယ် ရပ်ဆိုင်းထားကြောင်း ခြံစိုက်ပျိုးရေးဝန်ကြီးမာဆို့ကျောင်းက ပြောသည်။

ဒီဇယ်ဆီတွင် စားအုန်းဆီရောနှော အသုံးပြုရမည့် အစီအစဉ် (Biodiesel Mandate) ကို လက်ရှိသတ်မှတ်ချက်အတိုင်း အကောင်အထည်ဖော်မည်ဆိုပါက တစ်နှစ်ကို စားအုန်းဆီကြမ်း တန်ခုနစ်သိန်းကျော် သုံးစွဲရမည်ဖြစ်ပြီး တစ်နှစ်ကို ဒီဇယ်လီတာ သန်း၈၂၀အထိ အကုန်အကျ သက်သာနိုင်သည်။

**ဉာဏ်တင်**

# Re-export ကုန်သွယ်မှုကြောင့် အကျိုးဖြစ်ထွန်းလာတဲ့ မြန်မာနိုင်ငံ

**KMYT**



အစိုးရသစ်တာဝန်ယူခဲ့ပြီးနောက် ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် ပို့ကုန်သုံးဆမြှင့်တက်စေရမည်ဟူသည့် ရည်မှန်းချက်ကို လက်ကိုင်ထားကာ ပို့ကုန်မြှင့်တင်ရေးကို အဓိကထားပြီး လုပ်ဆောင်ခဲ့ပါတယ်။

ပြည်တွင်းမှာ အဓိကပို့ကုန်တွေ ဖြစ်တဲ့ ဆန်စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ သဘာဝဓာတ်ငွေ့နဲ့သတ္တုကဏ္ဍတွေမှာ ပို့ကုန်တင်ပို့မှုဟာ ခါတိုင်းနှစ်တွေထက် လျော့ကျခဲ့တာကြောင့် ပို့ကုန်တိုးမြှင့်ရေးကို ဦးတည်ဆောင်ရွက်ခဲ့ရတာဖြစ် ပါတယ်။

ပို့ကုန်တိုးတက်မှုရှိမှသာနိုင်ငံတော်ရဲ့ တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်နေတဲ့အခွန်ဝင်ငွေများ ရရှိနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ပို့ကုန်ပိုင်းကိုကြည့် မယ်ဆိုရင် လယ်ယာစိုက်ပျိုးရေးထွက်ကုန်ဟာ ပို့ကုန်ပမာဏဒုတိယနေရာမှာ ရှိနေပေမယ့် နည်းပညာအားနည်းချက်တွေကြောင့် ထုတ်လုပ်မှုပိုင်းမှာ အရည်အသွေးရော အရေအတွက်ပါ ကျဆင်းခဲ့ရပါတယ်။ အဲဒီလို အရည်အသွေးရော အရေအတွက်ပါ ကျဆင်းခဲ့ရတဲ့ အတွက် ပြည်ပနိုင်ငံများကို တင်ပို့ရာ မှာ အဖက်ဖက်က အားနည်းနေခဲ့ရပါတယ်။ ဒါတွေကို ကျော်လွှားနိုင်ဖို့အတွက် တစ်ဖက်နိုင်ငံရဲ့အခြေအနေ အရပ်ရပ်ကို ကြည့်ပြီး ပို့ကုန်တင်ပို့မှုကို ဆောင်ရွက်နေရတာဖြစ်တာကြောင့် ပို့ကုန်ပိုင်းမှာ လျော့ကျခဲ့ရပြီး ကုန်သွယ်မှု လိုငွေတွေ ပြနေခဲ့တာကို သိရှိခဲ့ရပါတယ်။

ဒါ့အပြင် ၂၀၁၅ခုနှစ်ကတည်းက တင်ပို့မှုလျော့ကျခဲ့တဲ့ သဘာဝဓာတ်ငွေ့ ကဏ္ဍက အမေရိကန်ဒေါ်လာ တစ်ဘီလီယံ လျော့ကျခဲ့သလို ဓာတ်သတ္တုကဏ္ဍမှာလည်း အမေရိကန်ဒေါ်လာ သန်း ၂၀၀ လျော့ကျခဲ့တာကြောင့် ပို့ကုန်တင်ပို့မှုအပိုင်းမှာ လျော့ကျခဲ့ရတာ ဖြစ်ပါတယ်။

ဒါကြောင့် အစိုးရသစ်လက်ထက် မှာပို့ကုန်သုံးဆမြှင့်တက်ရေးကို အဓိက ဦးတည်ပြီး လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ပို့ကုန်တိုးတက်စေဖို့အတွက် မိမိ နိုင်ငံတွင်းကထွက်ရှိတဲ့ ပြည်တွင်းထုတ် ကုန်တွေကို အားကိုးနေ၍ မရတာကြောင့် Re-export စနစ်ကို ကျင့်သုံး ပြီး ပို့ကုန်တိုးမြှင့်နိုင်ဖို့ စီမံချက်ချမှတ်ပြီး လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနဟာ ၂၀၁၅ ခုနှစ်အောက် တိုဘာလအတွင်းမှ စတင်ကာ Re-export စနစ်ကို ကျင့်သုံးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီစနစ်ကိုကျင့်သုံးဖို့အတွက် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ တရုတ် နိုင်ငံရဲ့အဓိကသွင်းကုန်ပစ္စည်းတစ်ခုဖြစ်တဲ့သကြားကို Re-export စနစ်နဲ့တင်သွင်းနိုင်ဖို့ လုပ်ဆောင်ခဲ့ပါတယ်။

အဲဒီလိုလုပ်ဆောင်ရာမှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်အထိ သကြားတန်ချိန်ပေါင်း ၁၈၆၅၃၅၃ တန် တင်ပို့ နိုင်ခဲ့ပြီး နိုင်ငံတော်အတွက် အခွန်ငွေ ကျပ်သန်းပေါင်း ၆၀၁၅၇ ဒသမ ၆၃၄ သန်း ရရှိခဲ့ပါတယ်။

Re-export စနစ်ကို ကျင့်သုံးခဲ့ တဲ့အတွက် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ အလုပ်သမားများ စသည့် Re-export လမ်းကြောင်းတစ်လျှောက်မှာ ပါဝင်လှုပ်ရှားနေသူများအားလုံး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခဲ့ပါတယ်။

ဒါကြောင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ ပို့ ကုန်ဝင်ငွေများ ပိုမိုတိုးတက်ရရှိစေဖို့ အတွက် စက်သုံးဆီ၊ ဝါဂွမ်း၊ ကွမ်းသီး၊ နှမ်းဖြူ နှမ်းနက်၊ မြေပဲ၊ ငရုတ်သီး ခြောက်၊ ပဲပုပ်၊ ချည်မျှင်၊ ကြက်သွန်ဖြူ နဲ့ ကားတာယာတို့ကိုလည်း Re-export စနစ်နဲ့ ကုန်သွယ်ခွင့်ပြုပေးခဲ့ပြီဖြစ်ပါတယ်။

Re-export စနစ်ဟာ တစ်ဖက် နိုင်ငံရဲ့ဈေးကွက်လိုအပ်ချက်ကိုကြည့် ပြီး လိုအပ်ချက်ရှိတဲ့အချိန်မှသာတင်ပို့ လို့ရတဲ့စနစ်ဖြစ်ပါတယ်။ အဲဒီလိုတင်ပို့ ရာမှာ မိမိနိုင်ငံက လုပ်ငန်းရှင်တွေ အနေနဲ့ တင်ပို့ရတာဖြစ်ပါတယ်။ ဒါ့ အပြင် စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့လည်း ဈေးကွက်ရှာဖွေပေးရသလို တစ်ဖက်နိုင်ငံနဲ့ ညှိနှိုင်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံဟာ သကြားစားသုံးမှုအများဆုံးနိုင်ငံဖြစ်ပါတယ်။ ယခင်က မြန်မာနိုင်ငံကသကြားကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပေမယ့်လည်း မြန်မာနိုင်ငံရဲ့သကြားထွက်ရှိမှုပမာဏဟာ တရုတ်နိုင်ငံရဲ့ဈေးကွက်လိုအပ်ချက်ကို ပြည့်မီနိုင်ခြင်းမရှိတာကြောင့် အခုလို Re-export စနစ်ကို ကျင့်သုံးပြီး သကြားတင်သွင်းဖို့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

Re-export စနစ်ရဲ့သကြားတင်ပို့ တဲ့လုပ်ငန်းစဉ်ကြောင့် အမေရိကန်ဒေါ် လာသန်း ၇၀၀ ခန့်ရရှိခဲ့သလို CMP လုပ်ငန်းမှလည်း အမေရိကန်ဒေါ်လာ ၁၀၄၅သန်းရရှိခဲ့တဲ့အတွက် ပို့ကုန်ရငွေ ပိုင်းမှာ အမေရိကန်ဒေါ်လာ ၅၅၂ သန်း ပိုလာရတာဖြစ်ပါတယ်။

Re-export စနစ်ကို ကျင့်သုံးတဲ့ တွက် ပို့ကုန်လုပ်ငန်းရှင်များသာမက ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်မှာရှိတဲ့သူတွေအားလုံးအကျိုးအမြတ် ဖြစ်ထွန်းစေခဲ့ပါတယ်။

နိုင်ငံတကာမှာလည်း Re-export စနစ်ကို ကျင့်သုံးပြီးနိုင်ငံရဲ့ ပို့ကုန်ပမာဏ မြင့်တက်အောင်လုပ်ဆောင်နေကြတာကို လေ့လာသိရှိရပါတယ်။

အာဆီယံဒေသတွင်းနိုင်ငံတစ်နိုင်ငံ ဖြစ်တဲ့စင်ကာပူနိုင်ငံဟာလည်း Re-export စနစ်ကိုကျင့်သုံးပြီး ပို့ကုန်ပိုင်းမှာ တိုးတက်အောင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ စင်ကာပူ နိုင်ငံဟာ ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သလို Re-export စနစ်ကိုလည်း အဓိကထားပြီး နိုင်ငံရဲ့ဝင်ငွေကို အများဆုံးရှာဖွေပေးနေတာဖြစ်ပါတယ်။

ဒါ့အပြင်အာရှရဲ့ကျားတစ်ကောင် ဖြစ်လာတဲ့ ဟောင်ကောင်ဟာလည်း Re-export စနစ်ကို ကျင့်သုံးပြီး ကုန်သွယ်မှုကိုဆောင်ရွက်ခဲ့ရာမှာ တစ်နှစ် ကို အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀၀ ကျော်ခန့်ရရှိခဲ့တယ်လို့ သိရပါတယ်။

Re-export လုပ်ငန်းဟာ နိုင်ငံ အတွက်ရော နိုင်ငံသားတွေအတွက်ပါ ကုန်ထုတ်လုပ်မှုမရှိဘဲ အကျိုးအမြတ်ရရှိစေတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အကျိုး၊ နိုင်ငံသားများအကျိုးစီးပွားအတွက် Re-export စနစ်ကို ဆက်လက်ဆောင်ရွက်သင့်လှပါတယ်။

Re-export စနစ်ကို ဆောင်ရွက်တဲ့အတွက် ပို့ကုန်ပမာဏ တိုးတက်လာတာကြောင့် ပြည်ထောင်စုဝန်ကြီးလမ်း ညွှန်ခဲ့တဲ့ပို့ကုန်သုံးဆတိုးမြှင့်ရေးရည်မှန်းချက်ကိုလည်း အထောက်အကူပြုစေနိုင်မှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

## EU Export Opportunities for Home Deco, Home Textile & Gifts Producers in Myanmar အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်

နယ်သာလန်နိုင်ငံCentre for the Promotion of Export (CBI)မှကြီးမှူး၍Export Promotion to Europe for Home Deco, Home Textile & Gifts Producers in Myanmar ခေါင်းစဉ်ဖြင့် National Workshop တစ်ခုကို ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဦးစီးမှူးရုံးတွင် နိုဝင်ဘာလ ၁၆ ရက်ကကျင်းပခဲ့သည်။ မြန်မာနိုင်ငံမှ အိမ်အလှဆင်နှင့် အသုံးအဆောင်ပစ္စည်းများ၊ အိမ်အသုံးအဆောင် အဝတ်အထည်များနှင့် လက်ဆောင်ပစ္စည်း ပို့ကုန်လုပ်ငန်းရှင်များအား ဥရောပဈေးကွက်သို့ မိမိတို့ပို့ကုန်များ တင်ပို့ရောင်းချနိုင်မည့် အခွင့်အလမ်းများကို သိရှိစေရန်နှင့် မြန်မာ့လက်မှုအနုပညာနှင့် အိမ်အလှဆင်နှင့် အသုံးအဆောင်ပစ္စည်းကဏ္ဍ လေ့လာမှုကို သိရှိနိုင်ရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်း ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဂျာမနီနိုင်ငံ IDC Unternehmensberatung Gmb မှ အထွေထွေမန်နေဂျာ Mr.Alfons Eiligmann က လက်မှုပစ္စည်းပို့ကုန်ကဏ္ဍတွင် CLMVများအနက် မြန်မာနိုင်ငံအနေဖြင့်အဆင့် ၃ နေရာတွင်ရှိကြောင်းနှင့် အဆိုပါကဏ္ဍတွင်ထိပ်တန်းရောက်ရှိနေသည့် ဗီယက်နမ်နိုင်ငံကဲ့သို့ ပို့ကုန်မြှင့်တင်နိုင်မည့်အခွင့်အလမ်းနှင့် အလားအလာကောင်းများ စွာပိုင်ဆိုင်လျက်ရှိကြောင်းကို Powerpoint Presentation များဖြင့်ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် The AMBIENTE trade fair in Germany: A market hub for export worldwide ခေါင်းစဉ်ဖြင့် Frankfurt Trade Fair မှ တာဝန်ရှိသူတစ်ဦးက မြန်မာလက်မှုနှင့် အိမ်တွင်းမှုပစ္စည်းများ သွားရောက်ပြသရန်သင့်လျော်သည့် ၂၀၁၇ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ကုန်စည်ပြပွဲဆိုင်ရာ အခွင့်အလမ်းနှင့် အလားအလာကောင်းများကို Power-point Presentation များဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် ဗီယက်နမ်နိုင်ငံ လက်မှုပစ္စည်း ပို့ကုန်လုပ်ငန်းရှင်များအသင်း (VIETCRAFT) ဥက္ကဋ္ဌ Mr. Le Ba Ngoc က ဗီယက်နမ်နိုင်ငံ၏ လက်မှုနှင့် အိမ်တွင်းမှုပစ္စည်းကဏ္ဍအကြောင်းနှင့် ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးတင်ပြခဲ့ပါသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများကို အစိုးရနှင့်အသင်းအဖွဲ့များဆိုင်ရာအဖွဲ့၊ ဝါးနှင့်ကြိမ်ထည်ပစ္စည်းဆိုင်ရာအဖွဲ့၊ အထည်အလိပ်အဖွဲ့နှင့်၊ အိမ်တွင်းမှုပစ္စည်းနှင့် အခြားအဖွဲ့ဟူ၍ အဖွဲ့ငယ် ၄ ဖွဲ့ခွဲကာ သက်ဆိုင်ရာကဏ္ဍအလိုက် စိန်ခေါ်မှု၊ အခွင့်အလမ်းနှင့် လိုအပ်ချက်များကို ဆွေးနွေးစေကာ အဖွဲ့တစ်ခုစီ၏ ရလဒ်များကိုပြန်လည်ဝေမျှဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကောင်းထွဋ်အောင်**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီးတို့တွေ့ဆုံ

အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်လင်းသည် ဝါရှင်တန်ဒီစီရှိ အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ အာရန်အမ်ကူးမားနှင့် နိုဝင်ဘာ ၇ ရက် က အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံခဲ့ သည်။

ထိုကဲ့သို့တွေ့ဆုံရာတွင် အမေရိကန် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာ အာရန်အမ်ကူးမားက မြန်မာနိုင်ငံရှိ အမေရိကန်သံရုံးတွင် ကူးသန်းရောင်းဝယ် ရေးဌာနခွဲဖွင့်လှစ်ထားပြီး၊ အမေရိကန် အသေးစားလုပ်ငန်းများအား ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်လည်း နှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ထိတွေ့ရန် အရေးကြီးကြောင်း ပြောဆိုခဲ့သဖြင့် ယခုအချိန်သည် အရေးကြီးသည့် အချိန်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံမှ ချမှတ်ထားသည့် စီးပွားရေးအရေးယူ ပိတ်ဆို့မှုများ ဖယ်ရှားခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီအချိန်အတွင်း အမေရိကန် စီးပွားရေးလုပ်ငန်းများ ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ သွားရောက်ရန်ရှိပြီး ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်လည်း တွေ့ဆုံရန် အစီအစဉ်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးဆက်ဆံဆောင်ရွက်မှု အလားအလာကောင်းမွန်ရန် အမေရိကန်ဘဏ်များ မြန်မာနိုင်ငံ၌ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အခြေခံ အဆောက်အအုံကဏ္ဍတွင် ပူးပေါင်း ဆောင်ရွက်နိုင်မည့် Infrastructure Collaboration Platform တည်ဆောက်နိုင်ကြောင်း၊ သတ်မှတ် အချိန်ကာလတွင် အသေးစိတ် အကြောင်းအရာများ ဆွေးနွေးလိုပါကြောင်း၊ ရန်ကုန်ကဲ့သို့သော မြို့ပြဖွံ့ဖြိုးပြီးဧရိယာများတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး စီမံချက်ကဲ့သို့သော လုပ်ငန်းများတွင် အမေရိကန်ကုမ္ပဏီများမှ ဝင်ရောက် လုပ်ကိုင်နိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ Export promotion အတွက် သင်တန်းပေးအပ်ရန်ရှိကြောင်း၊ ပို့ကုန်အပြန်အလှန် တိုးတက်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးရန်ရှိပါကြောင်း၊ အမေရိကန်-မြန်မာ အိုင်စီတီ ကောင်စီမှ အိုင်စီတီဥပဒေမူဘောင် ရေးဆွဲရန် ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် မြန်မာ သံအမတ်ကြီး ဦးအောင်လင်းက ပြန်လည် ဆွေးနွေးရာတွင် မြန်မာနိုင်ငံသည် ယခင်က အမေရိကန် စီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့ရန် အခွင့်အရေးမရရှိခဲ့သဖြင့် ယခုအချိန်သည် မြန်မာ့သမိုင်းတွင် အရေးပါသော အချိန်တစ်ချိန်ဖြစ်ကြောင်း၊ မြန်မာ စီးပွားရေးလုပ်ငန်းများကလည်း အတူတကွ ပူးပေါင်းဆောင်ရွက်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး ဌာနနှင့်မိတ်ဆွေနိုင်ငံခြားရေးဝန်ကြီးဌာန များအကြား ပုံမှန်ဆက်သွယ်ဆောင်ရွက်၍ ရနိုင်သည့် Foreign Service Consulation ယန္တရားတစ်ရပ် ထူထောင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နှစ်ခုအကြား ဆက်ဆံဆောင်ရွက်၍ ရနိုင်သော ယန္တရားတစ်ရပ် (သို့မဟုတ်) အစီအစဉ်တစ်ခု တည်ထောင်ပါက အကျိုးရှိမည်ဟု ယူဆကြောင်း၊ နိုင်ငံတိုင်းမှ မြန်မာနိုင်ငံ၏ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးကို ပြောဆိုလျက်ရှိကြောင်း၊ မိမိတို့အနေနှင့် အတူလက်တွဲ ဆောင်ရွက်နိုင်သည်ကို ဦးစွာဆွေးနွေးခြင်းက ပိုမိုကောင်းမွန်သည်ဟု ထင်မြင်ပါကြောင်း၊ အမျိုးသားစီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းမှု ကော်မတီသည် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအား ဘက်စုံ ပေါင်းစပ်ညှိနှိုင်းပေးလျက်ရှိကြောင်း၊ တစ်ခုနှင့်တစ်ခု ထပ်မနေစေရန် ညှိနှိုင်းပေးလျက်ရှိကြောင်း၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာ ရောင်းဝယ်မှုများနှင့် စပ်လျဉ်း၍ ယခုအခါ တိုင်းပြည်ဝင်ငွေ ရရှိရေးအတွက် နိုင်ငံတကာစံနှုန်းများနှင့် အညီ လုပ်ဆောင်ရန် ရှိကြောင်း၊ တရားဝင်ရောင်းဝယ်မှု ဖြစ်စေရန် နိုင်ငံတော်မှ ရည်ရွယ်ထားပါကြောင်း၊ မြန်မာနိုင်ငံမှ ငွေလွှဲပို့ကိစ္စရပ်များ ဆောင်ရွက်၍ မရသေးကြောင်း၊ မြန်မာသံရုံးသည် ပင်လျှင် ငွေလွှဲပို့မရသည်မှာ အဓိကအခက်အခဲဖြစ်ကြောင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

## ငွေစက္ကူအချို့အား ပိတ်ပင်လိုက်ခြင်းကြောင့် တာရှည်မခံသည့် စားသုံးကုန်ဈေးကွက်ကို ရိုက်ခတ်နိုင်

အိန္ဒိယနိုင်ငံတွင် ရူပီး ၅၀၀ တန်နှင့် ၁၀၀၀ တန်ငွေစက္ကူများအား ပိတ်ပင်လိုက်သည့် ရည်ရွယ်ချက်မှာ နိုင်ငံစီးပွားရေး တိုးတက်ကောင်းမွန်လာစေရန် အစိုးရက စီမံကိန်းချကာ ဆောင်ရွက်ခြင်းပင်ဖြစ်သော်လည်း၊ အွန်လိုင်းစနစ်သုံး စီးပွားရေးလုပ်ငန်းများ၊ အိမ်ခြံမြေလုပ်ငန်းများနှင့် တာရှည်မခံသည့် သို့မဟုတ် ပုပ်သိုးလွယ်သည့် စားသုံးကုန်ဈေးကွက်တို့ကို ဂယက် ရိုက်ခတ်လာနိုင်ကြောင်း၊ အဆိုပါ ရိုက်ခတ်မှုသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးတစ်ခုလုံးကို သက်ရောက်မည်ဖြစ်ကာ အိမ်ခြံမြေကဏ္ဍမှာ သက်ရောက်မှု အများဆုံးခံရမည်ဖြစ်သည့်အပြင် ကာလအားဖြင့် ကြာရှည်မည် ဖြစ်ကြောင်း၊ စားသုံးမှုကဏ္ဍအနေဖြင့် အိန္ဒိယနိုင်ငံတစ်ဝန်းလုံး ရိုက်ခတ်ခံရမည်ဖြစ်သော်လည်း ကာလတိုသာဖြစ်ကြောင်း၊ အွန်လိုင်းစီးပွားရေးကဏ္ဍအတွက်မူ အွန်လိုင်းမှတစ်ဆင့် ပစ္စည်းများရောင်းချရာ၌ ပစ္စည်းရောက်ရှိချိန်တွင်မှ ငွေပေးချေသည့် (Cash on delivery) စနစ်ကို ထိခိုက်စေမည်ဖြစ်ကြောင်း၊ တာရှည်မခံသည့် စားသုံးကုန်ပစ္စည်းဈေးကွက် အပါအဝင် ကုန်ပစ္စည်းများနှင့် စိုက်ပျိုးရေးထွက်ကုန်များကိုလည်း ရိုက်ခတ်မှုရှိနိုင်သည်ဟု ခန့်မှန်းထားခဲ့ပါသည်။ ထို့ပြင်သာမက ယခုအပြောင်းအလဲသည် ကုန်သွယ်မှုကဏ္ဍကိုလည်း ရိုက်ခတ်လာနိုင်ကြောင်း အိန္ဒိယ နိုင်ငံရှိစီးပွားရေးပညာရှင်များက သုံးသပ်ပြောကြားခဲ့ပါသည်။

အစိုးရအနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းမှာ အမျိုးသားလုံခြုံရေး ထိန်းသိမ်းရန်နှင့် စာရင်းအင်းမရှိသည့် ဝင်ငွေများအား စိစစ်ရန်အတွက် ပိုမိုကျယ်ပြန့်သည့်အကြောင်းကိစ္စရပ်များကြောင့်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်သည့် အချိန်မှာလည်း အချိန်ကိုက်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ ဒေဝါလီပွဲတော်ကာလ ပြီးဆုံးပြီးနောက် ရက်သတ္တပတ်အကြာနှင့် ဝင်ငွေကြေညာသည့် ကာလပိတ်သိမ်း ပြီး တစ်လခန့်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အစိုးရ၏ လုပ်ဆောင်ချက်သည် ပီပြင်ပိုင်နိုင်ပြီး၊ ရေရှည်၌ နိုင်ငံစီးပွားရေးကောင်းမွန်လာနိုင်ပြီး GDP ကိုလည်း တိုးတက်လာစေနိုင်ကြောင်း၊ ထို့ပြင်သာမက ငွေစက္ကူကိုကိုင်တွယ် အသုံးမပြုသည့် စီးပွားရေးလုပ်ဆောင်မှုများအပေါ် သို့ အကျိုးသက်ရောက်မှု ရှိလာစေရန် တွန်းအားတစ်ရပ်ဖြစ်စေပြီး ဘဏ္ဍာရေးဆိုင်ရာ နည်းပညာကဏ္ဍအနေဖြင့် အားကောင်းလာနိုင်ကြောင်း၊ ယခုလုပ်ဆောင်မှုသည် အစိုးရအနေဖြင့် ကစားကွက်ပြောင်း၍ ကစားတတ်သည့် စိတ်အားထက်သန်မှု အနေအထားကို ပြသနိုင်ခဲ့ပြီး၊ အနာဂတ်တွင် ငွေစက္ကူများ ဈေးကစားခြင်းနှင့် တရားမဝင်ငွေကြေး စီးဆင်းမှုတစ်ခုလုံးကို ခြိမ်းခြောက်မှုတစ်ရပ်အနေဖြင့် ဖြစ်စေခဲ့သည်ဟု ပညာရှင်အချို့က သုံးသပ် ပြောကြားထားပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## တောင်ကိုရီးယားနိုင်ငံ၏ အလှကုန်ပစ္စည်းထုတ်ကုန်များ အမေရိကန်ဈေးကွက်သို့ ဦးတည်လာ

အမေရိကန်နိုင်ငံတွင် အလှကုန်သုံးစွဲမှုပုံစံများ ပြောင်းလဲလာသည့်အတွက် ကိုရီးယား အလှကုန် ထုတ်လုပ်သည့် လုပ်ငန်းရှင်များသည် ၎င်းတို့၏ ထုတ်ကုန်များကို ကမ္ဘာ့အကြီးဆုံးဈေးကွက်ဖြစ်သည့် အမေရိကန်ဈေးကွက်သို့ တိုးချဲ့တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြသည်။ ကိုရီးယားနိုင်ငံ၏ ထိပ်တန်းအလှကုန်ပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီများသည် အမေရိကန်နိုင်ငံတွင် ဆိုင်များဖွင့်လှစ်ရောင်းချနိုင်ရန် အကောင်းဆုံးနေရာများ ရွေးချယ်လျက်ရှိကြောင်း သိရှိရသည်။ အမေရိကန်နိုင်ငံမှ အလှကုန် သုံးစွဲသူများအနေဖြင့် ကိုရီးယားနိုင်ငံ အလှကုန်များကို ပိုမိုနှစ်သက်လာနိုင်ဖွယ်ရှိကြောင်း၊ အကြောင်းအရင်းမှာ ကိုရီးယားအလှကုန်များသည် ဓာတုဗေဒပစ္စည်း သုံးစွဲမှုမရှိဘဲ သဘာဝမှရရှိသော ပစ္စည်းများကိုအခြေခံပြီး ထုတ်လုပ်ထားခြင်းကြောင့် ဖြစ်သည်ဟု Korea Trade and Investment Promotion Agency ၏ အစီရင်ခံစာများအရ သိရှိရသည်။

၂၀၁၅ ခုနှစ်က တောင်ကိုရီးယားနိုင်ငံမှ အမေရိကန်နိုင်ငံသို့ အလှကုန်ပစ္စည်းတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂၁၇ ဒသမ ၅ သန်းသို့ ရောက်ရှိခဲ့ပြီး ၂၀၁၄ ခုနှစ်ကထက် ၇၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ကို တွေ့ရှိရသည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ၏ ဈေးကွက်ဝေစုရရှိမှုတွင် ပဉ္စမမြောက်အကြီးမားဆုံးနိုင်ငံဖြစ်သည်ဟု KOTRA ၏ အစီရင် ခံစာများအရ သိရှိရသည်။ တောင်ကိုရီးယားနိုင်ငံမှ အလှကုန်များသည် အမေရိကန်ဈေးကွက်တွင် ၆ ဒသမ ၈၄ ရာခိုင်နှုန်း နေရာယူထားပြီး ပြင်သစ်၊ တရုတ်၊ ကနေဒါနှင့် အီတလီနိုင်ငံတို့က ကိုရီးယားအလှကုန်ဈေးကွက်ကို အစဉ်လိုက်နေရာယူထားကြောင်း သိရှိရသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ဆိုးလ်မြို့တွင် ဟန်နမ်းမြို့သစ် ပြန်လည်ဖွံ့ဖြိုးရေး စီမံကိန်းကို ဆောင်ရွက်မည်

ဟန်မြစ်၏မြောက်ဘက်တွင် စတုရန်းမီတာ ၁ ဒသမ ၁ သန်း အကျယ်အဝန်းရှိသည့် ဟန်နမ်းမြို့သစ်စီမံကိန်းကို အိမ်ရာပေါင်း ၁၃၀၀၀ ပါရှိသည့် အထပ်နိမ့်အိမ်ရာဇုန် အဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ မြို့ပြပြန်လည်တည် ဆောက်မှုပုံစံအရ ဆိုးလ်မြို့တော် အစိုးရသည် ဟန်နမ်းမြို့သစ်စီမံကိန်းအတွက် လမ်းညွှန်ချက်များထုတ်ပြန်သွားမည် ဖြစ်ပြီး ယုံစန်းခရိုင်ရုံးနှင့် ဟန်နမ်းမြို့သစ် ပြန်လည် ဖွံ့ဖြိုးရေး ပူးပေါင်းအဖွဲ့တို့သို့ ပေးပို့သွားမည်ဖြစ်သည်။ အဆိုပါအစီအစဉ်သည် ပြန်လည် ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပတ်သက်၍ မြို့တော်အစိုးရက ပြည်သူလူထုသို့ အသိပေး ညှိနှိုင်းခဲ့သည်မှာ ၂၀၁၄ ခုနှစ် ဇူလိုင်ကတည်းကဖြစ်၍ နှစ်နှစ်ခန့် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ အဆိုပါမြို့သစ်သည် မြောက်ဘက်ပိုင်းတွင် နမ်ဆန်(မြောက်ဘက်ပိုင်းရှိ ဆိုးလ်တာဝါရှိသောတောင်) နှင့်တောင်ဘက်ပိုင်း ဟန်မြစ်တို့အကြားတွင် တည်ရှိပြီး ဟန်မြစ်မြောက်ဘက်တွင် ရှိသည့် အကောင်းဆုံးသော အိမ်ခြံမြေစီမံကိန်းတစ်ခုဖြစ်သည်ဟု သိရှိရသည်။

ထို့အပြင် မြို့တော်အစိုးရသည် ဟန်မြစ်အား မျက်နှာမူသည့်အဆောက်အဦများကို ၁၂ ထပ်ထက် ပို၍ မမြင့်စေရန် သတ်မှတ်ပေးထားပြီး အဆိုပါနယ်မြေတစ်ဝိုက်တွင် မီတာ ၉၀ ထက်ကျော်သည့် အဆောက်အဦများကို ခွင့်မပြုသည့် စည်းမျဉ်းတစ်ခုကိုလည်း ပြဋ္ဌာန်း ဆောင်ရွက်သွားမည်ဖြစ်သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

Vol: 16, No.44 Monday November 21 2016

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၁–၁၁–၂၀၁၆)

မြင့်ဆွေ

## ဟသ်ာတမှာ မတ်ပဲဈေးကျသဖြင့်ဈေးစောင့်ရောင်း

ဟသ်ာတဈေးကွက်မှာ ယခုတစ်ပတ်အတွင်းမတ်ပဲဈေးနှုန်းများကျဆင်းပြီး တစ်ပိဿာကို ကျပ် ၂၀၃၀(တစ်တန် ၁၂၄၃၁၅၂ ကျပ်)နဲ့ နေ့စဉ်အိတ် ၂၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်ပဲဈေးကွက်အတွင်း လှောင်ပဲအိတ် ၈၀၀၀၀ ခန့်ရှိသော်လည်း ရောင်းချသူများက ကြိုက်ဈေးမရသဖြင့် အရောင်းအဝယ်နည်းနေတယ်လို့ ဒေသခံပဲကုန်သည်တစ်ဦးကပြောပါတယ်။ အစေ့ထုတ်ပြောင်းဈေးကွက်မှာ ယခုတစ်ပတ်အတွင်းဝယ်လက်များက တစ်ပိဿာကို ၃၃၅ ကျပ်(တစ်တန် ၂၀၅၁၅၁ ကျပ်) နဲ့ဈေးဖွင့်သော်လည်း ရောင်းချသူများထံမှ ပြောင်းလက်ကျန်နည်းလာသဖြင့် အနည်းငယ်သာအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးကျသော်လည်း ရောင်းအားတက်

ယခုတစ်ပတ်တောင်ကြီးဈေးကွက်မှာ ပြောင်းတစ်ပိဿာကိုယခင်တစ်ပတ်အောက်ငါးကျပ်ဈေးကျပြီး တစ်ပိဿာ ကျပ် ၂၉၀ (တစ်တန် ၁၇၇၅၉၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း တန်ဆောင်တိုင် မီးပုံပျံပွဲတော်ရှိသည့်ကြားမှ ပွဲရုံများမှာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ရန်ကုန်၊ မန္တလေးဝယ်လက်များအပြင် အစာစပ်စက်ရုံများကပါလာရောက် ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## လားရှိုးပြောင်းဈေးကျပြီး အရောင်းအေး

ယခုတစ်ပတ် လားရှိုးဈေးကွက်ပြောင်းဈေးက ယခင်တစ်ပတ်အောက် တစ်ပိဿာကို ၁၀ ကျပ်ဈေးကျပြီး ကျပ် ၃၅၀ (တစ်တန် ၂၁၄၃၃၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ ပါတယ်။ လားရှိုးဈေးကွက်မှာ ပြောင်းကိုမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ အဓိကပို့ဆောင်နေပြီး သယ်ယူပို့ဆောင်သည့် ကားခမှာ ယခုရက်ပိုင်းအတွင်း တစ်ပိဿာကို ၂၇ ကျပ်ဈေးရတယ်လို့ ကားဂိတ်များထံမှ သိရှိရပါတယ်။ ယခုတစ်ပတ် ပွဲတော်ရက်အတွင်း အရောင်းအဝယ်အေးပြီး ယခင်တစ်ပတ်က ပိဿာချိန် ၁၅၀၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုတစ်ပတ်လုံး ပိဿာချိန် ၇၄၀၀၀၀ ကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပြီး၊ ယခင်တစ်ပတ်က အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ၅၀ ကီလိုတစ်အိတ်ကို ၆၈ ယွမ်မှ ၇၂ ယွမ်အကြား (တစ်တန် ၁၃၆၀ ယွမ်မှ ၁၄၄၀ ယွမ်)နဲ့ ဆက်လက်အရောင်းအဝယ်ဖြစ်နေပါတယ်။ ယခုတစ်ပတ်မှာလည်း တရုတ်ပြည်သို့ ပြောင်းတင်ပို့မှုရှိခဲ့ပြီး တန်ချိန် ၃၆၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာပြည်မှ ဝယ်ယူပြီး ရွှေလီဈေးကွက်မှာ ပြန်ရောင်းတဲ့ပြောင်း ကုန်သည်များက ဝယ်ရင်းဈေးထက် ၂၀ ရာခိုင်နှုန်းကျော်အမြတ် ရခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်ပြီး မတ်ပဲ FQ/RC ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်တန်ကို ကျပ် ၉၁၉၀၀၀ မှ ယခုတစ်ပတ်မှာ ကျပ် ၉၆၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်ပဲ FQ/RC က ယခင်တစ်ပတ်က တစ်တန်ကိုကျပ် ၁၃၈၂၀၀၀ နဲ့ ဈေးဖွင့်ပြီး ယခုတစ်ပတ်မှာတော့ တစ်တန်ကိုကျပ် ၁၃၇၀၀၀၀ နဲ့ ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်ပဲ FAQ/RC က ယခင်တစ်ပတ်ကဈေးအတိုင်း တစ်တန်ကိုကျပ် ၁၃၁၁၀၀၀ နဲ့ဆက်ပြီး အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပဲပုပ်ဈေးကွက်ဝင်

ယခုတစ်ပတ် ရေစကြိုဈေးကွက်မှာ ပဲပုပ်တစ်ပိဿာကို ကျပ် ၉၉၀ (တစ်တန် ၆၀၆၂၆၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လာပါတယ်။ ယခုတစ်ပတ်အတွင်း အိတ် ၅၅၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒေသခံကုန်သည်များကတစ်ဆင့်ပြန်ရောင်းရန် ဝယ်ယူခဲ့ပါတယ်။ ထောပတ်ပဲဈေးကတော့ အပြောင်းအလဲမရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာကို ကျပ် ၇၄၀ (တစ်တန် ၄၅၃၁၆၉ ကျပ်)နဲ့ ယခုတစ်ပတ်အတွင်း အိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဇီးကွက်က ယခင်တစ်ပတ်က ဈေးထက် တစ်ပိဿာကို ၂၅ ကျပ်ပိုပြီး ၉၂၅ ကျပ်(တစ်တန် ၅၆၆၄၆၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ကုလားပဲ (ဟော်လန်) ဈေးတက်ပြီး ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ်အောင်လံဈေးကွက်မှာ ကုလားပဲ(ဟော်လန်) တစ်ပိဿာကို ၂၂၇၅ ကျပ်(တစ်တန် ၁၃၉၃၁၈၇ ကျပ်)နဲ့ အရောင်းအဝယ် ဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် တစ်ပိဿာကိုကျပ် ၅၀ ပိုခဲ့ပါတယ်။ ကုလားပဲ(ဟော်လန်)ကိုမြို့ခံပဲခွဲစက်လုပ်ငန်းရှင်များက ယခုတစ်ပတ်အတွင်း အိတ် ၇၀၀ ကျော် ဝယ်ယူသွားတယ်လို့ သိရပါတယ်။ ယခုတစ်ပတ်အတွင်း ပဲစင်းငုံနီဝယ်သူများက ယခင်တစ်ပတ်ရောင်းဈေးအတိုင်း တစ်ပိဿာကို ကျပ် ၁၄၀၀ (တစ်တန် ၈၅၇၃၄၆ ကျပ်)နဲ့ ဈေးဖွင့်ဝယ်ယူခဲ့ပါတယ်။ ပဲစင်းငုံနီရောင်းချသည့် ကုန်သည်များက တက်ဈေးမရသဖြင့်မရောင်းချသောကြောင့်ယခုတစ်ပတ်အတွင်း အရောင်းအဝယ်မဖြစ်ခဲ့ဘူးလို့ ဒေသခံကုန်သည်တစ်ဦးကပြောပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ ယခင်တစ်ပတ်ဈေးအောက် တစ်ပိဿာကိုကျပ် ၅၀ ကျပြီး ၁၃၇၅ ကျပ်(တစ်တန် ၈၄၂၀၃၆ ကျပ်) နဲ့ မန္တလေးကိုတင်ပို့သူများက တစ်ပတ်အတွင်း အိတ် ၉၀၀ ကျော် ဝယ်ယူခဲ့ပါတယ်။ ယခင်တစ်ပတ်က သိပ္ပံနှမ်းတစ်ပိဿာကိုကျပ် ၃၂၇၀ နဲ့ အရောင်းအဝယ်ဖြစ်ပြီး ယခုတစ်ပတ်မှာ ပစ္စည်းဝင်ရောက်မှုနည်းတာကြောင့် တစ်ပိဿာကို ၃၃၃၅ ကျပ်(တစ်တန် ၂၀၄၂၃၂၁ ကျပ်)နဲ့တက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်(ရိုးရိုး) တစ်ပိဿာကို ၂၇၃၅ ကျပ်မှ ယခုတစ်ပတ်မှာ ကျပ် ၂၇၈၀ (တစ်တန် ၁၇၀၂၄၄၄ ကျပ်)အထိ ဈေးပေးပြီး မန္တလေးတင်ပို့သူများက ဝယ်ယူခဲ့ပါတယ်။ နှမ်းနီဈေးကွက်မှာတော့ ယခုတစ်ပတ်အတွင်း တစ်ပိဿာကိုကျပ် ၉၀ ကျပြီး ၁၈၄၅ ကျပ်(တစ်တန် ၁၁၂၉၈၆၀ ကျပ်)နဲ့ မြို့ခံဆီစက်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း နှမ်းရောင်စုံ အိတ် ၂၇၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ၊ ကုလားပဲ(ဝါ)နဲ့ ကုလားပဲဖြူ(လုံးကြီး)တို့ဈေးတက်

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီကုလားပဲ(ဝါ) နဲ့ကုလားပဲဖြူ(လုံးကြီး)တို့ တက်ဈေးနဲ့အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ပဲစင်းငုံနီတစ်ပိဿာကို ကျပ် ၁၅၀၀ (တစ်တန် ၉၁၈၅၈၅ ကျပ်)ဈေးရခဲ့ပြီး ယခင်တစ်ပတ်ဈေးထက် တစ်ပိဿာကိုကျပ် ၄၀ ဈေးပိုရခဲ့ပါတယ်။ ပဲဈေးကွက်အတွင်း ပဲစင်းငုံနီအဝင်နည်းလာတာကြောင့် ရန်ကုန်ဝယ်လက်များက ဈေးပိုပေးခဲ့လို့ဈေးတက်လာခြင်းဖြစ်ကြောင်း၊ ဒေသခံကုန်သည် တစ်ဦးထံမှသိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲ(ဝါ) တစ်ပိဿာကို ၂၂၆၅ ကျပ်နဲ့ ဈေးဖွင့်ခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကိုကျပ် ၂၂၉၀ (တစ်တန် ၁၄၀၂၃၇၃ ကျပ်)နဲ့ တစ်ပတ်အတွင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲဖြူ(လုံးကြီး)က ယခင်တစ်ပတ်ဈေးထက်တစ်ပိဿာကို ကျပ် ၇၀ ဈေးပိုရပြီး ၂၃၉၅ ကျပ်(တစ်တန် ၁၄၆၆၇၄ ကျပ်) ဈေးနဲ့ တစ်ပတ်အတွင်းအိတ် ၆၀၀ ခန့်ကို ပဲခွဲစက်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်းဈေးကွက်ထဲသို့ ပဲတီစိမ်း အသစ်များဝင်ရောက်လာပြီး တစ်ပိဿာကိုကျပ် ၁၃၇၀ (တစ်တန် ၈၃၈၉၇၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မန္တလေးကုန်သည်များက တစ်ပတ်အတွင်း အိတ် ၁၂၀၀ ခန့် ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းရောင်စုံဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ နှမ်းရောင်စုံတို့ဈေးတက်ခဲ့ပါတယ်။ နှမ်းဖြူကတော့ ယခင်တစ်ပတ်ကဈေးထက်တစ်ပိဿာကို ၄၅ ကျပ်ပိုရပြီး ၂၁၁၅ ကျပ်(တစ်တန် ၁၂၉၅၂၀၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်ကနှမ်းညိုတစ်ပိဿာကို ၁၄၄၅ ကျပ်ဈေးမှ ယခုတစ်ပတ်မှာတစ်ပိဿာကို ကျပ် ၁၄၇၀(တစ်တန် ၉၀၀၂၁၃ ကျပ်) အထိတက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာကို ၁၈၂၅ ကျပ်ဈေးရပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကိုကျပ် ၁၈၈၀ (တစ်တန် ၁၁၅၁၂၉၃ ကျပ်)ဈေးနဲ့ ပြည်ပတင်ပို့ရန် ကုန်သည်များက ဈေးပိုပေးပြီးဝယ်ယူခဲ့ပါတယ်။ နှမ်းနီကတော့ ယခင်တစ်ပတ်ထက်တစ်ပိဿာကိုကျပ် ၂၀ ဈေးပိုပေးပြီး ၁၈၄၅ ကျပ်(တစ်တန် ၁၁၂၉၈၆၀ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မကွေးဈေးကွက်မှာ ယခုတစ်ပတ်လုံးနှမ်းရောင်စုံ အိတ် ၉၀၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ ယခင်တစ်ပတ်အောက်တစ်ပိဿာကျပ် ၁၀၀ ဈေးကျပြီး ကျပ် ၁၂၇၀(တစ်တန် ၇၇၇၇၃၅ ကျပ်)နဲ့တစ်ပတ်အတွင်း အိတ် ၃၀၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၆၅ကျပ်နဲ့ ဈေးကွက်ဝင်လာခဲ့တဲ့ပဲနောက်က ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၂၄၀ (တစ်တန် ၇၅၉၃၆၄ ကျပ်)နဲ့ ဈေးကျခဲ့ပြီး တစ်ပတ်အတွင်းအိတ် ၃၃၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးကွက်အတွင်း ပဲလက်ကျန်များနည်းနေတဲ့ကုလားပဲက ယခင်တစ်ပတ်ဈေးထက်တစ်ပိဿာကို ၅၅ ကျပ်ဈေးပိုရပြီး ကျပ် ၂၂၄၀ (တစ်တန် ၁၃၇၁၇၅၃ ကျပ်)နဲ့ တစ်ပတ်အတွင်း အိတ် ၁၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာပဲတီစိမ်းပဲသစ်များဆက်တိုက်ဝင်

ယခုတစ်ပတ် ပြည်ဈေးကွက်ကို ပတ်ဝန်းကျင်နယ်စုံမှ ပဲတီစိမ်းအသစ်များနေ့စဉ်အိတ် ၆၀၀ နီးပါးဝင်ရောက်လာပြီး တစ်ပိဿာကို ၁၄၂၅ ကျပ်(တစ်တန် ၈၇၂၆၅၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မန္တလေးကုန်သည်များက ယခင်တစ်ပတ်ဈေးထက် တစ်ပိဿာကို ၂၅ ကျပ်ပိုပေးပြီး နေ့စဉ်အိတ် ၆၀၀ ခန့်ဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်အတွင်း ပဲစင်းငုံနီ အဝင်မရှိဘဲ လက်ကျန်ပဲများသာ ရန်ကုန်သို့ တင်ပို့ခဲ့ရပြီး တစ်ပိဿာကို ၁၄၂၅ ကျပ်(တစ်တန် ၈၇၂၆၅၆ ကျပ်)နဲ့ အိတ် ၂၀၀ ခန့်ရက်ခြားအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်ကတစ်ပိဿာကိုကျပ် ၂၂၅၀ (တစ်တန် ၁၃၇၇၈၇၈ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ကုလားပဲဖြူ(လုံးကြီး)က ပဲအဝင်နည်းပြီး လက်ကျန်ပဲမရှိတာကြောင့် ယခင်တစ်ပတ်ဈေးနဲ့အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲဖြူ(လုံးကြီး)ကို ပဲခွဲစက်လုပ်ငန်းရှင်များက အဓိကဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရင်းနှီးမြှုပ်နှံမှုမူဝါဒများအား ထုတ်ပြန်ကြေညာ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုမူဝါဒ ခုနစ်ချက်ကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုမူဝါဒသည် နိုင်ငံတော်အစိုးရ၏စီးပွားရေးမူဝါဒ ၁၂ ရပ်ကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

နိုင်ငံတော်အစိုးရ၏ရင်းနှီးမြှုပ်နှံမှု မူဝါဒခုနစ်ချက်မှာ-

(၁) တာဝန်ယူမှုရှိပြီးအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုမည်။

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများသည် ပွင့်လင်းမြင်သာမှုရှိပြီး ရှင်းလင်းလွယ်ကူ၍ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်သော လုပ်ထုံးလုပ်နည်းများဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်မည်။

(၃) မက်ခရိုစီးပွားရေးတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ အငြင်းပွားမှုများအတွက်ယုံကြည်ကိုးစားရသော ဖြေရှင်းရေးလုပ်ထုံးလုပ်နည်းများ၊ အခြေခံစီးပွားရေးအဆောက်အဦကောင်းမွန်စွာ လည်ပတ်ဆောင်ရွက်နိုင်မည့် ယုံကြည်စိတ်ချရသည့် ဘဏ္ဍာရေးစနစ်တို့ဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အပံ့ဖြစ်စေရန် ဆောင်ရွက်မည်။

(၄) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက်အရေးပါသည့်အားလျော်စွာ နိုင်ငံတော်အစိုးရသည်-

(က) နိုင်ငံခြားနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအကြား ခွဲခြားဆက်ဆံမှုမရှိသော ကြိုတင်ခန့်မှန်းသိမြင်နိုင်သည့် ထိန်းကျောင်းကြပ်မတ်မှုဝန်းကျင်တစ်ရပ်ကို ထူထောင်မည်။

(ခ) စီးပွားရေးလုပ်ငန်းများကို အငြင်းပွားဖွယ် သိမ်းယူခြင်းမှ ကာကွယ်ပေးမည်။

(ဂ) အခွန်အကောက်များနှင့် အခြားပေးဆောင်ရန်ရှိသည်များကို ပေးဆောင်ပြီးနောက် ရရှိသည့်အကျိုးအမြတ်များအပြင် ဥပဒေနှင့်အညီ ပေးချေရမည့်ကိစ္စများ ပြန်လည်လွှဲပြောင်းခွင့်များကို ကာကွယ်ပေးမည်။

(ဃ) အတည်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် ကာလရှည် မြေငှားရမ်းခွင့်ရရှိရေးဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည်။

(၅) ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာကိစ္စရပ်များအပါအဝင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ထုံးများကို ခွဲခြားမှုမရှိဘဲတစ်ပြေးညီ အစဉ်လိုက်နာရမည်။

(၆) နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာနယ်ပယ်များနှင့်ဆက်နွယ်သည့် အချို့သောစီးပွားရေးလုပ်ငန်းများကို နိုင်ငံခြားသားများအား လုပ်ဆောင်ခွင့်မပြု။ အဆိုပါ ခွင့်ပြုနိုင်ခြင်းမရှိသည့်လုပ်ငန်းများကို ပွင့်လင်းမြင်သာစွာထုတ်ပြန်မည်။

(၇) အောက်ဖော်ပြပါရင်းနှီးမြှုပ်နှံ မှုလုပ်ငန်းများကို ကြိုဆိုအားပေးမည်-

(က) ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်တွင် ချိတ်ဆက်ထားသည့် ကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်သော တန်ဖိုးမြှင့်လယ်ယာထုတ်ကုန်များ ထုတ်လုပ်နိုင်သောလုပ်ငန်းများ၊

(ခ) နည်းပညာလွှဲပြောင်းနိုင်မှုနှင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများအပေါ် အကျိုးဖြစ်ထွန်းမှုရရှိစေမည့်လုပ်ငန်း များ၊

(ဂ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေနိုင်မည့်လုပ်ငန်းများ၊

(ဃ) အခြေခံစီးပွားရေးအဆောက်အဦများအား လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေနိုင်မည့်လုပ်ငန်းများ၊

(င) အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ပြီး ကျွမ်းကျင်မှု မြင့်မားတိုးပွားရေးအတွက် အထောက်အကူပြုသော အသက်မွေးဝမ်းကျောင်းပညာများ လေ့ကျင့်သင်ကြားပေးနိုင်သည့် လုပ်ငန်းများ၊

(စ) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျအားနည်းသော ဒေသများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်မည့်လုပ်ငန်းများ၊

(ဆ) စက်မှုမြို့များနှင့် အထူးစီးပွားရေးလုပ်ငန်းများ စုဖွဲ့ဆောင်ရွက်နိုင်မည့် လုပ်ငန်းများ၊

(ဇ) ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ။

# ၂၀၁၆ နိုဝင်ဘာလလယ်အထိ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်းနှစ်ထောင် ကျော်သာရှိ



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ၂၀၁၆ ခုနှစ် နိုဝင်ဘာလလယ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ခွင့်ပြုပေးခဲ့မှုမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းနှစ်ထောင်ကျော်သာရရှိထားသေးကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည်၂၀၁၆-၁၇ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းခြောက်ထောင်ရရှိရန် ရည်မှန်းထားသော်လည်း အစိုးရသစ်တာဝန်ယူပြီး ရှစ်လကျော်ကြာသည်အထိ အမေရိကန်ဒေါ်လာ သန်းနှစ်ထောင်ကျော်သာ ရရှိထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် အစည်းအဝေးအမှတ်စဉ် ၂၁/၂၀၁၆ တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရေအတွက် ငါးခုခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၈ ဒသမ ၀၈၄ နှင့် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် ၁၂၈၉ ခုကို ဖန်တီးပေးနိုင်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၃၀၀ ဒသမ ၆၄၀ အပါအဝင် ကျပ်သန်း ၃၈၆၈၆၉ ဒသမ ၆၅၀ နှင့် အလုပ်အကိုင် ၁၃၀၃ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

# ASOCIO ICT Summit 2016 အခမ်းအနားကျင်းပ




ASOCIO ICT Summit 2016 အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်က ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲအား အာဆီယံစီးပွားရေး အသိုက်အဝန်းသို့ ပေါင်းစည်းရေး အရှိန်အဟုန်မြှင့်တင်ခြင်းအတွက် ICT ၏အခန်းကဏ္ဍအား သိရှိလာနိုင်စေရန်၊ အာဆီယံနိုင်ငံများအတွင်း IT ထက်မြက်သူများအား လွတ်လပ်စွာ ကူးသန်းလုပ်ကိုင်နိုင်ရန်အတွက် ASOCIO မှ ဆောင်ရွက်ပေးမည့် အခန်းကဏ္ဍအားသိရှိလာစေရန်၊ အာဆီယံနိုင်ငံများအတွင်း အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးစနစ် အပိုင်းအခြားအကန့်အသတ်မရှိဆောင်ရွက်လာနိုင်မှုအား နားလည်သဘောပေါက်စေရန်၊ အာရှနှင့်သမုဒ္ဒရာဒေသရှိ နိုင်ငံများ၌ အိုင်စီတီကူးပြောင်းခြင်းဆိုင်ရာနည်းဗျူဟာများနှင့် တည်ဆောက်နိုင်မည့်ပုံစံအား သိရှိလာနိုင်စေရန်၊ အိုင်စီတီကိုအသုံးပြုခြင်းဖြင့် အစိုးရ၏ စီမံခန့်ခွဲမှုအုပ်ချုပ်ရေး ယန္တရားခိုင်မာအားကောင်းလာပြီး သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုဖြစ်ပေါ်လာစေရန်၊ အိုင်စီတီအသုံးပြုခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် ဈေးကွက်အခြေအနေ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာကောင်းများ၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ အဖိုးတန်သည့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်စေရန်၊ အိုင်စီတီကို အသုံးပြုခြင်းဖြင့် အလုပ်သမားများ၏ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်၊ အိုင်စီတီ အသုံးချနိုင်မှုကို သိရှိနားလည်ပြီး အိုင်စီတီနည်းပညာအသုံးချမှု ပိုမိုတိုးတက် ကျယ်ပြန့်လာစေရန်နှင့် အိုင်စီတီစီးပွားရေးလုပ်ငန်းအား နိုင်ငံတော်၏ အဓိကကျသော စီးပွားရေးကဏ္ဍတစ်ခုအဖြစ် ဖြစ်ပေါ်လာအောင် ပြုလုပ်နိုင်ရန်ဟူသည့် ရည်ရွယ်ချက်များချမှတ်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ASOCIO အဖွဲ့ကြီးသည် နှစ်စဉ်နှစ်ပတ်လည် နှီးနှောဖလှယ်ပွဲများကို အဖွဲ့ဝင်နိုင်ငံများ၌ လက်ခံကျင်းပစေလျက်ရှိရာ ယခုနှစ်တွင် မြန်မာနိုင်ငံက အလှည့်ကျနိုင်ငံအဖြစ် တာဝန်ယူ၍ အဆိုပါ နှီးနှောဖလှယ်ပွဲကြီးအား ကျင်းပရခြင်းဖြစ်သည်။

ASOCIO အဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၂၄ နိုင်ငံပါဝင်ပြီး အသင်းဝင်အိုင်စီတီကုမ္ပဏီပေါင်း တစ်သောင်းကျော်ရှိကြောင်း သိရသည်။ ASOCIO ၏အဖွဲ့ဝင်နိုင်ငံများမှာ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ဘရူနိုင်း၊ နီပေါ၊ ကမ္ဘောဒီးယား၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ လာအို၊ မကာအို၊ မလေးရှား၊ မွန်ဂိုလီးယား၊ မြန်မာ၊ နယူးဇီလန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ကိုရီးယား၊ သီရိလင်္ကာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲကို ကျင်းပခြင်းအားဖြင့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများ အပါအဝင် အခြားသော အာရှနှင့် သမုဒ္ဒရာဒေသရှိနိုင်ငံပေါင်း ၁၄ နိုင်ငံရှိ အိုင်စီတီဆိုင်ရာ စီးပွားရေး လုပ်ငန်းကြီးများနှင့်အတူ ကြီးမားသော စီးပွားရေးအခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအခမ်းအနား၏ ပထမနေ့ညနေပိုင်းတွင် Gala Dinner နှင့်အတူ ASOCIO Award ကိုပါ ပူးတွဲကျင်းပခဲ့သည်။

ASOCIO ဆုအမျိုးအစားသုံးမျိုးကို ရွေးချယ်ချီးမြှင့်ခဲ့ရာ ASOCIO Outstanding ICT Company Award ဆုကို မြန်မာနိုင်ငံမှ နေသူရိန်မင်းကုမ္ပဏီအပါအဝင် နိုင်ငံပေါင်းကိုးနိုင်ငံမှ အိုင်စီတီကုမ္ပဏီများကလည်းကောင်း၊ ASOCIO Outstanding User Organisation Award ဆုကို မြန်မာနိုင်ငံမှ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်အပါအဝင် နိုင်ငံပေါင်း ငါးနိုင်ငံမှ ကုမ္ပဏီများကလည်းကောင်း၊ ASOCIO Digital Government Award ဆုကို မြန်မာနိုင်ငံမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အပါအဝင် နိုင်ငံပေါင်း ခြောက်နိုင်ငံမှ အစိုးရဌာနအသီးသီးကလည်းကောင်း ရရှိခဲ့ကြောင်း သိရှိရသည်။

**မယ်သီတာ**

# ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရှိ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက် အထိ သီတင်းတစ်ပတ်အတွင်း ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂၀၆ ဒသမ ဝ၄၅ သန်း၊ သွင်းကုန် တင်သွင်းနိုင်မှု မှာ အမေရိကန်ဒေါ်လာ ၃၂၂ ဒသမ ဝ၈၃ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၂၈ ဒသမ ၁၂၈ သန်းဖြစ်ပါတယ်။ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ဝ၃၈ သန်းဖြစ်ပြီး ထိုသို့ လိုငွေပြရခြင်းမှာချုပ်ပြီး အထည်နဲ့ သဘာဝဓာတ်ငွေ့တင်ပို့မှု လျော့ကျခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ရက်သတ္တပတ်အတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၁၁၉ ဒသမ ၈ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂၇၄ ဒသမ ၅၅၂ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၅၄ ဒသမ ၇၅၂ သန်း ဖြစ်ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၂၄၅ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၄၇ ဒသမ ၅၃၁ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၇၁၄ သန်းဖြစ်ပါတယ်။ ဒါကြောင့် ကုန်သွယ်မှုကဏ္ဍတစ်ခုလုံးရဲ့ ကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ဝ၃၈ သန်း ဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၁ ရက် အထိ ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၆၉၉၇ ဒသမ ၉၈၈ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၉၁၀၇ ဒသမ ၂၄၈ သန်း ဖြစ်တဲ့ အတွက် ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၆၁၀၅ ဒသမ ၂၃၆ သန်း ဖြစ်ပါတယ်။ ကုန်သွယ်မှု လိုငွေကတော့ အမေရိကန် ဒေါ်လာ ၂၁၀၉ ဒသမ ၂၆ သန်း ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

# ရိုဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတန်ချိန် ၃၅၀ ကျော်တင်ပို့

မြန်မာ-အိန္ဒိယ နယ်စပ်ရှိတမူး ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း ကွမ်းသီး တင်ပို့မှုမရှိပေမယ့် ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၃၁၃ သန်းတန်ဖိုးရှိ ကွမ်းသီး တန် ၃၅၀ ကျော် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ရိဒ် ကုန်သွယ်ရေးစခန်းမှသာ တင်ပို့မှုရှိပေမယ့် ယခင်တစ်ပတ်ကထက် ၁၅ တန်ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန် ဒေါ်လာ သုည ဒသမ ဝ၇၈ သန်းတန်ဖိုးရှိ မုန့်မျိုးစုံ ၈၆ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတင်ပို့မှု မရှိသော်လည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၅၅ သန်းတန်ဖိုးရှိ နန့်ဖာလုံ ကုန်စုံနဲ့ စီးကရက်များ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ အိန္ဒိယငွေကြေးပြဿနာကြောင့် ကွမ်းသီးတင်ပို့မှု မရှိတဲ့အပြင် အိန္ဒိယနယ်စပ် တမူး မိုရေးနယ်စပ်ရှိ နန့်ဖာလုံဈေးတွင်လည်း အရောင်းအဝယ်များ အေးလျက်ရှိကြောင်း သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ထိုင်းနယ်စပ်မှ ရေထွက်ပစ္စည်းတန် ၃၆၀၀ ကျော်တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၅၉ သန်း တန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၃၆၀၀ ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၃၈၀၀ ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၂၀၀ နီးပါး လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

တင်ပို့မှုအခြေအနေကို ကြည့်ပါက မြဝတီကုန်သွယ် ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၇ သန်း တန်ဖိုးရှိ ရေချိုငါးမျိုးစုံ၊ ကဏန်းနဲ့ ပုစွန်တန်ချိန် ၉၀ ကျော်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၅၅ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကင်းမွန်၊ ကဏန်း၊ ပင်လယ် ငါးရှဉ့်၊ ရေဘဝဲ၊ အခြား ရေထွက်တို့ကို တန်ချိန်၁၆၀၀ ကျော်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၂ ဒသမ ဝ၇၇ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ရေငံပုစွန်၊ ကင်း မွန်၊ ကဏန်း သေးအသေ၊ သဲကဏန်း၊ ငါးအသားလွှာနဲ့ အေးခဲငါးအသား လွှာတို့ကို တန်ချိန် ၁၉၀၀ ကျော် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၂)၊ မန္တလေးမှသင်တန်းသူသင်တန်းသားများ မန္တလာလက်တွန်း လယ်ထွန်စက် စက်ရုံသို့ သွားရောက်လေ့လာ

မန္တလေးမြို့တွင် ဖွင့်လှစ်လျက်ရှိသည့် ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၂)မှသင်တန်းသူသင်တန်းသားများသည် နိုဝင်ဘာလ ၁၆ ရက်က မန္တလေးမြို့၊ စက်မှုဇုန်(၁)ရှိ Good Brothers Co., Ltd. ၏ မန္တလာ လက်တွန်းလယ်ထွန်စက်စက်ရုံသို့ သွားရောက် လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကုန်သွယ်မှုပမာဏ မြင့်မားစေရေး၊ ကုန်သွယ်မှုချောမွေ့စေရေးနှင့် ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားရာတွင် နည်းပညာများပေးရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်သစ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းရေးအတွက် ပို့ကုန်သွင်းကုန်ရုံး (မန္တလေး)တွင် ကုန်သွယ်မှုအခြေခံသင်တန်းများကို ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၂)သင်တန်းကို အောက်တိုဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၂ ရက်အထိ ဖွင့်လှစ်လျက်ရှိရာ မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင် ၃၀ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

လေ့လာရေးအဖွဲ့အား GOOD BROTHERS Co; Ltd ၏ (မန္တလာ လက်တွန်းလယ်ထွန်စက်စက်ရုံ)မှ မန်နေဂျာ ဦးခင်မောင်ရီက စက်ရုံနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့ပြီး ပစ္စည်းထုတ်လုပ်မှုအဆင့်ဆင့်အား အသေးစိတ် လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိပါသည်။

**စားသုံးသူ ( မန္တလေး)**

# မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းတင်ပို့

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၅ရက်မှ ၁၁ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၁၅သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၈၂၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် က အမေရိကန်ဒေါ်လာ ၃ဒသမ ၁၈၈သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၈၄၂ တန် ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၄၇၃သန်း၊ တန်ချိန်အားဖြင့် တန် ၂၀ လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်မှာ ငါးဆားနယ်၊ ငါးမြစ်ချင်းစီဖောင်း၊ ငါးလေးခြောက်နဲ့ ပုစွန်ဖွဲ့ ပိုမိုတင်ပို့ခဲ့သော်လည်း ငါးပူတင်းအရေခွံခြောက်၊ ငါးလိပ်ကျောက် အရေခွံခြောက်၊ ငါးစီဖောင်း၊ ကဏန်းနဲ့ ငါးရှဉ့် တင်ပို့မှု လျော့နည်းခဲ့တာကြောင့် ရေထွက်ပစ္စည်း လျော့နည်းတင်ပို့ရခြင်း ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံ ယွမ်ဈေးအနေဖြင့် ငါးရှဉ့် တစ်တန်လျှင် ယွမ် ၂၇၀၀၀၊ ကဏန်း တစ်တန်လျှင် ၅၂၀၈၃ ယွမ်ဈေးရှိခဲ့တယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

# ပြည်ပမှဆိုင်ကယ်မျိုးစုံ ပိုမိုတင်သွင်း

နိုဝင်ဘာ ၅ရက်မှ ၁၁ရက်အထိ သီတင်းပတ်အတွင်း တရုတ်၊ ထိုင်းနဲ့ အိန္ဒိယ နယ်စပ်များမှ အမေရိကန်ဒေါ်လာ ၅ဒသမ ၂၂၂သန်း တန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၄၁၇၉ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က စီးရေ ၈၆၀၀ကျော်သာ တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ စီးရေ ၅၅၀၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

တင်သွင်းမှု အခြေအနေကို ကြည့်ပါက မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ဒသမ ၅၀၂သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၃၁၁၃စီး၊ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ဒသမ ၇၀၅သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၀၅၂စီး၊ တမူးကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၁၅သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၄ စီး တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ ဆိုင်ကယ်တင်သွင်းမှု လျော့နည်းသော်လည်း မူဆယ်နဲ့ မြဝတီကုန်သွယ်ရေး ဇုန်များမှ ဆိုင်ကယ် ပိုမိုတင်သွင်းခဲ့တဲ့အတွက်ကြောင့် ပိုမိုရခြင်းဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ရေချိုငါးမြစ်ချင်း တန် ၈၀ ကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေ ကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံသို့ နိုဝင် ဘာ ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၂၂ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၈၃ တန်ကို တင်ပို့ခဲ့ပါ တယ်။ ယခင်သီတင်း နှစ်ပတ်က တင်ပို့နိုင်ခြင်း မရှိဘဲ ယခုတစ်ပတ်မှာသာ ပြန်လည်တင်ပို့လာနိုင်တာ တွေ့ရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါး မြစ်ချင်းအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ဝဝ၄ သန်း တန်ဖိုးရှိ မန်ကျည်းစေ့ ၆၄ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၁၄ သန်း တန်ဖိုးရှိ ဇီးယိုထုတ် ၄၂ တန်၊ အမေရိကန် ဒေါ်လာ သုည ဒသမ ဝဝ၇ သန်း တန်ဖိုးရှိ ဆီးသီးခြောက် ၄၂ တန်၊ အမေရိကန် ဒေါ်လာ သုည ဒသမ ဝဝ၄ သန်း တန်ဖိုးရှိ သစ်ခေါက် (အုံတုံခေါက်) ၁၂ တန်ကိုတင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# တရုတ်နယ်စပ်မှ သကြားတင်ပို့၊ ထိုင်းနယ်စပ်မှ သကြားတင်သွင်း

နိုဝင်ဘာ ၅ရက်မှ ၁၁ရက်အထိ သီတင်းပတ်တွင် မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ ချင်းရွှေဟော်နဲ့ လွယ်ဂျယ် ကုန်သွယ်ရေး စခန်းများမှ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၃၆၆သန်း တန်ဖိုးရှိ Re-Export သကြား ၃၇၀၂၈ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၃၆၄၁၁ တန်ကျော်၊ ချင်းရွှေဟော်မှ ၆၁၂ တန်ခွဲနဲ့ လွယ်ဂျယ်မှ ၅တန် ဖြစ်ပါတယ်။

ယခင် သီတင်းပတ်က လွယ်ဂျယ်မှ သကြားတင်ပို့မှုမရှိဘဲ မူဆယ်မှ ၆၃၀၈ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၁၀၅၁ တန် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် သကြားတင်ပို့မှု လျော့နည်းခဲ့တာ တွေ့ရပါတယ်။ သကြားတစ်တန်ကို ယခုတစ်ပတ် ၉၀၇၂၀၀ ကျပ်ခန့်အထိ ဝယ်ယူရပြီး တစ်ဖက်နိုင်ငံမှာ ၅၀ကီလိုတစ်အိတ်လျှင် ၂၃၈-၂၄၀ ယွမ်ဈေး ရရှိတယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃၆၀၂၅၀ တန်ဖိုးရှိ သကြား ၆၅၅ တန် တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က ၁၂၃၃ တန်ကျော် တင်သွင်းနိုင်ခဲ့လို့ ယခုတစ်ပတ် မြဝတီမှ သကြား ၅၇၈ တန် လျော့နည်း တင်သွင်းခဲ့ပါတယ်။

**မော်မော်အောင်**

# ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပဲတီစိမ်းစိုက်တောင်သူများအား တတိယအကြိမ်မြောက် GAP , GHP ပညာပေး သင်တန်းဖွင့်လှစ်ပို့ချ



အီးယူနိုင်ငံများသို့ ပဲပင်ပေါက်ပြုလုပ်ရန်အတွက် မြန်မာပဲတီစိမ်းအား စိုက်ပျိုးမှုမှသည်ထုတ်လုပ်တင်ပို့ သည်အထိ ကျန်းမာရေးဆိုင်ရာနှင့်အရည်အသွေးပိုင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ပဲတီစိမ်းများ ရရှိရန်အတွက် ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဆောင်းသီးနှံရာသီတွင် ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများအား ကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ်များ (GAP & GHP) နှင့်ပတ်သက်သည့်သင်တန်းကို အောက်တိုဘာလ ၃၀ ရက်မှ နိုဝင်ဘာလ ၁၀ ရက်အထိ ပဲခူးတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့တွင် ကျင်းပခဲ့သည်။

အဆိုပါသင်တန်းအား အီးယူနိုင်ငံများသို့ ပဲပင်ပေါက်ပြုလုပ်ရန်အတွက် မြန်မာ့ပဲတီစိမ်းများ တင်ပို့ရေး လုပ်ငန်းကြီးကြပ်အဖွဲ့၏ ဦးဆောင်မှုဖြင့် စားသုံးသူရေးရာဦးစီးဌာန၊ MITS၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပဲနှမ်းကုန်သည်များအသင်းနှင့် အီးယူနိုင်ငံများသို့ ပဲတင်ပို့မည့် ကုမ္ပဏီများ အစုအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

မြန်မာပဲတီစိမ်းများအား အီးယူဈေးကွက်သို့ ၂၀၁၄ ခုနှစ်မှစတင်၍ တင်ပို့ရောင်းချခဲ့ရာ တစ်နှစ်ထက် တစ်နှစ် ပိုမိုတင်ပို့ရောင်းချနိုင်ရန်၊ အရည်အသွေးကောင်းမွန်သည့်အပြင် ဘေးကင်းလုံခြုံစိတ်ချမှုရှိသော ထုတ်ကုန်များ တင်ပို့ခြင်းဖြင့် ဈေးကွက်တည်တံ့ခိုင်မြဲစေရန်၊ စိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးကြွင်းစသည့် ဓာတုဆေးကြွင်းများ မပါရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးသူတောင်သူများအား သင်တန်းပို့ချခဲ့ခြင်းဖြစ်ပါသည်။

သင်တန်းတွင်စိုက်ပျိုးသူတောင်သူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနများမှ ကျွမ်းကျင်ပညာရှင်များက ပဲမျိုးစုံတွင် ကျရောက်တတ်သော ဖျက်ပိုးကာကွယ်နှိမ်နင်းနည်းများ၊ ရောဂါကာကွယ်နှိမ်နင်းနည်းများ၊ သိုလှောင် နည်းစနစ်များ၊ သီးနှံဖျက်ပိုးနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ ပိုးသတ်ဆေး စနစ်တကျ ကိုင်တွယ်ခြင်းနည်းများနှင့် ဓာတ်မြေဩဇာများအား စနစ်တကျ သုံးစွဲနည်းဘာသာရပ်များကို ဆွေးနွေးပို့ချခဲ့ကြကြောင်း သိရသည်။

ထိုကဲ့သို့ သင်တန်းပို့ချခဲ့ရာ အောက်တိုဘာလ ၃၀ ရက်တွင် ပဲခူးတိုင်း၊ ကဝမြို့နယ်၊ အုန္နဲကျေးရွာ၌လည်းကောင်း၊ နိုဝင်ဘာလ ၂ ရက်တွင် ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ စိုင်တီကျေးရွာ၌လည်းကောင်း၊ နိုဝင်ဘာလ ၃ ရက်တွင် ပဲခူးတိုင်း၊ သနပ္ပင်မြို့နယ်၊ မကျက်စုကျေးရွာ၌လည်းကောင်း၊ နိုဝင်ဘာလ ၄ ရက်တွင် ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ မြမြင့်မိုရ်ခန်းမ၌လည်းကောင်း၊ နိုဝင်ဘာလ ၇ ရက်တွင် ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်၊ သာသနာ့ဗိမာန်၌လည်းကောင်း၊ နိုဝင်ဘာလ ၈ ရက်တွင် ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ ကရင်ဆိပ်ကျေးရွာ၌လည်းကောင်း၊ နိုဝင်ဘာလ ၁၀ ရက်တွင် ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ ကန်ပြောင်ကျေးရွာ၌လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

အီးယူနိုင်ငံများသို့ ပဲပင်ပေါက်ပြုလုပ်ရန်အတွက် မြန်မာ့ ပဲတီစိမ်းများ တင်ပို့ရာတွင် အီးယူက သတ်မှတ်ထားသည့် စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအနက် အခြေခံကျသည့် GAP, GHP သင်တန်းများကို သက်ဆိုင်ရာ ဌာနများနှင့် အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စိုက်ပျိုးသူတောင်သူများအား တတိယအကြိမ်မြောက် အောင်မြင်စွာ သင်ကြားပို့ချနိုင်ခဲ့သည့်အတွက် အရည်အသွေးဦးစားပေးသည့် အီးယူဈေးကွက်သို့ မြန်မာ့ပဲတီစိမ်းများ အရှိန်အဟုန်ဖြင့် တိုးတက်တင်ပို့နိုင်တော့မည် ဖြစ်ကြောင်း သိရှိရပါသည်။

**KT(သတင်း နည်းပညာ/ အရည်အသွေး)**

# ကယားပြည်နယ် အနာဂတ်ပြောင်းဈေးကွက်ခိုင်မာရေး ကြိုးပမ်းဆောင်ရွက်

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှာ ၂၀၁၆ ခုနှစ်၊နိုဝင်ဘာ ၁၂ ရက်က ကယားပြည်နယ်အတွင်း အစေ့ထုတ် ပြောင်းဈေးကွက်နဲ့ ပတ်သက်တဲ့ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲများကို ဖြေရှင်းနိုင်ဖို့ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စားသုံးသူရေးရာ ပြည်နယ်ဦးစီးမှူး ရုံးအစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပါတယ်။ အဲဒီညှိနှိုင်းအစည်းအဝေးသို့ ကယားပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမော်မော် ဦးဆောင်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြောင်းကုန်သည် လုပ်ငန်းရှင်များ၊ ပြောင်းစိုက်တောင်သူများ တက်ရောက်ခဲ့ကြပါတယ်။

ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမော်မော်က လက်ရှိတောင်သူများ ကြုံတွေ့နေရတဲ့ ပြောင်းဈေးကွက်အခက်အခဲတင်မဟုတ်ဘဲ နောင်နှစ်များတွင် ပြောင်းဈေးကွက် ခိုင်မာမှုရှိစေရန် ညှိနှိုင်း ဆွေးနွေးသွားဖို့လိုကြောင်း ပြောကြားခဲ့ပါတယ်။

စားသုံးသူရေးရာပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းက ကမ္ဘာ့ပြောင်းဈေးကွက်မှာ အိန္ဒိယ၊ ပါကစ္စတန်၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့မှာ ပြောင်းအများဆုံးဝယ်ယူကြောင်း၊ ကမ္ဘာ့ပြောင်းဈေးကျ၍ မြန်မာပြောင်းဈေးကျဆင်းရကြောင်း၊ တရုတ်နိုင်ငံအတွင်း စပါး၊ ပြောင်း၊ ကြံတို့ကို မစိုက်မနေရစနစ်ကို ကျင့်သုံးနေတာကြောင့် တရုတ်နိုင်ငံ၏ ပြောင်းတင်သွင်းမှု ကျဆင်းနေကြောင်း၊ ထို့ပြင် အဖမ်းအဆီးများ များပြားနေခြင်းကြောင့်လည်း မြန်မာဘက်မှ ပြောင်းတင်ပို့မှု လျော့နည်းနေရခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ယခင်နှစ်က ဘိန်းအစားထိုးသီးနှံဖြစ်တဲ့ ပြောင်းကို တန်ချိန်တစ်သိန်းအထိ ဝယ်ယူခဲ့သော်လည်း ယခုနှစ်မှာ သုံးသောင်းခွဲခန့်သာ ဝယ်ယူခဲ့ကြောင်း၊ ကယားပြည်နယ်တွင် စိုက်ပျိုး ထွက်ရှိသည့် ပြောင်းအရည်အသွေးသည် နိမ့်သည့်အတွက် ဈေးနှုန်းအနည်းငယ်သာ ရရှိနေကြောင်း၊ လွိုင်ကော်မြို့ရှိ ပွဲရုံများမှာလည်း နိုဝင်ဘာလ ၃ ရက်မှ ၉ ရက်အထိ ၉၇၅ တန်ကျော်သာ တင်ပို့နိုင်ခဲ့ကြောင်း၊ ထို့ပြင် ကြိုပွဲလုပ်ငန်းစနစ်ဖြင့် ရောင်းဝယ်နိုင်ရန်အတွက် ကယားပြည်နယ် ကုန်စည်ဒိုင်ဖြစ်မြောက်ရေးမှာ အရေးကြီးပါကြောင်း၊ ပြောင်းဈေးနှုန်းနှင့် ပတ်သက်၍ ကယားကုန် ဈေးနှုန်း ဖော့စ်ဘုတ်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်



ကြောင်း၊ ယခုအခါ၌ ကယားပြည်နယ်တွင် တစ်ရက်လျှင် ပြောင်းတန်ချိန် ၅၀ မှ ၁၅၀ အထိထွက်ရှိပြီး တစ်ပိဿာလျှင် ကျပ် ၂၆၀ ရှိကြောင်း ဆွေးနွေးပြောကြားခဲ့ပါတယ်။

ထို့ပြင် သမဝါယမဦးစီးဌာနနဲ့ စိုက်ပျိုးရေးဘဏ်တို့ကလည်း သက်ဆိုင်ရာဌာနအသီးသီးရဲ့ ချေးငွေကိစ္စများကို အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးခဲ့ကြပါတယ်။

ထို့နောက် ကယားပြည်နယ်အတွင်းရှိ ပြောင်းကုန်သည်လုပ်ငန်းရှင်များက ပြောင်းအခြောက်ခံစက်များနဲ့ပတ်သက်၍လည်းကောင်း၊ ကုန်စည်ဒိုင် အမြန်ဖွင့်လှစ်ရေးနှင့် နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရန်အတွက် သွင်းအားစုများနဲ့ ပတ်သက်တဲ့ ကိစ္စရပ်များအား လျှော့ချစေလိုကြောင်း၊ ဈေးကွက်ရရှိရန် ကုန်ချောစနစ် ပြောင်းလဲနိုင်ဖို့လိုကြောင်း ဆွေးနွေးပြောကြားခဲ့ကြပါတယ်။

ပြောင်းစိုက် တောင်သူများကလည်း ပြောင်းစိုက်တောင်သူများရဲ့ အကျိုးစီးပွား ကာကွယ်ပေးရန်အတွက် အစိုးရ(သို့မဟုတ်) ကုန်သည်လုပ်ငန်းရှင်များက ကြိုပွဲလုပ်စနစ်ဖြင့် ဝယ်ယူစေလိုကြောင်း၊ ဈေးနှုန်းဈေးကွက်မှန်ကန်စေရန် ကုန်စည်ဒိုင် အမြန်ဖွင့်စေလိုပါကြောင်း၊ ပြောင်းဈေးကျလျှင် ပြောင်းမစိုက်တော့ဘဲ စိုက်ပျိုးရလွယ်ကူပြီး ဈေးကောင်းရတဲ့ ဘိန်းကို ပြန်လည် အစားထိုးစိုက်ပျိုးလာမှာကို စိုးရိမ်ရပါကြောင်း၊ ကယားပြည်နယ်လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ တောင်သူလယ်သမားများဖြစ်တာကြောင့် တောင်သူလယ်သမားများရဲ့ အခက်အခဲကို အစိုးရက ကူညီဖြေရှင်းပေးစေလိုကြောင်း တင်ပြဆွေးနွေးခဲ့ကြပါတယ်။

ကယားပြည်နယ်ရဲ့ အနာဂတ်ပြောင်းဈေးကွက် ခိုင်မာစေရန်အတွက် ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်ဒိုင် အမြန်ဖွင့်လှစ်ရေး၊ ပြောင်းကုန်ကြမ်းမှ တန်ဖိုးမြှင့် ကုန်ချော ထုတ်လုပ်နိုင်ရေး၊ ပြောင်း အရည်အသွေးကောင်းရန် စိုက်ပျိုးရေးနည်းစနစ်များ ဖြန့်ဝေပေးခြင်း စသည့်အချက်များကို ဆုံးဖြတ်ခဲ့ကြပြီး ပြောင်းဈေးကွက်၊ ဈေးနှုန်းရရှိရေး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို လာမယ့် ဒီဇင်ဘာလ ၁၇ ရက်တွင် စားသုံးသူရေးရာပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမမှာ ဆက်လက် ကျင်းပဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ သိရှိရပါတယ်။

**မြို့ရီ (စားသုံးသူ၊ကယား)**



# ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၆၀၀၀ ကျော်ရရှိပြီး ယခင်နှစ် ကာလတူထက် မြင့်တက်နေပြီ

|ရှင်မင်းအုံ (တန့်ဆည်)|

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့ ပုဂ္ဂလိကကဏ္ဍနဲ့အစိုးရကဏ္ဍ ပူးပေါင်းဆောင်ရွက်ပြီး ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံနဲ့ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ကုန်သွယ်မှုမူဝါဒဆိုင်ရာများကို ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့သလို အစိုးရသစ်လက်ထက်တွင် ပို့ကုန်သုံးဆတိုးမြှင့်စေရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ခဲ့မှုတွေကြောင့် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုကဏ္ဍအသီးသီးမှာ အခက်အခဲတွေ ၊ စိန်ခေါ်မှုတွေရှိနေပေမယ့် ပို့ကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာသန်း ၇၀၀၀ နဲ့ သွင်းကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာသန်း ၉၀၀၀ ကျော် ရှိခဲ့တဲ့အတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာသန်း ၁၆၀၀၀ ကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အဲဒီပမာဏဟာ အရင်နှစ်ကထက် ပို့ကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၅၅၂ သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့သလို သွင်းကုန်ကဏ္ဍမှာလည်း အမေရိကန်ဒေါ်လာ သန်း ၄၉၀ ကျော် လျော့နည်းတင်သွင်းခဲ့တာကြောင့် ကုန်သွယ်မှုပိုငွေဟာ အမေရိကန်ဒေါ်လာ ၆၂ သန်း ပိုမိုခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အဓိကတင်ပို့နေတဲ့ ပို့ကုန်ပစ္စည်းတွေကတော့ သဘာဝဓာတ်ငွေ့၊ ကျောက်စိမ်းနဲ့သတ္တုတွင်းထွက်ပစ္စည်းများ၊ CMP ချုပ်ပြီး အထည်တွေ၊ Re-export စနစ်နဲ့တင်ပို့တဲ့ သကြား၊ လယ်ယာထွက်ကုန်ပစ္စည်းတွေဖြစ်တဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲဆန်တို့ ဖြစ်ပါတယ်။ ပြည်ပကနေ မြန်မာနိုင်ငံကို အဓိကတင်သွင်းတဲ့ သွင်းကုန်ပစ္စည်းတွေကတော့ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ဆက်စပ်ပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့် သံမဏိပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများဖြစ်ပါတယ်။

သွင်းကုန်ပိုင်းမှာ လျော့နည်းခဲ့ရတဲ့အကြောင်းက နိုင်ငံတော်ရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ၊ ပုဂ္ဂလိကကဏ္ဍရဲ့ ထုတ်လုပ်မှုလုပ်ငန်းတွေ၊ SME လုပ်ငန်းတွေအတွက် ရင်းနှီးမြှုပ်နှံမှုပစ္စည်း တင်သွင်းမှု လျော့နည်းခဲ့တဲ့အတွက် သွင်းကုန်ပိုင်းမှာ လျော့နည်းခဲ့ပြီး ကုန်သွယ်မှုပိုငွေပြနေရတာဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် သကြား၊ ကွမ်းသီး၊ စက်သုံးဆီတို့ကို Re-export စနစ်နဲ့ကုန်သွယ်ခွင့်ပြုခဲ့ရာမှာ အောင်မြင်ခဲ့တဲ့အတွက် အဝတ်အထည်၊ ကြက်သွန်ဖြူ၊ နှမ်း(ဖြူ/နက်)၊ ငရုတ်သီးခြောက်၊ မြေပဲ၊ ဝါဂွမ်း၊ ပဲပုပ်စေ့၊ ချည်မျှင်၊ သစ်သီးအစုံ၊ လျှပ်စစ်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အချိုရည်အမျိုးမျိုးနဲ့စားသောက်ကုန်ပစ္စည်းများ၊ စားသုံးဆီ၊ ကားတာယာတို့ကိုလည်း Re-export စနစ်နဲ့ တင်ပို့ခွင့်ကို ထပ်မံ ခွင့်ပြုခဲ့ပါတယ်။ ယခင်က ဈေးကွက်ရှိပြီးဖြစ်တဲ့ အေးခဲအသားကိုလည်း Re-export စနစ်နဲ့ကုန်သွယ်မှုပြုနိုင်ဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိတယ်လို့ ဆိုပါတယ်။

> ပို့ကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာသန်း ၇၀၀၀ နဲ့ သွင်းကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာသန်း ၉၀၀၀ ကျော် ရှိခဲ့တဲ့အတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏဟာ အမေရိကန် ဒေါ်လာသန်း ၁၆၀၀၀ ကျော်. . . . .

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ နယ်စပ်ဒေသမှာ နေထိုင်တဲ့ပြည်သူများ ကူးသန်းရောင်းဝယ်မှု အဆင်ပြေစေဖို့ တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (ITC) ကတ်နဲ့ မှတ်ပုံတင်ထားသူတွေကို မော်တော်ဆိုင်ကယ် တင်သွင်းခွင့်ပြုခဲ့ပါတယ်။ မော်တော် ဆိုင်ကယ်တင်သွင်းခွင့်ပြုရာမှာ တစ်ဦးကို တစ်ရက်လျှင် မော်တော်ဆိုင်ကယ် တစ်စီးနှုန်းဖြင့် တစ်ပတ်လျှင် ဆိုင်ကယ်ငါးစီးတင်သွင်းခွင့်ပြုတဲ့အတွက် နယ်စပ်စခန်းများမှ မော်တော်ဆိုင်ကယ်တင်သွင်းမှုများ ပိုမိုဆောင်ရွက်လာကြတာကို တွေ့ရပါတယ်။

ဒါ့အပြင် ယခင်က သွင်းကုန်လိုင်စင်လျှောက်ထားရယူ ဆောင်ရွက်ရမယ့် ကုန်စည်လိုင်း ၄၄၀၅ လိုင်းအနက်မှ ကုန်စည်လိုင်း ၂၆၇ လိုင်းကို သွင်းကုန်လိုင်စင်လျှောက်ထားဖို့ မလိုတဲ့ကုန်စည်လိုင်းများအဖြစ် ထပ်မံဖြေလျှော့ပေးခဲ့တဲ့အတွက် ကုန်သွယ်မှုကဏ္ဍမှာ ပိုမိုတိုးတက်လာတာ တွေ့ရပါတယ်။

ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက်လည်း ပြည်ပသို့ တင်ပို့ခွင့်မပြုတဲ့ကုန်ပစ္စည်းများအနက် ပန်းနှမ်းဆီ၊ မုန်ညင်းစေ့၊ မုန်ညင်းဆီ၊ နေကြာစေ့၊ နေ ကြာဆီ၊ ဆီကြိတ်ဖတ်အားလုံး၊ ပုစွန်ဖွဲ့စတဲ့ ပစ္စည်းငါးမျိုးကို ပြည်ပသို့ တင်ပို့ခွင့်ပြုခဲ့ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနဟာ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှု ဘက်စုံလေ့လာဆန်းစစ်ခြင်း (Diagonstic Trade Integration Study – DTIS) အစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနားကို နေပြည်တော်မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ရာ နိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ချီးမြှင့်ပေးခဲ့ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာ ကုန်သွယ်မှုသတင်းအချက်အလက်များ ပွင့်လင်းမြင်သာမှုရှိစေရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကို အထောက်အကူ ဖြစ်စေရေးနဲ့ ပိုမိုကောင်းမွန်တဲ့ စီးပွားရေးပတ်ဝန်းကျင်တစ်ခု တည်ဆောက်နိုင်ဖို့ ရည်ရွယ်ပြီး National Trade Portal and Trade Repository Website မိတ်ဆက်ပွဲ အခမ်းအနားကို နေပြည်တော်မှာ ကျင်းပခဲ့ရာ နိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ချီးမြှင့်ခဲ့ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ ပြည်ပသို့ ဆန်စပါးတင်ပို့နိုင်ရန်အတွက် ဆန်စပါးကုန်သွယ်မှုကဏ္ဍနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံတွင် တန်းမြင့်ဆန်များ ထုတ်လုပ်နိုင်ရေးနဲ့ ဈေးကွက်ဝင် စံချိန်စံညွှန်းများရရှိရေးအတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရဲ့ AQSIQ မှ ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်သူများနဲ့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ကို တွေ့ဆုံဆွေးနွေးစေ၍ နည်းပညာများ ရရှိနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။

မြန်မာနိုင်ငံမှ ဆန်များဟာ တရုတ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်ဈေးကွက်များသို့ တင်ပို့ရာမှာ အရည်အသွေးပိုင်းသာမက တစ်ဧကအထွက်နှုန်းပိုင်းမှာပါ နည်းပညာအရ လိုအပ်ချက်များ ရှိနေတဲ့အတွက် အဲဒီလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး၊ အရည်အသွေး နိမ့်ကျရတဲ့ အကြောင်းရင်းတွေဖြစ်တဲ့ မျိုးစေ့၊ နည်းပညာတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီပေးလျက်ရှိကြောင်းသိရှိရပါတယ်။ ဒါ့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့လည်း တောင်သူလယ်သမားများ စပါးစိုက်ပျိုးရာမှာ သွင်းအားစုများ ဝယ်ယူရာမှာ အဆင်ပြေလွယ်ကူစေရန်အတွက် တစ်ဧကလျှင် ကျပ်ငွေ ၁၅၀၀၀၀ နှုန်း၊ ပဲမျိုးစုံစိုက်ပျိုးတဲ့ တောင်သူများအတွက် တစ်ဧကလျှင် ကျပ် ၂၀၀၀၀၊ ချက်ကြံစိုက်တောင်သူများအတွက် တစ်ဧကလျှင် ၁၀၀၀၀၀ နှုန်းဖြင့် တောင်သူလယ်သမားများကို ချေးငွေများ ထုတ်ပေးလျက်ရှိကြောင်း သိရပါတယ်။

မြန်မာ့ဆန်များကို နိုင်ငံတကာဈေးကွက်သို့ တိုးချဲ့တင်ပို့နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်ထောင်စုဝန်ကြီး၏ ပြည်ပခရီးစဉ်များမှာ လည်းကောင်း၊ ပြည်ပအဖွဲ့အစည်းများမှ ပြည်ထောင်စုဝန်ကြီးအား လာရောက်တွေ့ဆုံတဲ့အခါမှာ လည်းကောင်း ဆန်စပါးဈေးကွက် ပိုမိုရရှိရေးအတွက် ညှိနှိုင်းဆွေးနွေးပေးလျက်ရှိကြောင်း သိရှိရပါတယ်။

ဒါ့အပြင် မြန်မာ့ဆန်များကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် တစ်ဖက်နိုင်ငံမှ ကန့်သတ်ဆောင်ရွက်မှုများရှိသဖြင့် တရားဝင်တင်ပို့ခွင့်ရရှိရေးအတွက် နှစ်စဉ်ပြုလုပ်တဲ့ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုပူးပေါင်းညှိနှိုင်းမှုကော်မတီ (JBTCCC) များတွင်လည်းကောင်း၊ နှစ်နိုင်ငံတာဝန်ရှိသူများ တွေ့ဆုံရာတွင်လည်းကောင်း၊ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးလျက်ရှိပါတယ်။

၂၀၁၄ ခုနှစ်အတွင်း နှစ်နိုင်ငံ Quarantine ကိစ္စများ ဆွေးနွေးခဲ့ပြီးနောက် တရုတ်နိုင်ငံဝန်ကြီးချုပ်ရဲ့ မြန်မာနိုင်ငံခရီးစဉ်အတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် လယ်ယာကဏ္ဍကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို Criteria စံသတ်မှတ်ချက်များနဲ့ လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာကုမ္ပဏီ ၂၉ ခုက ဆန်တန်ချိန် ၁၀၀၀၀၀ တင်ပို့ရန် သဘောတူညီခဲ့ကြောင်း သိရှိရပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ သံအမတ်ကြီးနဲ့ ပြည်ထောင်စုဝန်ကြီးတို့ တွေ့ဆုံစဉ်က မြန်မာနိုင်ငံမှ ဆန်ကို အင်ဒိုနီးရှားနိုင်ငံက ပိုမိုဝယ်ယူနိုင်ရေး၊ မြန်မာနိုင်ငံမှဆန် တင်ပို့နိုင်ရန်အတွက် မြန်မာနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့အကြား နားလည်မှု စာချွန်လွှာမူကြမ်း ပြင်ဆင်ရန် နှစ်နိုင်ငံညှိနှိုင်းလျက်ရှိကြောင်း၊ ဖိလစ်ပိုင်နိုင်ငံမှလည်း ဝယ်လိုအားရှိနေသဖြင့် G to G ရောင်းချနိုင်ရေး ညှိနှိုင်းလျက်ရှိကြောင်း စုံစမ်းသိရှိရပါတယ်။

စာမျက်နှာ (၂၂)သို့ ➢

**ALLWIN CO., LTD**

ALLWIN

OTTO THAILAND ELECTRONIC



No.325, Pansodan Road (Upper Block),Kyauktada Tsp, Yangon
No. (274,276), Seikkanthar Street, Kyauktada Tsp, Yangon
Ph : 248239, 09421163941
E-mail:allwin.otto@gmail.com

**ဓနုဖြူ ဒေါ်စောရီ** (တာမွေဆိုင်ခွဲ)

မြန်မာထမင်းဆိုင်




**UNIQUE BROTHERS CO., LTD.**

**(EXPORT- IMPORT)**

**AGENT & DISTURIBUTOR OF**

**M.J Biopharm Pvt.Ltd.**

**No.100-102,52th Street,Yangon,Myanmar.**
**Tel: 01-290055,9010243 Fax:0951-290055**
**E-mail:ubwin@mptmail.net.mm**




အမှတ် (၁၇၃)၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ ကျိုက်လတ်လမ်းထိပ်(အ.ထ.က - ၄)အနီး
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း (၀၁) - ၅၃၂၃၇၆
၀၉ - ၅၁၉၇၄၂၀၊ ၀၉ - ၇၃၀၈၆၃၆၄၊ ၀၉၄၅၄၁၉၈၂၂

Vol: 16, No.44 Monday November 21 2016

## ပြောင်း

# လှိုင်ကော်မှ မူဆယ်နှင့် ရန်ကုန်သို့ ပြောင်းတန်ချိန် သုံးရာကျော် တင်ပို့

လှိုင်ကော်မြို့၌ ယခုရက်သတ္တပတ်အတွင်း ဖြစ်ပေါ်နေသော ပြောင်းဈေးနှုန်းများမှာ ပြောင်း၏ အရည်အသွေး၊ အစိုဓာတ်ပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးကွဲပြားလျက်ရှိပါသည်။ အရည်အသွေးကောင်းပါက တစ်ပိဿာကျပ် ၂၇၀ မှ ၂၈၅ ကျပ်အထိ ဈေးရရှိပြီး အရည်အသွေးမမီ စိုထိုင်းဆများပါက ကျပ် ၂၅၀ မှ ၂၆၀ အထိ ဈေးရရှိပါသည်။

ယခင်တစ်ပတ်က ပြောင်းတန်ချိန် ၁၀၀၀ ခန့်တင်ပို့ခဲ့ပြီး ယခု တစ်ပတ်မှာတော့ ၃၅၃ တန်ခန့် တင်ပို့နိုင်ခဲ့ပါသည်။ မူဆယ်မြို့သို့ အဓိက တင်ပို့ရောင်းချပြီး ရန်ကုန်မြို့သို့လည်း အနည်းငယ် တင်ပို့ရောင်းချကြောင်း သတင်းရရှိပါတယ်။

**ဗညားထက် (Myan Trade)**
**လှိုင်ကော်**

# ကုန်သွယ်ရေးစခန်းများမှ ပြောင်းတန်ချိန် လေးသောင်းနီးပါး တင်ပို့

နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက် အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ် စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး စခန်းလေးခုမှ အမေရိကန် ဒေါ်လာ ၇ ဒသမ ၅၁၉ သန်း တန်ဖိုးရှိပြောင်းတန်ချိန် ၃၇၇၇၉ တန်ကျော်အထိ တင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၃၄၀၉၈ တန်ခွဲ၊ လွယ်ဂျယ်မှ ၃၂၇၄ တန် ကျော်၊ ချင်းရွှေဟော်မှ ၈၆ တန်ခွဲနဲ့ ကန်ပိုက်တီးမှ တန် ၃၂၀ ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က အဆိုပါစခန်းလေးခုပေါင်းမှ ၃၃၉၇၆ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ်တွင် ပြောင်းတန်ချိန် ၃၈၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ နိုဝင်ဘာ ၄ ရက်မှာ ၂၆၆၉၆၀ ကျပ် ရှိရာမှ နိုဝင်ဘာ ၁၁ ရက်မှတော့ ၂၇၅၉၄၀ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ သယ်ယူ စရိတ်မှာ တစ်ပိဿာ ၅၁-၅၃ ကျပ်ရှိပြီး ကားစီးရေ ၁၁၈၉ စီး ဝင်ရောက်ခဲ့ကြောင်း မူဆယ် ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# ကော်ဖီစေ့တန် ၂၀ ကျော် တရုတ်နိုင်ငံသို့ တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၄၉၈ တန်ဖိုးရှိ ကော်ဖီစေ့ ၂၁ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ အောက်တိုဘာက ၅ တန် တင်ပို့ခဲ့ပြီးနောက် ယခုလမှာ ၂၁ တန်ကျော် တင်ပို့ခဲ့ တာဖြစ်ပါတယ်။ ကော်ဖီစေ့ တစ်တန်ကို (မိမိဘက်ဈေး) ကျပ် ၁၂ သိန်းကျော်ရှိပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၀ ခုနှစ် ဝန်းကျင်တွင် ပြည်ပသို့ ပထမဆုံးအဖြစ် ကော်ဖီတင်ပို့ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ကော်ဖီရာသီချိန်တွင် ရှာငံမှကော်ဖီစေ့ များကို တရုတ်နိုင်ငံသို့ တန် ၂၄၀၊ ထိုင်းသို့ တန် ၃၀၊ ဂျပန်သို့ ၁၈ တန်နဲ့ ပြည်တွင်း ဈေး ကွက်သို့ တန် ၃၀ တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

# ပြည်ပမှ ရော်ဘာဝယ်လိုအား မြင့်တက်သဖြင့် ရော်ဘာဈေး ပြန်လည်ဦးမော့လာ

နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၉၅ သန်း တန်ဖိုးရှိရော်ဘာအဆင့်စုံ ၁၉၉၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS 1 ၂၇ တန်၊ RSS 3 ၆၈၉ တန်ခန့်၊ RSS 5 ၈၃၄ တန်နဲ့ MSR 50 ၂၈၆ တန်ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS3 ၁၀၂ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး တန် ၆၀ တင်ပို့ပြီး ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၁၆၀၇ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၉၁ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ် RSS 3 တစ်တန်ကို ကျပ် ၁၆ ဒသမ ၄၄ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ကျပ် ၈၇၀၀ ဈေးမြင့်တက်လာကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၄ သန်းတန်ဖိုးရှိ ရော်ဘာ ၁၄၄၅ တန် တင်ပို့ခဲ့ပြီး မလေးရှားနိုင်ငံသို့ RSS3 တန် ၉၆၀ နဲ့ MSR 10 တန် ၇၀၊ ဂျပန်နိုင်ငံသို့MSR 20 ၂၉၄ တန်၊ စင်ကာပူနိုင်ငံသို့MSR 20 ၁၂၁ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၄၃ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ရော်ဘာတင်ပို့မှု ၆၀၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ ရော်ဘာ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၈၇၃ သန်းဖိုးနဲ့ တန်ချိန် ၆၁၁၃၈ ကျော်ဖြစ်ပြီး ယမန်နှစ်ကာလတူထက် ၁၁၂၉၃ တန်ပိုမို တင်ပို့ထားကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာဈေး တစ်တန်လျှင် ဒေါ်လာ ၁၀၀ ကျော် တက်လာကြောင်းနဲ့ ပြည်ပပို့မယ့် မြန်မာ့ရော် ဘာဈေးကိုလည်း တစ်တန်လျှင် ဒေါ်လာ ၁၀၀ တိုး၍

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၅၀-၁၆၅၀၊ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၀၀-၁၆၀၀၊ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၅၀၊ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀၊ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀၊ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၅၀၊ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀၊ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀၊ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ | ၁၇၀၀-၁၈၀၀၊ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |

မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# တရုတ်နိုင်ငံသို့ ပရဆေးလျော့နည်းတင်ပို့

နိုဝင်ဘာ ၅ရက်မှ ၁၁ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန် ဒေါ်လာ သုည ဒသမ ၈၁၅သန်း တန်ဖိုးရှိပရဆေးကုန်ကြမ်း အမယ် ၁၃မျိုး ကို တန်ချိန်အားဖြင့် ၅၀၀နီးပါးခန့် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ တောချင်း၊ တောဂျုံးမြစ်၊ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ နနွင်းတက်၊ ဆီးဆန်၊ ဆီးသီးခြောက်၊ ချဉ်ပေါင်ဖာလာ၊ ဆေးမြင်းခွာ၊ စမုံနက်၊ နေလဲစေ့၊ ကြောင်ပန်းစေ့နဲ့ မိကျောင်း ကွမ်းဖတ်စေ့တို့ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တန် ၆၀၀ခန့် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ပရဆေးတင်ပို့မှု တန်၁၀၀ကျော် လျော့နည်းခဲ့ပါတယ်။

မြန်မာနိုင်ငံမှ ပရဆေးကုန်ကြမ်းတွေကို တရုတ်နိုင်ငံမှာ တိုင်းရင်းဆေး ဖော်စပ်ရာ၌ လည်းကောင်း၊ ဟင်းခတ်အမွှေးအကြိုင် လုပ်ရာမှာလည်းကောင်း အသုံးပြုကြတာလို့ သိရပါတယ်။

**မော်မော်အောင်**

# ထိုင်းပို့ကုန်လုပ်ငန်းရှင်များနှင့် ဟောင်ကောင်ဝယ်လက်များ ဆန်နှင့် ပီလောပီနံများရောင်းချရေး နားလည်မှု စာချွန်လွှာရေးထိုး

ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက စီစဉ်ပြုလုပ်သည့် စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ၌ ထိုင်းနိုင်ငံ ပို့ကုန်လုပ်ငန်းရှင်များသည် ဟောင်ကောင်လုပ်ငန်း ရှင်များအား ဆန်တန်ချိန် ၁၁၀၀၀နှင့် အမေရိကန်ဒေါ်လာ ၁၅၆ သိန်း တန်ဖိုးရှိ ပီလောပီနံချပ် (Tapioca chip) တန်ချိန် ရှစ်သိန်းရောင်းချရန် နားလည်မှုစာချွန်လွှာ (MoUs) ငါးခု ကို နိုဝင်ဘာလ ၁၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရသည်။ စာချွန်လွှာအရ ရောင်းချမည့်ဆန်များမှာ ဟုန်မာလီဆန်မွှေး ဆန်တန်ချိန် ၁၀၀၀၀ ၊ ဆန်လုံးညို (Gaba rice) တန် ၁၀၀ ၊ အဆင့်မြင့်ဘယ်ရီဆန်ထိပ်စ (High-value riceberry) ၆၀၀ တန် နှင့် ဘယ်ရီဆန် ၄၀၀ တန်တို့ ဝယ်ယူရန်ရှိကြောင်း၊ ထို့အပြင် သုံးရက်ကြာ ပြုလုပ်သည့် အဆိုပါ စီးပွားရေးဆိုင်ရာ တွေ့ဆုံ ဆွေးနွေးပွဲတွင် နိုင်ငံပေါင်း ၄၁ နိုင်ငံမှ လုပ်ငန်းရှင် ၃၀၀ ဦး၊ ပီလောပီနံနှင့် ယင်းတို့မှ ထွက်ရှိသော ပစ္စည်းများရောင်းဝယ်ခြင်းနှင့် ပတ်သက်သည့် ပြည်တွင်း လုပ်ငန်းရှင် ၁၀၀ ဦးတို့ တက်ရောက်ကြသည်။ အဆိုပါ ဆန်နှင့် ပီလောပီနံများအတွက် ဘတ် ၆၃ ဘီလီယံဖိုးရောင်းကုန်အမှာစာများ ရရှိနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ဤတွေ့ဆုံ ဆွေးနွေးပွဲသည် ယခုနှစ် ကျန်ကာလများတွင် မိမိတို့၏ လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းချမှုကို မြှင့်တင်ပေးနိုင် မည်ဟု မျှော်လင့်ကြောင်း၊ ထို့အပြင်ပို့ကုန်များ ပိုမိုတင်ပို့နိုင်ပါက ဆန်ဈေးနှုန်းများလည်း မြင့်တက်မည်ဟု မျှော်လင့်ကြောင်း၊ မိမိတို့ ထိုင်းဆန်များအနေဖြင့် ဗီယက်နမ်ဆန်များနှင့် ဈေးနှုန်း ယှဉ်ပြိုင်နိုင်မှုကြောင့် ပြည်ပသို့ ထိုင်းဆန်တင်ပို့မှု အလားအလာလည်း ကောင်းမွန်နိုင်မည်ဖြစ်ကြောင်း၊ ဆန်ဈေးနှုန်း မြင့်တက်ရန် ပုဂ္ဂလိကကဏ္ဍနှင့် လက်တွဲ လုပ်ကိုင်ကာ ဈေးနှုန်းကျဆင်းမှုကို ထောက်ကန်ပေးနိုင်မည့် များပြားသည့် အစီအမံများကို အစိုးရက ချမှတ်ထားပြီးဖြစ်၍ မကြာမီ ပြည်တွင်း ဆန်ဈေးနှုန်းများ ပြန်လည် တိုးတက်ကောင်းမွန်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံအစိုးရသည် ယခင်ရက်သတ္တပတ်က ဆန်ဖြူ နှင့် ဆန်မွှေး (Pathum Thani fragrant) စိုက်ပျိုးရန်နှင့် သိုလှောင်သိမ်းဆည်းရန် ဘတ် ၁၈ ဘီလီယံတန်ဖိုးရှိ ဆန်စပါးသစ်များအတွက် ထောက်ပံ့မှု အစီအစဉ်တစ်ရပ် ဆောင်ရွက်ရန် သဘောတူခဲ့ကြောင်း၊ အဆိုပါအစီအစဉ်အရ ဆန်ဖြူစိုက်ပျိုးသူများအား တစ်တန်လျှင် ဘတ် ၇၀၀၀ နှင့် Pathum Thani ဆန်မွှေးစိုက်ပျိုးသူများအား တစ်တန်လျှင် ဘတ် ၇၈၀၀ နှုန်းဖြင့် ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ဆန်နှစ်မျိုးစလုံး သိုလှောင်ခအတွက် တစ်တန်လျှင် ဘတ် ၁၅၀၀ နှင့် ရိတ်သိမ်းမှုနှင့် အရည်အသွေးတိုးမြှင့်ရန်အတွက် တစ်တန်လျှင် ဘတ် ၂၀၀၀ ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံအစိုးရသည် ယခုလအစောပိုင်းကလည်း ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် ဆန်ဈေးနှုန်းများ ကျဆင်းခြင်းအတွက် တောင်သူများအား အကူအညီပေးရန် ဘတ် ဘီလီယံ ၂၀ အထက် တန်ဖိုးရှိ အထောက်အပံ့ပေးမှု အစီအစဉ်တစ်ရပ်အားလည်း ထုတ်ပြန်ခဲ့သည်။

ထိုင်းနိုင်ငံသည် ဘီနင်၊ တရုတ်၊ အမေရိကန်၊ တောင် အာဖရိကနှင့် အိုင်ဗရီကို့စ်နိုင်ငံ စသည့် အဓိက နိုင်ငံများ အပါအဝင်ကမ္ဘာ့ဈေးကွက်သို့ ၂၀၁၆ ခုနှစ် ပထမကိုးလ အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၈ ဘီလီယံ တန်ဖိုးရှိ ဆန်တန်ချိန် သိန်းပေါင်း ၆ ဒသမ ၈၅ တန်တင်ပို့ထားကြောင်း သိရှိရသည်။

**Source: Riceonline**
**စန္ဒာထွန်း (TTI)**

# ကွမ်ကျူးတစ်ခေါက်

|ခင်မောင်ညို(ဘောဂဗေဒ)|

ဒီတစ်ခေါက်ကွမ်ကျူးမှာလုပ်တဲ့ တရုတ်အာဆီယံဆွေးနွေးပွဲတွေမှာ မြန်မာနိုင်ငံက စက်မှုဝန်ကြီးတက်ရောက်ဆွေးနွေးတာကြားရတယ်။ မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံကနေ သင်ခန်းစာယူစရာတွေရှိတယ်လို့ သူကပြောတော့ တရုတ်သုတေသီတွေက မြန်မာဝန်ကြီးဟာ မဝင့်ဝါဘူး(လျှိုတယ်)လို့မှတ်ချက်ချတယ်။

ဆွေးနွေးပွဲမှာမြန်မာနိုင်ငံမှာရင်းနှီးမြှုပ်နှံမှုတွေလုပ်တဲ့ အကြောင်းမကြာခဏကြားရသလို မြန်မာနိုင်ငံက ပြန်လာတဲ့ လုပ်ငန်းရှင်တွေနဲ့လည်း တွေ့ပါတယ်။ ခက်တာက သူတို့အများစုဟာ အင်္ဂလိပ်လို မပြောတတ်လေတော့ စကားပြန်မပါဘဲ စကားပြောလို့ မရဘူး။ နန်းရှာအထူးစီးပွားရေးဇုန်ကို ကွမ်ကျူးကနေ တစ်နာရီ လောက်သွားကြရတာ လမ်းမှာ ပါမောက္ခနှစ်ယောက်က သူတို့အချင်းချင်းပဲ တရုတ်လိုပြောကြတယ်။ ညစာစားတဲ့အခါကျမှ စကားပြန်နဲ့အတူ စားပွဲမှာလာထိုင်စကားပြောတယ်။ ကံအားလျော်စွာ အာဆီယံ နိုင်ငံတွေထဲက စင်ကာပူ ဗီယက်နမ်တို့ကတရုတ်လိုပြောနိုင်ကြလို့ တော်သေးတယ်။

အခုခရီးစဉ်မှာ လေယာဉ်ကတိုက်ရိုက် ၃ နာရီလောက်ပဲ စီးရတာမို့ ကွမ်ကျူးဆိုတာ အနီးလေးပဲလို့ သဘောပေါက်သွားတယ်။ လေယာဉ်ပေါ်မှာကတည်းက တရုတ်သတင်းစာတွေ ယူဖတ်ကြည့်တော့ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (Belt and Road) ဆိုတဲ့တရုတ်ရဲ့မဟာစီမံကိန်းကြီးအကြောင်း ဟိမဝန္တာချိုးမွမ်းခန်းတွေ စဖွင့်နေတာတွေ့ရပါတယ်။

ဒီမဟာစီမံကိန်းကြီးဟာတရုတ်နိုင်ငံရောအခြားပါဝင်ပတ်သက်တဲ့ နိုင်ငံတွေအားလုံးပါအကျိုးရှိမယ်လို့ တရုတ်က ပြောပေမယ့် သံသယရှိသူတွေက အများကြီးပါ။ ဒီစီမံကိန်းကြောင့် GE ကုမ္ပဏီအတွက် ပစ္စည်းအမှာတွေ ပိုတိုးလာတယ်။ စက်ပစ္စည်းတွေ၊ ဆောက်လုပ်ရေးပစ္စည်းတွေ ဝယ်ကြရာမှာ အရင်နှစ်ကထက် သုံးဆတိုးလာတယ်။ ပစ္စည်းတွေရဲ့ ၄၀ ရာခိုင်နှုန်းကတော့ တရုတ်နိုင်ငံမှာ ထုတ်လုပ်တာလို့ဆိုပါတယ်။ တရုတ်ယွမ်ငွေကနိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့သတ်မှတ်ချက်အရ အထူးငွေထုတ်ယူခွင့် (SDR) ထဲမှာပါလာလေတော့ တရုတ်ကူးသန်းရောင်းဝယ်ရေးဘဏ်တွေအတွက်၊ ပြည်တွင်းပြည်ပက ဖောက်သည်တွေအတွက် ဝန်ဆောင်မှုတွေပိုပေးနိုင်တော့မှာဖြစ်လို့ အခွင့်အလမ်းကောင်းတွေဖြစ်အောင် ပြင်ဆင်နေကြကြောင်းရေးထားတာကိုလည်း ဖတ်ရတယ်။

တရုတ် China Daily အင်္ဂလိပ်သတင်းစာထဲမှာ ပိုပြီး စိတ်ဝင်စားစရာကောင်းတာက စတော့ဒိုင်မှာ စာရင်းဝင်ထားတဲ့ ကုမ္ပဏီတွေရဲ့ စတော့ရှယ်ယာတွေကို အရောင်းအဝယ်လုပ်ရာမှာ ဘာလို့ချမ်းသာတဲ့သူတွေက အကျိုးအမြတ်တွေရနေကြသလဲဆိုတာကို မေးထားဖြေထားတာပါ။ အဖြေကလည်းလွယ်ပါသတဲ့၊ ချမ်းသာတဲ့သူတွေဟာ ရင်းနှီးမြှုပ်နှံမှုလုပ်ရာမှာ တခြားသူတွေထက်ပိုတော်လို့ပါတဲ့။ စတော့ရှယ်ယာတွေဈေးကျပြီဆိုရင်၊ ဈေးမကျခင်ကတည်းက ချမ်းသာတဲ့သူတွေဟာရှယ်ယာတွေကို အမြင့်ဈေးနဲ့ ထုတ်ရောင်း ပြီးနေပြီ၊ သာမန်လူတွေကတော့ ရှယ်ယာဈေးတွေကျပြီဆိုမှ ထုတ်ရောင်းတတ်ကြတယ်တဲ့။ အဲဒါတရုတ်နိုင်ငံရဲ့ ဆယ်နှစ်အတွေ့ အကြုံပဲတဲ့။ ရှယ်ယာဈေး မကျရင်တောင်မှ အကျိုးရှိနေတာပါ။ တရုတ်နိုင်ငံရဲ့ ဥပဒေအရ၊ စာရင်းပေါက်ကုမ္ပဏီက ရှယ်ယာရှင် တွေဟာ သူတို့ရဲ့မူလရှယ်ယာတွေကို စာရင်းပေါက်ကုမ္ပဏီဖြစ်ပြီး သုံးနှစ်အတွင်းရောင်းချခြင်း၊ လွှဲပြောင်းခြင်း မလုပ်ရလို့ တားမြစ်ထားပါသတဲ့။ ၂၀၁၄ အောက်တိုဘာလရောက်မှ အဲဒီဥပဒေကိုဖျက်ပစ်လိုက်တော့ ရှယ်ယာဈေးတွေ နေ့ချင်းညချင်း ခုန်တက်သွားခဲ့တယ်။

တရုတ်လုပ်ငန်းရှင်တွေဟာ ပတ်ဝန်းကျင်ထိခိုက်မှုနဲ့ ဒေသခံတွေအပေါ် ထိခိုက်မှုတွေကို အခုထိ သိပ်အလေးထားရကောင်းမှန်း မသိသေးဘူး။ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေမှာ ပြဿနာတွေဖြစ်ကြတာဟာ၊ ကိုယ့်ဘက်က အားနည်းချက်တွေကြောင့်ဖြစ်တယ်။

စာမျက်နှာ (၂၄) သို့ ➤

# Fair Trade ကို ဆောင်ရွက်ပြီး အမေရိကန် GSP အခွင့်အရေးကို ရယူကြစို့

|Admin - Mg|

**(ယခင်တစ်ပတ်မှအဆက်)**

အမေရိကန်နိုင်ငံ၏ GSP အခွင့်အရေးအား အသုံးချ၍မြန်မာ့ပို့ကုန်တန်ဖိုးမြင့်တက်လာစေရန်အတွက် အဓိကဦးစားပေးဆောင်ရွက်သင့်သည့် ပို့ကုန်ပစ္စည်းများမှာ ပထမဦးစားပေးအနေနှင့်CMP ပစ္စည်းများ၊ ဒုတိယ ဦးစားပေးအနေနှင့်လယ်ယာထွက်ကုန် တန်ဖိုးမြင့်ကုန်ချောပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနဲ့တတိယ ဦးစားပေးအနေနှင့် ကျောက်မျက်ရတနာအချောထည်နှင့်သစ်အချောထည်ပစ္စည်းများဖြစ်ပါတယ်။

ဒီလိုမျိုး ပို့ကုန်တိုးမြင့်ဆောင်ရွက်နိုင်ဖို့အတွက် နည်းပညာမြင့် တတိယနိုင်ငံများနဲ့ နိုင်ငံတကာ ကုမ္ပဏီကြီးများအနေနဲ့ မြန်မာနိုင်ငံမှာ အကျိုးတူဖက်စပ် ရင်းနှီးမြှုပ်နှံလာအောင် ဆောင်ရွက်ခြင်း၊ အမေရိကန်နိုင်ငံကိုယ်တိုင် လာရောက်ရင်းနှီးမြှုပ်နှံလာအောင် ဆောင်ရွက်ခြင်းတို့ကို မဖြစ်မနေ ဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ပါတယ်။ (ဥပမာအနေနဲ့ ဂျပန်နိုင်ငံက မြန်မာနိုင်ငံမှာ CMP ပစ္စည်းတွေ လာရောက်ရင်းနှီးမြှုပ်နှံထုတ်လုပ်တယ် ပြီးရင် ဂျပန်နိုင်ငံကို ပြန်ပို့တယ်။ ဘာကြောင့်လဲ ထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာတဲ့အတွက်ကြောင့် ဖြစ်ပါတယ်)။ Global Supply Chain Trade သို့ မြန်မာနိုင်ငံအနေနဲ့ ဝင်ရောက်အောင် ဆောင်ရွက်သွားရန် အထူးလိုအပ်မှာ ဖြစ်ပါတယ်။ ယခင်က ထုတ်လုပ်မှုလုပ်ငန်းများကို အစမှအဆုံး မိမိနိုင်ငံအတွင်းမှာပင် ဖြန့်ကျက်လုပ်ဆောင်ခြင်းမှ၁၉၈၀ပြည့်နှစ်မှအစပြု၍ ကမ္ဘာ့ထုတ်လုပ်မှုလုပ်ငန်းပြောင်းလဲတိုးတက်မှုအနေဖြင့် ကမ္ဘာအရပ်ရပ်သို့ ထုတ်လုပ်မှုလုပ်ငန်းခွဲများ ထူထောင်ကာ ပြောင်းရွှေ့ ထုတ်လုပ်၊ တင်ပို့၊ တင်သွင်းခဲ့ကြပါတယ်။ ဥပမာအားဖြင့် Apple၊ Samsung၊ Nokia စမတ်ဖုန်း ထုတ်လုပ်မှုတွင် ဒီဇိုင်း၊ နည်းပညာတို့ကိုဖွံ့ဖြိုးပြီးနိုင်ငံတို့တွင် ပြုလုပ်ပြီး စက်အစိတ်အပိုင်းများ ထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းတို့ကို လုပ်ခသက်သာသည့် နိုင်ငံများ၌ထုတ်လုပ်ကာ ကမ္ဘာ့ဈေးကွက်အသီးသီးသို့ တင်ပို့ရောင်းချကြပါတယ်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှုနောက်ကျတဲ့ နိုင်ငံတစ်ခုအနေနဲ့ အမြန်ဆုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် Global Supply Chain နှင့် ထဲထဲဝင်ဝင် ပေါင်းစည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

**GSP အခွင့်အရေးရရှိခံစားနိုင်ဖို့ အဓိကအရေးကြီးသော ပင်ရင်းဒေသစည်းမျဉ်း (Rules of Origin)**

အမေရိကန်နိုင်ငံက ပေးတဲ့ GSP အခွင့်အရေးကို မြန်မာနိုင်ငံ ရေရှည်ရရှိ ခံစားနိုင်ဖို့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက အဓိက အရေးကြီးဆုံး ဆောင်ရွက်ပေးရမယ့်တာဝန်ကတော့ အမေရိကန်နိုင်ငံက သတ်မှတ်ထားတဲ့ ပင်ရင်းဒေသ စည်းမျဉ်း (Rules of Origin) အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ဖို့အတွက် ကြပ်မတ်ဆောင်ရွက်ရေးဖြစ်ပါတယ်။ အကောက်ခွန် သက်သာခွင့်ရရှိဖို့အတွက် မိမိနိုင်ငံက ထုတ်လုပ်တဲ့ကုန်ပစ္စည်းမှန်ကန်ကြောင်း ထောက်ခံပေးတဲ့ ပင်ရင်းဒေသ သက်သေခံလက်မှတ်ကို ထုတ်ပေးတဲ့ စီးပွားကူးသန်းအနေနဲ့ ပင်ရင်းဒေသ ထုတ်ကုန်အဖြစ် သတ်မှတ်နိုင်ရန် အခြေခံသတ်မှတ်ချက်များဖြစ်တဲ့ ပင်ရင်းမှတ်ကျောက် (ရာနှုန်းပြည့် ပြည်တွင်းထုတ်ကုန် (Wholly Obtained or Produced)၊ ပြည်ပသွင်းကုန်ကုန်ကြမ်းပါဝင်သော ထုတ်ကုန် (Not Wholly Obtained or Produced)၊ ပေါင်းစပ်တွက်ချက်ခြင်း (Cumulation) နှင့် သီးခြားအယူအဆများ (Specific Concepts)၊တိုက်ရိုက်တင်ပို့ခြင်း (Direct Consignment)နှင့် စာရွက်စာတမ်း သက်သေအထောက်အထား (Documentary Evidence) အစရှိတဲ့ သတ်မှတ်ချက်များနဲ့ ကိုက်ညီအောင် ဆောင်ရွက်သွားရန် လိုအပ်မှာ ဖြစ်ပါတယ်။

**ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း**

အခုဆိုရင် မြန်မာနိုင်ငံကို အမေရိကန်နိုင်ငံအနေနဲ့ယေဘုယျအကောက်ခွန် သက်သာခွင့် GSP အခွင့်အရေး ပြန်လည်ခံစားခွင့်ပေးမယ့်အပြင် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အမျိုးသားအရေးပေါ် အက်ဥပဒေသက်တမ်းတိုးမှု ရုပ်သိမ်းခြင်း ၊ အမေရိကန်- မြန်မာ မိတ်ဖက်ဆက်ဆံရေးကဏ္ဍထူထောင်ခြင်း၊ နှစ်နိုင်ငံပြည်သူ အချင်းချင်းအကြား ဆက်ဆံရေးကဏ္ဍတိုးမြင့်ခြင်း၊နှစ်နိုင်ငံအကြား စီးပွားရေးကဏ္ဍ ပိုမိုနက်ရှိုင်းစွာဆောင်ရွက်ခြင်း၊ အမေရိကန်နိုင်ငံ တကာ ဖွံ့ဖြိုးရေးအေဂျင်စီ၏ ချေးငွေအစုစု အာမခံ အစီအစဉ်သစ် စတင်ဖော်ဆောင်ခြင်းစသည့် ဖြေလျော့မှုများအားမြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်တော့မှာ ဖြစ်ပါတယ်။

မြန်မာ့ကုမ္ပဏီလုပ်ငန်းရှင်များအနေနဲ့ အမေရိကန်က စီးပွားရေး ပိတ်ဆို့မှု ရုပ်သိမ်းလိုက်တဲ့အတွက် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာနဲ့ ငွေပေးချေမှု ဆောင်ရွက်ရတဲ့အပိုင်းမှာလည်း အဆင်ပြေစွာဆောင်ရွက်နိုင်တော့မှာဖြစ်ပြီး နှစ်ရင်းသုံးရင်း ရင်းနှီးနေရတဲ့ ဒုက္ခကနေ လွတ်ကင်းတော့မှာဖြစ်ပါတယ်။ FDI လုပ်ငန်းကြီးများအနေနဲ့ အလေးပေးတဲ့ စရိတ်သက်သာမှုသုံးမျိုးမှာ ဆက်သွယ်မှုကွန်ရက်တည်ဆောက် စရိတ်သက်သာမှု (reduction in network set up cost)၊ ဝန်ဆောင်မှုစရိတ်သက်သာမှု (reduction in services cost)၊ ထုတ်လုပ်မှုစရိတ် သက်သာမှု (reduction in production cost)တို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ဆက်သွယ်မှုကွန်ရက်အနေနဲ့ မဟာဗျူဟာကျသည့် တည်နေရာရှိမှု အခြေအနေအရ ကောင်းမွန်ပြီးဖြစ်ပါတယ်။ ဝန်ဆောင်မှုစရိတ်ဖြစ်တဲ့ ဘဏ္ဍာရေးနှင့် ငွေကြေးဝန်ဆောင်မှုများနဲ့ ပတ်သက်၍လည်း အမေရိကန်စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းလိုက်တဲ့အတွက် အခြေအနေကောင်းလာမှာ ဖြစ်ပါတယ်။ ထုတ်လုပ်မှုစရိတ် သက်သာမှုမှာ လုပ်သားခဈေးချိုပြီးဖြစ်သဖြင့် လျှပ်စစ်ရရှိနိုင်မှု တိုးတက်အောင်ဆောင်ရွက်နိုင်ပြီ ဆိုသည်နှင့် FDI လုပ်ငန်းများ ပြောင်းရွှေ့ထုတ်လုပ်လာအောင် ဆွဲဆောင်နိုင်မှာ ဖြစ်ပါတယ်။

ယခုလက်ရှိ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းပြီး ဒေါ်လာငွေလဲလှယ်မှုနှုန်း မြင့်တက်ခဲ့တာကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ ငွေဖောင်းပွမှုနှုန်း မြင့်မားခြင်းတွေရဲ့ဒဏ်တွေကို မြန်မာပြည်သူတွေခံစားနေရတာတွေဟာလည်း ပို့ကုန်တန်ဖိုးထက် သွင်းကုန်တန်ဖိုးမြင့်တက်ပြီး ကုန်သွယ်မှုလိုငွေ ကြီးမားခဲ့တာကြောင့်ဆိုတာ သိရှိလေ့လာခဲ့ရပါတယ်။ ကုန်သွယ်မှုလိုငွေ လျှော့ချနိုင်ဖို့အတွက် မြန်မာ့ ပို့ကုန်တန်ဖိုး မြင့်တက်လာစေဖို့ မဖြစ်မနေဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ မြန်မာ့ပို့ကုန်တန်ဖိုး မြင့်တက်လာစေဖို့အတွက် ယခုလို အမေရိကန်နိုင်ငံမှ ပြန်လည်ခံစားခွင့်ပေးခဲ့သော GSP အခွင့်အရေးကို အပြည့်အဝ အသုံးချပြီး အစိုးရ၏မှန်ကန်သည့် ပေါ်လစီ (Right Policy) နဲ့ သက်ဆိုင်ရာဌာန အသီးသီးရဲ့ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှု၊ မြန်မာပြည်သူတစ်ရပ်လုံးရဲ့ တက်ကြွစွာပူးပေါင်း ပါဝင်မှု (Mind Set) များ ပြောင်းလဲဆောင်ရွက်လိုက်တာနဲ့ တစ်ပြိုင်နက် Sleeping Lion အဖြစ်မှ လျင်မြန်စွာ နိုးထလာနိုင်ပြီး တိုင်းပြည်စီးပွားရေး မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မျှော်မှန်းချက် (VISION) ဖြစ်သည့် ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း လေ့လာတင်ပြအပ်ပါသည်။

## စာမျက်နှာ ၃ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သတင်းမှ အဆက်

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် ၁၄း၄၅ နာရီအချိန်တွင် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ မစ္စတာ အလက်ဇန္ဒားဖလ်မင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Scot Marciel တို့ ဦးဆောင်သည့် စီးပွားရေး ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ပင် ဆက်လက်လက်ခံတွေ့ဆုံ၍ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြင့်တင်နိုင်ရေး၊ Physical Infrastructure နှင့် Legal Infrastructure ဖွံ့ဖြိုးတိုးတက်ရေး၊ မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်းများ အပါအဝင် ရေရှည်စီမံကိန်းများ ရေးဆွဲခြင်းနှင့် ပုဂ္ဂလိကနှင့် အစိုးရစွမ်းဆောင်ရည် မြှင့်တင်ရေးတို့အတွက် အကူအညီ အထောက်အပံ့ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး အမေရိကန်-အာဆီယံ စီးပွားရေး ကောင်စီအသင်းနှင့် လိုက်ပါ လာသည့် စီးပွားရေးလုပ်ငန်းရှင်များမှ ၎င်းတို့ သိရှိလိုသည့် အချက်များနှင့် ပူးပေါင်း ဆောင်ရွက်နိုင်မည့် ကဏ္ဍများကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ပါသည်။

အဆိုပါတွေ့ဆုံ ဆွေးနွေးပွဲများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | အခန်းဖွဲ့ | ၁၆၀၀ သိန်း | အဆင့်မြင့်ပြင်ပြီး ဓာတ်လှေကားပါ | ၀၉/၅၁၁၇၂၆၂ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဖဆပလ | (၁၂.၅×၅၀) ပေ | ၃ လွှာ | ၇၀၀ သိန်း | လမ်းမနီး၊ ညှိနှိုင်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | တိုက်ခန်း | သယ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ လမ်းမကြီးတစ်ကွက်ငုတ်လမ်း | (၉၀၀) စ/ပေ | ဟောတိုက်၊ မြေညီ | ၈၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | မြေကွက် | ဒဂုံ(မြောက်) (၄၄) ရပ်ကွက် | (၄၀×၆၀) ပေ | မြေသီးသန့် | ၇၉၀ သိန်း | လမ်းသန့် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၅။ | မြေကွက် | မှော်ဘီ၊ ကိုးလုံးကွင်း | (၄၀×၆၀) ပေ | မြေသီးသန့် | ၄၅၀သိန်း | ရွာတွင်းလမ်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၆။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၀×၇၀) ပေ | (၂) ခန်းတွဲ (ပ) ထပ် | ၁၄ သိန်း | အဆင့်မြင့်ပြင်ပြီး (၁လ အငှားနှုန်း) | ၀၉/၅၁၁၇၂၆၂ |
| ၇။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ် | (၃၀×၆၀) ပေ | RC (1) ထပ် | ၂၁၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၈။ | အိမ်/မြေ | မန္တလေး၊ (၂၉) လမ်းပေါ် | (၂၅×၅၀) ပေ | RC (၂) ထပ် | တစ်သောင်း ရှစ်ထောင်သိန်း | မြို့လယ်နေရာ | ၀၉/၄၅၂၁၉၄၄၃၉ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်၊ ပြည်တော်သာ(၄) လမ်း | (၃၀×၅၀) ပေ | RC (၁) ထပ် | ၁၃၅၀ သိန်း | နေရာကောင်း ထောင့်ကွက် | ၀၉/၄၅၂၁၉၄၄၃၉ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဗီလ်ဒါ (၂၀၀၉) | ယာယီ | ၂၀၀ သိန်း | 1.5 ဓာတ်ဆီ/ နယ်လိုင်စင် |
| ၂။ | ဟွန်ဒါဖစ် (၂၀၁၁) | 5L | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ/နယ်လိုင်စင် |
| ၃။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၃၁၀ သိန်း | 2.4 ဓာတ်ဆီ |
| ၄။ | ပရိုဘောက် (၂၀၁၁) | FF | ၁၄၀ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | ကလူဂျာ (၂၀၀၄) | ယာယီ | ၃၅၅ သိန်း | 2.4 ဓာတ်ဆီ |
| ၆။ | အေဒီဗင် (၂၀၁၁) | 9L | ၁၂၀ သိန်း | 1.2 ဓာတ်ဆီ/နယ်လိုင်စင် |
| ၇။ | ဆူဇူကီး (၂၀၀၉) | 9G | ၁၀၅ သိန်း | 1.3 ဓာတ်ဆီ |
| ၈။ | အာဗီအာ (၂၀၁၀) | 5I | ၂၅၅ သိန်း | 1.8 ဓာတ်ဆီ |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၉၈ သိန်း | |

## စာမျက်နှာ (၈)မှ အဆက် ➢➢➢ အာဆီယံ ရင်းနှီးမြှုပ်နှံမှု .....

ရင်းနှီးမြှုပ်နှံသူများသည် အထက်ဖော်ပြပါအတိုင်း အာဆီယံ၏ မတူကွဲပြားသော အခြေအနေများကို သတိထားရမည် ဖြစ် သည်။ ဥပမာအားဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စင်ကာပူ နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်း အညွှန်းကိန်း (Global Competitiveness Index) သည် အဆင့် (၂) တွင် တည်ရှိပြီး ဗီယက်နမ်နိုင်ငံ၏ အဆိုပါ အညွှန်းကိန်းသည် အဆင့် ၆၀ တွင် တည်ရှိနေခြင်းကို တွေ့မြင်နိုင်သည်။ အာဆီယံနိုင်ငံများကြား ဖွံ့ဖြိုးမှုကွာဟချက် (Development gap) ကြီးမားနေဆဲဖြစ်ပါသည်။

ထို့ပြင် အာဆီယံ ဒေသသည် အပြောင်းအလဲ မြန်ဆန်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း အရာရာ ပြောင်းလဲခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အပြောင်းအလဲကိုသိရှိပြီး အပြောင်းအလဲနှင့် လိုက်လျောညီထွေ ဖြစ်အောင် ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

အာဆီယံသည် အားကောင်းသောဒေသဖြစ်ပြီး စီးပွားတိုးတက်လျက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ တည်ရှိနေပါသည်။ အလားအလာကောင်းသော စီးပွားရေးအုပ်စုလည်းဖြစ်ပါသည်။ သို့သော်လည်း အာဆီယံ နိုင်ငံ တစ်နိုင်ငံချင်းစီတွင်ရှိသော ဈေးကွက်များ၏ ဖွံ့ဖြိုးတိုးတက်မှုပုံစံများ၊ ရင်းနှီးမြှုပ်နှံရန် ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေများကို ထဲထဲဝင်ဝင် သိရှိနားလည်ထားသင့်ပါသည်။ သို့မှသာ ရင်းနှီးမြှုပ်နှံသူစီးပွားရေးလုပ်ငန်းရှင်/အဖွဲ့အစည်းများအတွက် ကောင်းကျိုးခံစား ရမည်ဖြစ်ပါသည်။

**Soruce: cfoinnovation.com**

### စာမျက်နှာ (၁၈)ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၆၀၀၀ .... မှအဆက်

မြန်မာ့ဆန်ကို နယ်စပ်လမ်းကြောင်းမှ တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့လျက်ရှိပြီး တရားဝင်တင်ပို့ခွင့် ရရှိရေး၊ ဆန်တင်ပို့ခွင့် ခွဲတမ်းပိုမိုရရှိရေး၊ ဆန်သာမက ဆန်ကွဲကိုပါ တင်ပို့ခွင့်ရရှိရေးအတွက် နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ မူဆယ်ခရီးစဉ်မှာ တရုတ်နိုင်ငံနဲ့ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေရေး၊ နယ်စပ်ဒေသ အာဏာပိုင်အဆင့် အလွတ်သဘောဆွေးနွေးပွဲမှာ မိမိနိုင်ငံဘက်မှ တင်ပို့တဲ့ ဆန်၊ ပဲ၊ ပြောင်း၊ ဆန်ကွဲ၊ သကြားတို့ကို တရုတ်နိုင်ငံမှ တရားဝင် တင်သွင်း ခွင့်ပြုရေးတို့ကို ဆွေးနွေးခဲ့တဲ့အပြင် တရုတ်နိုင်ငံရဲ့အမျိုးသား ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြောင်းလဲမှုဆိုင်ရာ ကော်မရှင်(National Development and Reform Commission of China -NDRC)အဖွဲ့နဲ့လည်း နှစ်နိုင်ငံ နယ်စပ် ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းမှု ကော်မတီ အစည်းအဝေးမှာ ဆွေးနွေး ဆောင်ရွက်ပေးသွားမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ SME လုပ်ငန်းများတိုးတက်လာပြီး ပြည်ပသို့ အရည်အသွေး ကောင်းမွန်တဲ့ဆန်များ တင်ပို့နိုင်ဖို့ ဆန်စက်များအား အဆင့်မြှင့်တင်ရေးအတွက် ဆန်စက်နဲ့ဆန်စက် အပိုပစ္စည်းများအား ပြည်ပမှ တင်သွင်းရာမှာ မြန်ဆန်စေရေးအတွက် ဆောင်ရွက်ပေးလျက် ရှိသလို နယ်စပ်စခန်းများမှ တင်သွင်းရာမှာလည်း လျင်မြန်ချောမွေ့ စေရေးအတွက် နယ်စပ်စခန်းများမှ လိုင်စင်ခွင့်ပြုပေးပြီး တင်သွင်း ခွင့်ပြုပေးလျက်ရှိပါတယ်။

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၁ ရက်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့ တရုတ် ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်ပြည် နယ်ခွဲအဖွဲ့တို့ တွေ့ဆုံဆွေးနွေးရာမှာ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြကြောင်း သိရှိရပါတယ်။

(၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေး ပူးတွဲ ကော်မရှင်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နဲ့ ၁၀ရက်တို့မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့မှာ ကျင်းပခဲ့ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်နဲ့ ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန Senior Secretary H.E Mr. Hedayedtullah AL Mamoon အပါအဝင် အခြား သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ဆန်၊ ပဲ ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူစတဲ့ လယ်ယာထွက်ကုန်ပစ္စည်းတို့ကို နှစ်နိုင်ငံ ကုန်သွယ်မှု တိုးတက်ရေးအတွက် ပင်လယ်ရေကြောင်း နည်းလမ်းဖြင့် တင်ပို့လိုကြောင်း ဆွေးနွေးခဲ့ ကြတယ်လို့ သိရှိရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှုလုပ်ငန်းများမှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်မှန်းချက်ချမှတ်ထားသည့်အတိုင်း ကုန်သွယ်မှုတိုးမြှင့်ရေး၊ ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေး ကုန်သွယ်မှုဖြေလျော့ရေးလုပ်ငန်းများကို ဦးတည်ဆောင်ရွက်နေတဲ့အတွက် ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင် ဒေါ်လာ ၅၅၂ သန်း ပိုမိုခဲ့ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏတွင် ဒေါ်လာသန်း ၁၆၀၀၀ ကျော် ရရှိခဲ့ကြောင်း သိရှိရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက် ရှိရာမှာ အိမ်နီးချင်းနိုင်ငံများနဲ့ ကုန်သွယ်မှုပိုမိုရရှိရေးကို ဦးစား ပေးဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ မြန်မာ နိုင်ငံရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ဆန်စပါး ပိုမိုတိုးတက် တင်ပို့နိုင်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိသလို ဆန်စပါး၊ ပဲအမျိုးမျိုး၊ ပြောင်း စတဲ့သီးနှံများကို စိုက်ပျိုးထုတ်လုပ်နေကြတဲ့တောင်သူများအား စိုက်ပျိုး နည်းစနစ်မှန်ကန်ရေး၊ အရည်အသွေးမြင့်မားပြီး ပိုးမွှားကင်းစင်တဲ့၊ ဓာတုကင်းစင်တဲ့သီးနှံများ ထုတ်လုပ်တင်ပို့နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် ကုန်သွယ်မှုကဏ္ဍပိုမိုတိုးတက်ရေးအတွက် ပို့ကုန် ကဏ္ဍဟာ အရေးပါတဲ့နေရာမှ ပါဝင်လျက်ရှိနေပေရာ ပို့ကုန်တိုးမြှင့်ရေးအတွက် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။

# တောင်ကြီးမြို့ကန်ကြီးရပ်ကွက်တွင် တစ်မိုးအောက်(ညီနောင်များ)၏ ဆက်ဆံရေးရုံးသစ်ဖွင့်ပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)သစ်သီးဝလံ၊ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းနှင့် ထောပတ်အစုအဖွဲ့တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကန်ကြီးရပ်ကွက် တစ်မိုးအောက် (ညီနောင်များ)၏ စိုက်ပျိုးတောင်သူများသည် ဆက်ဆံရေးရုံးသစ်ဖွင့်ပွဲကို ကျောက်တလုံးလမ်းမကြီးနဲ့ ပအိုဝ်းတပေါင်းကွင်းလမ်းထောင့်တွင် နိုဝင်ဘာလ ၁၆ ရက်က ပြုလုပ်ခဲ့ပါတယ်။



တစ်မိုးအောက်(ညီနောင်များ)၏ စိုက်ပျိုးရေးတောင်သူများဆက်ဆံရေးရုံးသစ်ဖွင့်ပွဲသို့ ပြည်နယ်သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အမှုဆောင်များနှင့် အသင်းသူ/အသင်းသားများ၊ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ၊သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးသူတောင်သူများ၊ စိတ်ပါဝင်စားသူများ စုစုပေါင်းအင်အား ၁၁၄ဦးတက်ရောက်ခဲ့ကြပါတယ်။

အဆိုပါ တစ်မိုးအောက်(ညီနောင်များ)ရဲ့ စိုက်ပျိုးတောင်သူများဆက်ဆံရေးရုံးသစ်ဖွင့်ပွဲတွင် တက်ရောက်လာကြသူများက ပြည်ပဈေးကွက်သို့ ထောပတ် ဝယ်လိုအားကို ပြည့်မီစွာရောင်းချနိုင်ရေးအတွက် အရည်အသွေးကောင်း ထောပတ်မျိုးများ ရွေးချယ်စိုက်ပျိုးမှု၊ စိုက်ပျိုးမှုနည်းစနစ်များ အပြန်အလှန်ဆွေးနွေးမှု၊ ရိတ်သိမ်းခူးဆွတ်မှုနည်းစနစ်များ၊ ပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာသုံးစွဲမှုနည်းစနစ်များ၊ ကိုင်းဆက်မှုနည်းပညာများ၊ ရောဂါကျရောက်ပါက ကုသမှုနည်းစနစ်များ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ရည်ရွယ်ချက်များ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးမှုများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြကြောင်း သိရပါတယ်။

အဆိုပါအခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဦးခွန်ကျော်ဌေး (ရုံးအုပ်)က မြန်မာကုန်သွယ်မြှင့်တင်ရေး အဖွဲ့ရဲ့ ရည်ရွယ်ချက်နှင့်စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့တယ်လို့သိရပါတယ်။တစ်မိုးအောက်(ညီနောင်များ)ရဲ့ စိုက်ပျိုးတောင်သူများ ဆက်ဆံရေးရုံးသစ်ဖွင့်လှစ်လိုက်ခြင်းဖြင့် စိုက်ပျိုးတောင်သူများသည် အသင်းဖွဲ့များနှင့် အချိန်နဲ့ တစ်ပြေးညီ ဆက်ဆံ၍ ရနိုင်သဖြင့် ဈေးကွက်ဈေးနှုန်းအခြေအနေများ၊ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာများကိုသိရှိရသည့်အပြင် အခက်အခဲများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်ခြင်းအားဖြင့် အကျိုးကျေးဇူးများရရှိခံစားနိုင်ကြမည်ဟု သိရပါတယ်။

အစိုးရသစ်လက်ထက်တွင် ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် ယခုကဲ့သို့ တောင်သူများဆက်ဆံရေးရုံးသစ်ဖွင့်လှစ်ခြင်းဖြင့် ဒေသခံစိုက်ပျိုးတောင်သူများနှင့် ဆက်ဆံရာတွင် အဆင်ပြေချောမွေ့ပြီး ကုန်သွယ်မှု၊ကုန်စည်စီးဆင်းမှုများ မြန်ဆန်သွက်လက်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်းသိရှိရပါတယ်။ **စောမောင်(တောင်ကြီး)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကွင်းဆင်းလေ့လာ

ဧရာဝတီတိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားဖြစ်အသားတိုးကြက် မွေးမြူလျက်ရှိသော ခြံရှင်တောင်သူများ ကြုံတွေ့နေရသည့် ဈေးနှုန်း၊ ဈေးကွက်အခြေအနေ၊ အားသာချက်၊ အားနည်းချက်များနှင့် အကျိုးအမြတ် ရရှိမှုတို့ကို ဧရာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က နိုဝင်ဘာ ၁၄ ရက်မှာ သွားရောက်တွေ့ဆုံ လေ့လာမေးမြန်းခဲ့ပါတယ်။

ထိုသို့ မေးမြန်းခဲ့ရာတွင် လက်ရှိမွေးမြူရေးနဲ့ ဈေးကွက်အနေအထားကိုC.P ကုမ္ပဏီက ကြက်သားပေါက်များ ဖြန့်ဖြူးရောင်းချခြင်း၊ ကြက်စာထုတ်လုပ်ရောင်းချခြင်း၊ ကြက်ခြံငှားရမ်းပြီး လုပ်အားခများပေး၍Contract Farming စနစ်ဖြင့် မွေးမြူလျက် ကြက်သားဈေးနှုန်းကို တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ ၃၀၀၀ နဲ့ ကျပ် ၄၀၀၀ ဈေးဖြင့်ဈေးကွက်ကို အရင်းအနှီးအင်အား ကြီးမားစွာဖြင့် ချုပ်ကိုင်ထားတဲ့အတွက်ပုဂ္ဂလိကမွေးမြူရေးခြံရှင်တောင်သူများမှာ အကျိုးအမြတ်နည်းပါးလျက်ရှိကြောင်း၊ ပုသိမ်မြို့ပေါ်ရှိ အသားတိုး ကြက်မွေးမြူသူ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဧရာဝတီတိုင်း ဒေသကြီးအသင်း) မှ အတွင်းရေးမှူး ဦးထွဋ်ထွဋ်ပိုင်က ပြောပါတယ်။

မွေးမြူရေးလုပ်ငန်းရှင်များအသင်းအနေဖြင့် မွေးမြူရေးဇုန်များ သတ်မှတ်ပေးရန်၊ အတိုးနှုန်း သက်သာစွာဖြင့် ချေးငွေများ ထုတ်ချေးပေးနိုင်ရန်၊ ဒေသအာဏာပိုင်၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီး ကြက်သားပေါက်ထုတ်လုပ်ခြင်း၊ ကြက်စာထုတ်လုပ်ခြင်းတို့အတွက် လိုအပ်ပါက မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းရှင်များအသင်း(ရန်ကုန်မြို့)တို့နဲ့ ချိတ်ဆက်ဆောင်ရွက်ရန် ဦးထွဋ်ထွဋ်ပိုင်က ဆက်လက်ဆွေးနွေးခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး ကြက်မွေးမြူရေးအသင်းအနေဖြင့် Contract Farming စနစ် မဟုတ်ဘဲ ပြည်ပ C.P ကုမ္ပဏီများနှင့် Joint Venture ပုံစံ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းက မွေးမြူရေးလုပ်ငန်းရှင်များအတွက် ပိုမိုအကျိုးအမြတ်ရရှိနိုင်ပြီး စားသုံးသူများအနေဖြင့်လည်း ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်မှာဖြစ်၍ ပိုလျှံပါကလည်း ဈေးကွက်လိုအပ်ချက်ရှိသော မြို့နယ်များသို့ပြန်လည်တင်ပို့ရောင်းချနိုင်မှာဖြစ်ကြောင်း ဧရာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ပြောကြားခဲ့ကြောင်း သိရပါတယ်။

**ထွန်းထွန်း**
**(စားသုံးသူ-ပုသိမ်)**

# ရော်ဘာလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

အမျိုးသားပို့ကုန်မဟာဗျူဟာ၏ဦးစားပေးကဏ္ဍများအနက်တစ်ခုအပါအဝင်ဖြစ်သော ရော်ဘာလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စင်ကာပူအခြေစိုက် ပြင်သစ်ကုမ္ပဏီတစ်ခုဖြစ်သော Pirelli Asia Pte Ltd တာယာကုမ္ပဏီမှ ရော်ဘာကဏ္ဍကျွမ်းကျင်သူများလာရောက်၍ သဘာဝရော်ဘာထုတ်လုပ်မှု အလေ့အကျင့်ကောင်းများဆိုင်ရာ ဆွေးနွေးရှင်းလင်းခြင်းအစည်းအဝေးကို UMFCCI ရှိမြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း (MRPPA) ရုံးခန်းမှာ နိုဝင်ဘာလ ၁၅ရက်နေ့က ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ရော်ဘာ ကဏ္ဍ၏အဖွဲ့ ဝင်များဖြစ်ကြသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ သတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းထွန်းထွေး၊ MRPPA မှတာဝန်ရှိ သူများနှင့် အမျိုးသား ပို့ကုန်မဟာဗျူဟာ Program Manager ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာဝင်းဌေး၊ စင်ကာပူအခြေစိုက် ပြင်သစ်ကုမ္ပဏီတစ်ခုဖြစ်သော Pirelli Asia Pte Ltd တာယာ ကုမ္ပဏီမှ Mr. Antoni Ulrich Werner, Ms. Focelyn Cheng နှင့် Mr. Lim Allan တို့တက်ရောက်ပြီး မြန်မာနိုင်ငံရှိ ရော်ဘာစိုက်ပျိုးထုတ် လုပ်နေမှုအခြေအနေများ၊ အရည်အသွေးစံ သတ်မှတ်ခြင်းဆိုင်ရာ ဆောင်ရွက်နေမှုများ၊ ဈေးကွက်ရရှိမှုအခြေအနေနှင့် Pirelli ကုမ္ပဏီမှ ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။

Pirelli Co, မှကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၆ ရက်တွင် Rose Garden ဟိုတယ်၌ MRPPA နှင့်WWF တို့ ပူးပေါင်းကျင်းပမည့်Natural Rubber Sustainability အလုပ်ရုံဆွေးနွေးပွဲသို့လည်း တက်ရောက်၍ဆွေးနွေးတင်ပြခဲ့ကြောင်းသိရှိရသည်။ **NES (Unit)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

### ၂၁-၁၁-၂၀၁၆ မှ ၂၇-၁၁-၂၀၁၆ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** ငွေကြေးကံကောင်းနေမည်။ အလုပ်အကိုင်တိုးတက်ကောင်းမွန်မည်။ ပညာရေးတွင် အာရုံများနေတတ်သည်၊ လုပ်ချင်တာများပြီး စိတ်ပျံ့လွင့်တတ်သည်။ ကျန်းမာရေးအနေဖြင့် ကျန်းမာသလိုရှိသော်လည်း မိမိ၏ဝီရိယလွန်ကဲခြင်းမဖြစ်မနေပေကပ်လုပ်ကိုင်ခြင်းများကြောင့် ကျန်းမာရေးဖောက်ပြန်မှုရှိတတ်ပါသည်။ အချစ်ရေးတွင် အစပိုင်း၌ ခင်မင်ရင်းနှီးမှုရရန် ခက်ခဲနေတတ်သော်လည်း ရေရှည်တွင် ခိုင်မာသောချစ်သူဘဝကို ရရှိလာတတ်ပါသည်။

**ယတြာ။ ။ကျောက်ကျောလှူပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးအလုပ်အကိုင်ကောင်းသည်ဟုဆိုသော်လည်း အကျပ်အတည်းအနှောင့်အယှက်အနည်းငယ်တွေ့ရတတ်သည်။ အကျိုးဆောင်လုပ်ငန်းများနှင့် ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံ၊ သီးနှံများ အကျိုးပေးနိုင်ပါသည်။ ပညာရေးတွင် ဉာဏ်အတွေးအခေါ် သွက်လက်မှုရှိနေမည်။ ကျန်းမာရေးတွင် အစားမှားခြင်း၊ အစာအဆိပ်ဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်းတို့ ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှုသဘောထားကြီးမှုရှိနေတတ်ပါသည်။

**ယတြာ။ ။သာကူဆန္ဒင်းမကင်းလှူဒါန်းပေးပါ။**



**အင်္ဂါသားသမီးများအတွက်** မိမိ၏အလုပ်ကိစ္စများကျော်လွှားအောင်မြင်ရန်နှင့် အကောင်အထည်ဖော်နိုင်စွမ်းရှိနေတတ်ပါသည်။ မမျှော်လင့်သောငွေကြေး၊ ပစ္စည်းအဟောင်းများရရှိတတ်သည်။ ပညာရေးတွင် အဆင့်မြင့်မြင့် အောင်မြင်မှုရရှိမည်။ ကျန်းမာရေးတွင် အစာအိမ်ရောဂါ၊ အသည်းနှင့်ပတ်သက်သောရောဂါ၊ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်၍ဖြစ်သောရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေးတွင် ကိုယ်ထင်ရာကိုယ်စိုင်း၍လုပ်တတ်သောသဘောရှိနေတတ်ပါသည်။

**ယတြာ။ ။ဘုရားနှင့်ရဟန္တာတို့ကို နေကြာပန်းနှင့်သောက်တော်ရေကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတို့မှ ဝင်ငွေ၊ ထွက်ငွေမမျှတဘဲထွက်ငွေများနေတတ်သည်။ ပညာရေးတွင် လုံ့လဝီရိယရှိခြင်းနှင့်ပြည့်စုံနေမည်။ ကျန်းမာ ရေးတွင် မျိုးရိုးဗီဇရောဂါ၊ အနာဟောင်း၊ အနာဆွေး၊ လေရောဂါ တို့ဖြစ်တတ်ပါသည်။ အချစ်ရေးတွင် မိမိအားခင်တွယ်သံယောဇဉ် ရှိသူပေါ်ပါသည်။ ချစ်နေသူမှ ငွေကြေးဥစ္စာပေးကမ်းတတ်ပါသည်။ အိမ်ထောင်ရှိပြီးသူများမှာလည်း အိမ် ထောင်ဖက်ထံမှ ဥစ္စာပစ္စည်းများရတတ်ပါသည်။

**ယတြာ။ ။ဇီးဖျော်ရည်လှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** အကျိုးဆောင်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း အဆင်ပြေ အားကောင်းလိမ့်မည်။ ပညာရေးတွင် သိပ္ပံပညာစီမံခန့်ခွဲမှုပြုသော ပညာဘာသာရပ်တို့တွင် ထူးချွန်လိမ့်မည်။ ကျန်းမာရေးတွင် အဆီများသောဝေဒနာနှင့်ဆီးရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေးနှင့်ပတ်သက်၍ လေးနက်မှုမထားတတ်ဘဲလူလွတ်သဘောမျိုးနေထိုင်လိုစိတ်ရှိနေတတ်ပါသည်။

**ယတြာ။ ။ သံဃာတော်နှင့်သက်ကြီးရွယ်အိုများကို ဆေးဝါးအာဟာရလှူပါ။**



**သောကြာသားသမီးများအတွက်** မိမိကိုယ်ပိုင်တစ်ဦးတည်းလုပ်သောကိစ္စများတွင် ပြဿနာမရှိနိုင်ပါ။ ရဲရဲဝံ့ဝံ့စွန့်စားဆောင်ရွက်ခြင်းများကြောင့် ဘဝတိုးတက်မှုများရှိနေတတ်ပါသည်။ အပြောင်းအရွှေ့ရှိနေတတ်သည်။ စိတ်ချမ်းသာစရာ ကိစ္စများကြုံနေရမည်။ ပညာရေးနှင့်ပတ်သက်၍ အခွင့်အလမ်းများကံကောင်းမှုရှိနေတတ်ပါသည်။ အချစ်ရေးတွင် ချစ်မေတ္တာခိုင်မာသောအခြေအနေရှိတတ်ပါသည်။ ကျန်းမာရေးတွင် ကိုယ်လက်ကိုက်ခဲမှုဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။ကိုယ်အင်္ဂါချို့ယွင်းနေသူအား ငွေလှူဒါန်းမှုပြုပေးပါ။**



**စနေသားသမီးများအတွက်** ခါတိုင်းထက်ပို၍ အလုပ်အကိုင်ကောင်းပြီး စီးပွားရေးတိုးတက်အောင်မြင်လာလိမ့်မည်။ နိုင်ငံရပ်ခြားစီးပွားဆက်သွယ်ရေးလုပ်ငန်းများအောင်မြင်ဖြစ် ထွန်းလိမ့်မည်။ ပညာရေးတွင် အကောင်းအဆိုးမရောထွေးသင့်ပါ။ ပညာကိုထွန်းပေါက်အောင်ကြိုးစားသင့်ပါသည်။ အချစ်ရေးတွင် မဆန်းစစ်ဘဲမြင်ရုံနှင့်ပင်ချစ်သွားသည့်အနေအထားဖြစ်မည်။ အိမ်ထောင်ရေးပျော်ရွှင်ချမ်းမြေ့ဖွယ်ရာဖြစ်မည်။ ကျန်းမာရေးတွင် ဦးနှောက်နှင့်အာရုံကြောဝေဒနာခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ ။ အရပ်ရှစ်မျက်နှာမေတ္တာပို့ဆုတောင်းပါ။**

# ဖျာပုံမြို့တွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား ဘဏ္ဍာရေးနှင့် စီးပွားရေးအသိပညာပေးဆိုင်ရာ သင်တန်းဖွင့်လှစ်

ဖျာပုံမြို့နယ်ရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရေရှည်စွမ်းဆောင်နိုင်မှု အလားအလာများ တိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ Standard Chartered ဘဏ်နှင့် ဗြိတိသျှ ကောင်စီတို့ ပူးပေါင်း ၍ ဘဏ္ဍာရေးနှင့်စီးပွားရေး အသိပညာဆိုင်ရာ သင်တန်းကို ဖျာပုံမြို့ လိပ်ဥကုန်း အ. မ. က တွင် ကျင်းပခဲ့ကြောင်းသိရသည်။

ငွေကြေး လည်ပတ်မှုဆိုင်ရာများ (Cashflow)၊ ငွေစာရင်းဆိုင်ရာများ (Budget)၊ စာရင်းဇယားကိုင်တွယ်မှုဆိုင်ရာများ (Overview of accounts)၊ စာရင်းဇယားများ ပြန်လည် သုံးသပ်ခြင်း (Review of accounts)၊ စီးပွားရေး စီမံကိန်းရေးဆွဲခြင်း (Business Plan) နှင့် လူမှုအကျိုးပြု စီးပွားရေး မိတ်ဆက်ခြင်း (Introduction to Social Enterprise) စသည့် ခေါင်းစဉ်များဖြင့် သင်ကြားသွားခဲ့ကြောင်း သိရသည်။"ယခုလို သင်တန်းတက်ရတာ အရမ်းကောင်းပါတယ်။ ကျွန်တော်တို့ စီးပွားရေးသာ လုပ်နေတာ စနစ်မရှိဘူး။ ဒီ သင်တန်းတက်ခြင်းအားဖြင့် အပိုကုန်စရိတ်တွေကို မြင်လာတယ်။ အစုစပ်ရှယ်ယာ လုပ်မယ်ဆိုရင် လုပ်ငန်း ပမာဏအပေါ် မူတည်ပြီး အစီအစဉ်တွေ ဘယ်လိုရေးဆွဲရမယ်၊ဘာတွေလိုအပ်တယ်ဆိုတာ အခုမှသိတယ်။နောက်ဆုံး ကုမ္ပဏီတစ်ခုထူထောင်ချင်တယ်ဆိုရင် ဘာတွေ လိုအပ်လဲဆိုတာကအစ သိလာတယ်။ အခုလိုသင်တန်းမျိုးကို လူငယ်တွေတက်ဖို့ လိုပါတယ်။ နောင်နှစ်တွေမှာ လာသင်မယ်ဆိုရင် လူငယ်တွေတက်နိုင်အောင် ကျွန်တော် တိုက်တွန်းကူညီသွားမှာပါ" ဟု သင်တန်းတက်ရောက်နေသူ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးက ပြောကြားသွားပါသည်။

သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၉၆ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိဖြစ်ကြောင်းသိရသည်။

**မင်းဇော်မွန် (ဖျာပုံ)**

စာမျက်နှာ (၂၁)၊ ကွမ်ကျိုးတစ်ခေါက်မှ အဆက် ➢➢➢

သက်ဆိုင်ရာနိုင်ငံနဲ့ ဒေသက သတင်းတွေမှာ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ပတ်သက်လို့ ကောင်းသတင်းတွေကြားရဖို့ အရေးကြီးတယ်လို့လုပ်ငန်းရှင်တစ်ယောက်က ပြောတာမျိုးကို ဒီတစ်ခေါက်ပဲကြားဖူးတယ်။

ပြည်နယ်အစိုးရတွေကိုယ်တိုင်က ဒေသတွင်းမှာရှိတဲ့ တရုတ်စီးပွားရေးလုပ်ငန်းတွေ ပြည်ပကို သွားရောက်ရင်းနှီးမြှုပ်နှံဖို့ အားပေးအားမြှောက်လုပ်နေတာ တွေ့ရတယ်။ လုပ်ငန်းရှင်တွေကို ပွဲထုတ်တယ်။ ပြည်ပကပညာရှင်တွေကို သူတို့နိုင်ငံရဲ့စီးပွားရေးအခြေအနေအကြောင်း ဖိတ်ခေါ် ဟောပြောရာမှာ ပါဝင်နားထောင် ဆွေးနွေးစေတယ်။ မေးခွန်းတွေမေးကြတယ်။

ပြည်ပကို သွားရောက်ရင်းနှီးမြှုပ်နှံကြရာမှာတော့ တချို့က ဒေသခံတရုတ်မျိုးနွယ်တွေကို အားကိုးကြတယ်။ ဒါပေမယ့် တရုတ်အချင်းချင်း မယုံကြည်ကြတဲ့သူတွေကတော့ အစိုးရတွေက တစ်ဆင့်သူတို့နဲ့ လက်တွဲမယ့်သူကို ရှာဖွေကြတယ်။ ထိုင်းနိုင်ငံ၊ တရုတ်-ရယောင်းစက်မှုဇုန်က ပုဂ္ဂိုလ်ကသူတို့စက်မှုဇုန်မှာ ရာနှုန်း ပြည့်ပိုင်ဆိုင်မှုကိုခွင့်ပြုပြီး၊ ရှစ်နှစ် အခွန်လွတ်ငြိမ်းခွင့်ပေးတယ်လို့ဆိုတယ်။ နိုင်ငံခြားကိုသွားပြီးရင်းနှီးမြှုပ်နှံတဲ့အခါ လုပ်ခတစ်ခုတည်း သာမဟုတ်တခြားအကြောင်းတွေပါ ထည့်စဉ်းစားဖို့လိုတယ်။ ပြည်ပနိုင်ငံတွေက တရုတ်နည်းပညာတွေဟာ ပတ်ဝန်းကျင်ကိုညစ်ညမ်းစေတယ်။

ပြီးတော့လောင်စာတွေ၊ စွမ်းအင်တွေ၊ သုံးစွဲမှုများတဲ့ ခေတ်မမီတော့တဲ့ နည်းပညာတွေကို ပြန်ပေးနေတယ်လို့ အထင်လွဲခံရသတဲ့။ တရုတ်ပစ္စည်းတွေကို အနောက်တိုင်းထုတ်ပစ္စည်းတွေနဲ့ မယှဉ်နိုင်တဲ့ ခပ်ညံ့ညံ့ပစ္စည်းတွေလို့ အထင်ခံရသတဲ့။ သက်ဆိုင်ရာနိုင်ငံက စာရွက်စာတမ်းတွေဟာ တရုတ်ဘာသာနဲ့ရေးထားတာမရှိလို့ နားလည်အောင်ကြိုးစားဖို့လိုတယ်။ တချို့နိုင်ငံတွေကဝန်ဆောင်မှုပေးရာမှာ စကားပြန်တွေ ဘာသာပြန်တွေပါထားပေးတယ်လို့သိရတယ်။ အခုကွမ်ကျိုးနိုင်ငံခြားလေ့လာရေး (ဘာသာစကားတစ်ခုတည်းမဟုတ်) တက္ကသိုလ်မှာ ဘာသာပြန်တာကို ဘာသာရပ်တစ်ခုအဖြစ် သတ်မှတ်ပြီးမဟာဘွဲ့ပေးတာကိုသတိထားမိတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်တဲ့အခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှု ဘယ်လောက်ဆက်စပ်သလဲ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်လို့ ကုန်သွယ်မှု ဘယ်လောက်တက်သလဲဆိုတာလည်း စဉ်းစားဖို့လိုတယ်။ ပြည်တွင်းရေးတွေကို နားလည်အောင်ကြိုးစားဖို့လိုပေမယ့် ဝင်မပါဘဲ လက်ရှောင်ဖို့ အကြံပေးတာလို့လည်း ကြားသိရတယ်။

ထူးခြားတဲ့ ဆွေးနွေးမှုတစ်ခုကတော့ ဆိပ်ကမ်းတွေ၊ သင်္ဘောကျင်းတွေကိုပေါင်းပြီး ရေကြောင်းသွားလာရေးကဏ္ဍရယ်လို့ ကဏ္ဍတစ်ခုခွဲပြီး စာရင်းအင်းတွက်ချက်တာတွေ့ရတယ်။ သူတို့ရဲ့သင်္ဘောကျင်းကိုရောက်တော့လည်း သင်္ဘောအသေး၊ အကြီးမြောက်များစွာ တည်ဆောက်နေတာကိုမျက်မြင်ကိုယ်တွေ့တွေ့ရတယ်။

လွတ်လပ်စွာကုန်သွယ်မှုဇုန်ကို သွားတော့ထူးခြားတာက ကိုယ်မျှော်လင့်ထားသလို ဘာမှကို ထူးထူးခြားခြားမတွေ့ရတာပါ။ ပစ္စည်းအဝင်အထွက်၊ ကားအဝင်အထွက်တွေကို ဖွင့်ဖောက်စစ်ဆေးတာမျိုးမရှိဘဲ အီလက်ထရွန်းနစ်နည်းစနစ်နဲ့ မှတ်တမ်းတင်၊ စစ်ဆေး၊ ဝင်ခွင့်ထွက်ခွင့်ပြုတာမျိုး ဖြစ်နေလို့ပါ။ သင်္ဘောတွေဆိပ်ကမ်းမှာ အခမဲ့ရပ်နားခွင့်ရက် တိုးပေးလိုက်တယ် ဆိုတာမျိုးကပါသေး။ နန်းရှာကုန်သွယ်မှုဇုန်နဲ့ ဟောင်ကောင်တို့ မကာအိုတို့က တစ်ဆက်တည်းလိုရှိနေတာပါ။ အထူးစီးပွားရေးဇုန်နဲ့ပတ်သက်လို့ ဆွေး နွေးရာမှာတော့ တည်ဆောက်တာက လွယ်တယ်။ စီမံခန့်ခွဲရတာက ပိုခက်တယ်။ လုပ်သားရေးရာမှာလည်း လုပ်သာကိုင်သာရှိဖို့လိုတယ်။ ရင်းနှီးမြှုပ်နှံသူတွေလာအောင်ဖိတ်ရတာ အလွန်လက်ဝင်တယ်။

မြန်မာနိုင်ငံမှာ အခုတလော ဆွေးနွေးနေကြသလို နိုင်ငံခြားငွေလဲလှယ်နှုန်းအတက်အကျအပြောင်းအလဲရဲ့ ဒဏ်ကို တရုတ်လုပ်ငန်းတွေလည်း ခံနေရတယ်ဆိုတော့ပြုံးမိတယ်။

ကွမ်ကျိုးအကြောင်းပြောရင် လမ်းဘေးမှာ အလှဆင်နေကြတဲ့ စွယ်တော်တွေအကြောင်းမပါလို့မဖြစ်။ အပွင့်ပြာပြာတွေ ပွင့်နေတာ ဘာပင်ပါလိမ့်လို့ ကြည့်လိုက်တော့ အရွက်ရော အပွင့်တွေပါ ပိုကြီးနေတဲ့ စွယ်တော်တွေဖြစ်နေတာ တွေ့လိုက်ရတယ်။ နံနက်ပိုင်း လမ်းလျှောက်တဲ့အခါ ပြည်သူ့ရင်ပြင်မှာ အပွင့်တွေကြွေနေတာ မြင်တွေ့နေကြလေ။ အရွက်ကြီး အပွင့်ကြီးနေလို ရုတ်တရက် မမှတ်မိတာကြီးဆိုလို့ လူဦးရေများတဲ့ နိုင်ငံဆိုတော့ဆောက်ထားတဲ့ ခန်းမကြီးတွေက အကြီးကြီး၊ လုပ်အားပေး လူငယ်တွေကလည်းအပြည့်။ အဖွင့်မိန့်ခွန်းလည်းပြောပါ ခေါင်းစဉ်နှစ်ခုလည်း ဆွေးနွေးပေးပါဆိုတော့ တစ်ရက်ခွဲအတွင်း သုံးခုပြင်ရပြောရတာကတော့ မသက်သာ။ ကွမ်ကျိုး နိုင်ငံခြားလေ့လာရေးတက္ကသိုလ်ထဲက Roden -Thinker ရုပ်ထုနဲ့မှာခ်အစ အိုင်စတိုင်း အဆုံး ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ရုပ်ထုတွေကလည်း အမှတ်ရစရာ။ ပြီးတော့ နန်းရှာကုန်သွယ်ရေးဇုန်က အပြန်ညဘက်မှာရောက်ခဲ့ရတဲ့ ကန်တုန်မျှော်စင် ၁၀၇ထပ်အပေါ်ကနေကြည့်ခဲ့ရတဲ့ မီးရောင်စုံမြို့အလှတွေကို ချန်ထားခဲ့လို့မရ။

# tar&dcefEftpm;o,ljyla&;&mapmifunf&;ucGuf

# (Consumer Sentinel Network)မှ သည်

# jrefmEfpm;o,ljyla&;&mqDb



| ဇေယျာဆွေ |

၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀) ဖြင့် စားသုံး သူအကာအကွယ်ပေးရေးဥပဒေကိုပြဋ္ဌာန်းခဲ့ရာ မြန်မာနိုင်ငံအတွင်းရှိ စားသုံးသူ ပြည်သူလူထု၏ စားသုံးသူအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအား အသိပညာပေးခြင်း၊ နစ်နာဆုံးရှုံးမှုများအား ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခြင်းတို့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသည် အခြားဖွံ့ဖြိုးပြီး နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အချိန်ကာလအားဖြင့် နောက်ကျစွာ ဆောင်ရွက်နေရသော်လည်း နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် ဌာန အဖွဲ့အစည်းများ လုပ်ကိုင်ဆောင်ရွက်မှုများမှတစ်ဆင့် အနာဂတ် လုပ်ငန်းစဉ်များကို ချမှတ် အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိရာ အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးကော်မရှင် (Federal Trade Commission-USA)၊ ပြည်နယ်အသီးသီးရှိ စားသုံးသူရေးရာဌာနများ (Consumer Affairs Departments) နှင့် စားသုံးသူရေးရာ စောင့်ကြည့်ရေးကွန်ရက် (Consumer Sentinel Network) တို့၏ လုပ်ငန်းဆောင်ရွက်မှုများအား မြန်မာနိုင်ငံမှ စားသုံးသူပြည်သူများ သိရှိလေ့လာနိုင်ပါရန် ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။

## အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးကော်မရှင် (Federal Trade Commission - USA)

အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးကော်မရှင် (Federal Trade Commission-USA) သည် အမေရိကန်သမ္မတ Woodrow Wilson လက်ထက် ၁၉၁၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးကော်မရှင် အက်ဥပဒေကို ကုန်သွယ်ရေး ကော်မရှင်ဥပဒေအဖြစ် စတင်ဖွဲ့စည်းခဲ့ရာ နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိသည့် ကုန်သွယ်ရေး ကော်မရှင် အဖွဲ့ကြီး ဖြစ်သည်။

## ကော်မရှင်၏ ရည်ရွယ်ချက်

၁၉၁၅ ခုနှစ် မတ်လ ၁၆ ရက်နေ့မှ စတင်၍ အမေရိကန်နိုင်ငံသား စားသုံးသူများအား အကာအကွယ်ပေးရန်နှင့် မျှတသော ဈေးကွက် ယှဉ်ပြိုင်မှုများ ဖွံ့ဖြိုးစေရန် ရည်ရွယ်ချက်များချမှတ် ဆောင်ရွက်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးကော်မရှင်၏ ဆောင်ပုဒ်မှာ Protecting America's Consumers ဖြစ်ပါသည်။

## ကော်မရှင်၏ ဖွဲ့စည်းပုံ

လက်ရှိ ကော်မရှင်၏ ဥက္ကဋ္ဌမှာ Ms.Edith Ramirez ဖြစ်ပြီး ၂၀၁၃ ခုနှစ် မတ်လ ၄ ရက်မှ စတင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ကော်မရှင်တွင် ကော်မရှင်နာငါးဦးပါဝင်ပြီး တရားစီရင်ရေးနှင့် ဥပဒေရေးရာဌာနခြောက်ခု၊ စားသုံးသူကာကွယ်ပေးရေးဗျူရို၊ ဒါရိုက်တာအဖွဲ့ရုံး၊ ကော်မရှင်နာအဖွဲ့ရုံး၊ ယှဉ်ပြိုင်မှုဆိုင်ရာဗျူရိုနှင့် စီးပွားရေးရာဗျူရိုတို့ဖြင့် ဖွဲ့စည်းထားပါသည်။

## ကော်မရှင်၏ ဝက်ဘ်ဆိုက် လိပ်စာ

အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးကော်မရှင်၏ ဝက်ဘ်ဆိုက် လိပ်စာမှာ www.ftc.gov ဖြစ်ပါသည်။ ဝက်ဘ်ဆိုက် တည်ဆောက်ထားမှုအား လေ့လာရာတွင် ခေါင်းစဉ်ကြီး ခြောက်မျိုးနှင့် အောက်ပါ အတိုင်းဖွဲ့စည်းထားကြောင်း တွေ့ရှိရပါသည်-

(က) အမေရိကန်ပြည်ထောင်စုကုန်သွယ်ရေးကော်မရှင်အကြောင်းအား ဖော်ပြထားသော ခေါင်းစဉ်တွင် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများ၊ သမိုင်းကြောင်း၊ တာဝန်ထမ်း ဆောင်နေသည့် ကော်မရှင် ဥက္ကဋ္ဌများ၊ ဖွဲ့စည်းထားသည့် ဗျူရိုနှင့် ရုံးများ၊ တာဝန်ထမ်းဆောင်ခဲ့သူများနှင့် ထမ်းဆောင်လျက်ရှိသူများ၏ ကိုယ်ရေး မှတ်တမ်းများ၊ သုံးစွဲခဲ့သည့် အသုံးစရိတ်များနှင့် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများအား ဖော်ပြထားရှိပါသည်။

(ခ) သတင်းနှင့် အရေးပါသည့် ဖြစ်စဉ်ဖြစ်ရပ်များ ခေါင်းစဉ်တွင် ထုတ်ပြန်ခဲ့သည့် ကြေငြာစာများ၊ ကော်မရှင်၏ ဆောင်ရွက်မှုများ၊ သတင်းရင်းမြစ်များ၊ တစ်နှစ်အတွင်း ဆောင်ရွက်မည့် အစီအစဉ်များ၊ မိန့်ခွန်းများ၊ အသံနှင့် ဗီဒီယိုဖိုင်များ၊ လူမှုကွန်ရက် စာမျက်နှာများ၊ အင်တာနက်ဘလော့ဂ်များနှင့် စားသုံးသူဆိုင်ရာ စကားရည်လုပွဲများအား ဖော်ပြထားပါသည်။

(ဂ) ဥပဒေစည်းကမ်းများဖြင့် ဆောင်ရွက်ခြင်း ခေါင်းစဉ်တွင် အမှုဖြစ်စဉ်များ အရေးယူဆောင်ရွက်မှုများ၊ အင်အားကြီးကုမ္ပဏီများပေါင်းစည်းမှု အသိပေးမှုများ၊ သုံးသပ်ချက် များ၊ တရားမျှတစွာ မယှဉ်ပြိုင်မှုများ၊ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများ စားသုံးသူ ရေးရာစောင့်ကြည့်ရေးကွန်ရက်နှင့် မှုခင်းရေးရာအဖွဲ့တို့အား ဖော်ပြထားပါသည်။

(ဃ) မူဝါဒ ခေါင်းစဉ်တွင် တရားရေးရာ၊ အကြံဉာဏ်သဘောထားအယူအဆများ၊ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုများ၊ ပြည်ထောင်စု မှတ်တမ်းတင်မှုများ ထုတ်ပြန်ချက်၊ သတင်းတင်ပြချက်များ၊ လေ့လာချက်များ၊ သက်သေခံ ထွက်ဆိုချက်များ၊ လူထုသဘောထားများ၊ မူဝါဒထုတ်ပြန်ချက်များနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား ဖော်ပြထားပါသည်။

(င) အကြံပြုဖော်ပြချက်များ ခေါင်းစဉ်တွင် စားသုံးသူများအတွက် အကြံပြုချက်များ၊ စီးပွားရေးလုပ်ငန်းရှင်များစင်တာနှင့် ယှဉ်ပြိုင်မှုအတွက် လမ်းညွှန်ချက်များအား ဖော်ပြထားပါသည်။

(စ) သိရှိဆောင်ရွက်လိုသော အချက်များ ခေါင်းစဉ်တွင် အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးကော်မရှင်သို့ တိုင်ကြားလိုသည့် စားသုံးသူများအတွက် အမေးအဖြေများ၊ အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးကော်မရှင်မှ ပြန်လည်ထုတ်ယူ လိုသည့် ငွေကြေးကိစ္စများ၊ ကိုယ်ရေးအချက်အလက် ခိုးယူခံရမှုတိုင်ကြားခြင်း၊ ဖုန်းမှတ်တမ်း တင်မှုစနစ်၊ အကြွေးဝယ်ကတ် သတင်းအချက်အလက်၊ သဘောထား မှတ်ချက်များ၊ ယုံကြည်စိတ်ချရမှု ချိုးဖောက်ခံရခြင်း တိုင်ကြားရန် လမ်းညွှန်မှုများနှင့် တရားရေးဆိုင်ရာ ဆောင်ရွက်ရန် လမ်းညွှန်မှုများ ဖော်ပြထားပါသည်။

## စားသုံးသူရေးရာ စောင့်ကြည့်ရေးကွန်ရက် (Consumer Sentinel Network)

စားသုံးသူများ လိမ်လည်ခံရမှုနှင့် ကိုယ်ရေးအချက်အလက်များ ခိုးယူခံရမှုများအတွက် ပူးပေါင်း ဆောင်ရွက်ရန် ရည်ရွယ်၍ ၁၉၉၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုက အောက်ပါပြည်ထောင်စုအဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်း ၈၀ ကျော်နှင့် ပူးပေါင်းဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ အဆိုပါ အဖွဲ့တွင် ပါဝင်သော ဌာနအချို့မှာ စားသုံးသူငွေကြေးဆိုင်ရာကိစ္စရပ်များ ကာကွယ်ရေးဗျူရို၊ စုံစမ်းစစ်ဆေးရေး နှင့် ပြည်ထဲရေးဌာန၊ ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို၊ ပြည်ထောင်စု ဆက်သွယ်ရေးကော်မရှင်နှင့် တရားစီရင်ရေးဗျူရို၊ အစားအသောက်နှင့် ဆေးဝါးဆိုင်ရာ မှုခင်းစုံစမ်းစစ်ဆေးရေးဌာန၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကော်မရှင်၊ အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးနှင့် လူမှုဝန်ဆောင်မှု ဌာန၊ တရားရေးဌာန၊ အလုပ်သမားရေးရာဌာန၊ ပို့ဆောင်ဆက်သွယ်ရေးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ရေးရာ စုံစမ်းစစ်ဆေးရေးဌာနနှင့် ဆက်သွယ်ရေးနှင့် စာတိုက်စုံစမ်းစစ်ဆေးရေးဌာနတို့ ဖြစ်ကြသည်။

## နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းမှု

ထို့ပြင် ပြည်နယ်အသီးအသီးရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်သည့် အပြင် ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ကနေဒါ၊ အီဂျစ်၊ ဂရိ၊ အီတလီ၊ ကိုရီးယား၊ မက္ကဆီကို၊ နယ်သာလန်၊ နယူးဇီးလန်၊ ဖိလစ်ပိုင်၊ စပိန်၊ ဆွစ်ဇာလန်၊ အင်္ဂလန် စသည့် နိုင်ငံတကာ စားသုံးသူရေးရာ အဖွဲ့အစည်း ၃၀ ကျော်နှင့်လည်း ဆက်သွယ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ကွန်ရက်ဖွဲ့စည်းခြင်းနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ခြင်း

ကွန်ရက်စတင်ဖွဲ့စည်းခဲ့သည့် ၁၉၉၇ ခုနှစ် ၂၀၁၅ ထိ စားသုံးသူများမှ တိုင်ကြားခဲ့သည့် လိမ်လည်မှုများနှင့် ကိုယ်ရေး အချက်အလက်များ ခိုးယူခံရမှုပေါင်း ၁၂ သန်းခန့်ရှိကြောင်း စားသုံးသူရေးရာ စောင့်ကြည့်ရေးကွန်ရက် (Consumer Sentinel Network) ၏ ၂၀၁၅ ခုနှစ်က ထုတ်ပြန်ခဲ့သော နှစ်ပတ်လည် အစီရင်ခံစာအရ သိရှိရပါသည်။

စားသုံးသူရေးရာစောင့်ကြည့်ရေးကွန်ရက် (Consumer Sentinel Network) သို့ အခမဲ့ တိုင်ကြားနိုင်ကြောင်းတွေ့ရှိရပြီး တိုင်ကြားနိုင်သည့် နည်းလမ်းများမှာ တယ်လီဖုန်းဖြင့် တိုင်ကြားခြင်း၊ အီးမေးလ်ဖြင့်တိုင်ကြားခြင်း၊ အင်တာနက်ဝက်ဘ်ဆိုက်မှ တိုင်ကြားခြင်း၊ စာတိုက်မှတစ်ဆင့် စာပေးပို့ တိုင်ကြားခြင်းနှင့် အခြားနည်းလမ်းများဖြင့် တိုင်ကြားခြင်းတို့ ဖြစ်ကြသည်။

**ဆက်လက်ဖော်ပြပါမည်။**



## ဘရာဇီးကွင်းလယ်လူ အီမာဆင်ကို ရန်ကုန်အသင်း တစ်ရာသီစာချုပ် ချုပ်ဆို

၂၀၁၇ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ဘောလုံး ရာသီအတွက် အကောင်းဆုံး ပြင်ဆင်မှုများပြုလုပ်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ပထမဆုံး နိုင်ငံခြားသားခေါ်ယူမှုအဖြစ် ဘရာဇီးကွင်းလယ်လူ အီမာဆင်ကို တစ်ရာသီစာချုပ်ဖြင့် ခေါ်ယူခဲ့ပြီဖြစ်သည်။

အသက် ၃၀ အရွယ်ရှိ အဆိုပါကစားသမားသည် ၎င်း၏ ကစားသမားဘဝကို ၂၀၀၂ ခုနှစ်တွင် ဂွာရာနီအသင်း၌စတင်ခဲ့ပြီး အယ်ဆာဗေးဒိုးနှင့် ဘော့စနီးယားနိုင်ငံတို့တွင် ခြေစွမ်းပြကစားနိုင်ခဲ့သူလည်းဖြစ်သည်။

ဘရာဇီးကွင်းလယ်ကစားသမား အီမာဆင်သည် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် ဘောလုံးရာသီတို့တွင် ရန်ကုန်ယူနိုက်တက်အသင်း၌ ပါဝင်ကစားခဲ့ဖူးသည့် ကစားသမားဟောင်းဖြစ်ပြီး ရန်ကုန်အသင်းနှင့်အတူ ၂၀၁၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးချန်ပီယံဆု ဆွတ်ခူးပေးနိုင်ခဲ့သူလည်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၆ ဘောလုံးရာသီက အီမာဆင်သည် ရန်ကုန်ယူနိုက်တက်အသင်းမှ ထွက်ခွာခဲ့ပြီးနောက် ဥရောပကလပ်အသင်းတစ်သင်းဖြစ်သည့် FK ဆာရာယေဘိုတွင် တစ်ရာသီ သွားရောက်ကစားခဲ့သည်။

အီမာဆင်က မြန်မာနိုင်ငံသို့ ပြန်လာဖြစ်သည့်အကြောင်းနှင့် ပတ်သတ်၍ “မြန်မာနိုင်ငံကိုပြန်လာပြီး ရန်ကုန်အသင်းနဲ့ပြန်လက်တွဲ ဖြစ်တာက ကိုယ်သိတဲ့နိုင်ငံလည်းဖြစ်တယ်။ ပြီးတော့ ဒီကဘောလုံးလိဂ်နဲ့လည်း ရင်းနှီးပြီးသားဖြစ်တဲ့အတွက် ပြန်လာဖို့ ဆုံးဖြတ်လိုက်တာပါ။ ရည်မှန်းချက်ကြီးမားတဲ့ ရန်ကုန်အသင်းနဲ့ ပြန်လည်လက်တွဲခွင့်ရတဲ့အတွက် အရမ်းဝမ်းသာပါတယ်” ဟု ပြောကြားခဲ့သည်။

## တရုတ်ရုပ်သံကော်မတီနှင့်ပရီးမီးယားလိဂ်တို့ ရုပ်သံလွှင့်ခွင့်အတွက် သဘောတူစာချုပ် ချုပ်ဆို

ပရီးမီးယားလိဂ်သည် တရုတ်နိုင်ငံတွင် ရုပ်သံလွှင့်ခွင့်ရရှိရန်အတွက် တရုတ်နိုင်ငံမှ ရုပ်သံကုမ္ပဏီတစ်ခုနှင့် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်၏ကာလမှာ သုံးနှစ်ဖြစ်ပြီး စာချုပ်တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၇၀၀(ပေါင်သန်း၆၅၀)ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

တရုတ်ရုပ်သံ ကုမ္ပဏီတစ်ခုဖြစ်သည့် PPTV သည် တရုတ်နိုင်ငံတွင် အကြီးဆုံးသော တိုက်ရိုက်ထုတ်လွှင့်နေသည့် ရုပ်သံလွှင့်ကုမ္ပဏီတစ်ခုဖြစ်ပြီး ပြည်ပ Live Streaming ထုတ်လွှင့်ရာတွင် အကြီးဆုံးသော ကုမ္ပဏီဖြစ်ကြောင်း သိရသည်။

အဆိုပါသဘောတူစာချုပ်အရ PPTV သည် ၂၀၁၉-၂၀ ဘောလုံးရာသီမှ စတင်အသက်ဝင်မည်ဟုဆိုသော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီကမူ အတိအလင်း သတင်းထုတ်ပြန်ခြင်း မပြုသေးကြောင်း အဆိုပါ သတင်းတွင်ဖော်ပြထားသည်။ ယင်းစာချုပ်အား ပရီးမီးယားလိဂ်က အတည်ပြု ထုတ်ပြန်ကြေညာခဲ့ပါက PPTVသည် ပရီးမီးယားလိဂ်တွင် တန်ကြေးအများဆုံးရုပ်သံလွှင့်လုပ်ငန်း ဖြစ်လာမည်ဖြစ်သည်။



PPTVသည် တရုတ်နိုင်ငံရှိ Suning retail group က ပိုင်ဆိုင်သည့် မီဒီယာလုပ်ငန်းစုတစ်ခုဖြစ်ပြီး ဥရောပတစ်လွှားရှိ ဘောလုံးလောကတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည့် လုပ်ငန်းစုတစ်ခုဖြစ်သည်။ ထို့ပြင် PPTV သည် အီတလီစီးရီးအေ အင်တာမီလန်အသင်းမှ အစုရှယ်ယာများကို ဝယ်ယူခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်က ဘောလုံးလောကတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်းဖြင့် စီးပွားရေးတိုးတက်အောင်လုပ်ဆောင်ရန်ရည်မှန်းထားကြောင်း၊ ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏စီးပွားရေးကို ကမ္ဘာ့အကြီးဆုံး စီးပွားရေးနိုင်ငံတစ်နိုင်ငံအဖြစ် ထူထောင်ရန် ရည်မှန်းချက်ထားရှိ၍ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

## မြန်မာ့လက်ရွေးစင် ယူ-၂၂အသင်း လေ့ကျင့်ရေးစတင်

မလေးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ယူ-၂၂အသင်းကို ပဏာမလက်ရွေးစင်ကစားသမား ၂၆ဦး၊ အုပ်ချုပ်သူ နည်းပြအဖွဲ့ဝင် ရှစ်ဦးတို့ဖြင့်ဖွဲ့စည်းထားပြီး နိုဝင်ဘာ ၁၅ရက်မှစတင်ကာ စခန်းသွင်းလေ့ကျင့်ခဲ့ပြီး နိုဝင်ဘာ ၁၆ ရက် ညနေပိုင်းမှစတင်ကာ လေ့ကျင့်ရေးအစီအစဉ်များကို စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပဏာမမြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းတွင် (ဂိုး)ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ ဆန်း ဆက်နိုင်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ ပြည့်လျှံအောင်(ရတနာပုံ)၊ (နောက်) ထိုက်ထိုက်အောင်၊ လှိုင်မျိုးအောင်(ရှမ်းယူနိုက်တက်)၊ နန်းဝေမင်း၊ သီဟထက်အောင်(ရန်ကုန်)၊ ထလျန်ဟုပ်ထန်း(ချင်းယူနိုက်တက်)၊ နိုင်လင်းထွန်း(မကွေး)၊ ရဲရင့်အောင်၊ စည်သူအောင်၊ ဟိန်းနေဆန်း (ရတနာပုံ)၊ သိန်းနိုင်ဦး(ဧရာဝတီ)၊ အောင်မိုးထွေး (ဇွဲကပင်)၊ အောင်ဟိန်းစိုးဦး (ဆောက်သမ်းမြန်မာ)၊ (လယ်) စွမ်းထက်အောင်၊ မင်းခန့်ကျော်(ရန်ကုန်)၊ ရန်ပိုင်ဦး၊ နေမိုးအောင် (ဧရာဝတီ)၊မောင်မောင်စိုး(မကွေး)၊ ရဲရင့်ထွန်း(ရတနာပုံ)၊ အောင်မိုးသူ (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ (ရှေ့)သန်းဇော်ဟိန်း(မကွေး)၊ ရှိုင်းသူရ(ရတနာပုံ)၊ ရွှေကို၊ စအောင်ပြည့်ကို(ရှမ်းယူနိုက်တက်)တို့ဖြစ်ကြသည်။ မြန်မာယူ-၂၂အသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်လွင်နှင့် ဦးမြင့်ကိုတို့က တာဝန်ယူကြမည်ဖြစ်ကြောင်း သိရသည်။

## ၂၀၁၇ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များတွင် ရတနာပုံအသင်း၏အိမ်ကွင်းအဖြစ် မန္တလာသီရိအားကစားကွင်းကြီးအား အသုံးပြုယှဉ်ပြိုင်သွားမည်

၂၀၁၆ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေး ချန်ပီယံရတနာပုံအသင်းသည် လာမည့် ၂၀၁၇ နှစ်တွင်ကျင်းပမည့် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲတွင် မန္တလာသီရိအားကစားကွင်းကြီးကို အိမ်ကွင်းအဖြစ် အသုံးပြုယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

၂၀၀၉ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေး ပြိုင်ပွဲများစတင်ခဲ့သည့် အချိန်မှစ၍ရတနာပုံအသင်းသည် အိမ်ကွင်းအဖြစ် ဗထူးအားကစားကွင်းအား အသုံးပြုယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး လာမည့် ၂၀၁၇ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲ၌ မန္တလာသီရိအားကစားကွင်းအား အိမ်ကွင်းအဖြစ် အသုံးပြုယှဉ်ပြိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများထံ တင်ပြတောင်းဆိုခဲ့ခြင်းဖြစ်ရာ အသုံးပြုခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

လူဦးရေသုံးသောင်းကျော်ခန့် ဝင်ရောက်ကြည့်ရှုနိုင်သည့် မန္တလာသီရိအားကစားကွင်းကြီးအား ရတနာပုံအသင်းအနေဖြင့် ၂၀၁၅ ခုနှစ် အာရှချန်ပီယံလိဂ်ခြေစစ်ပွဲနှင့် AFC CUP ပွဲစဉ်များတွင် စတင်အသုံးပြုယှဉ်ပြိုင်ခဲ့ပြီး လာမည့် ၂၀၁၆ မဲခေါင်ဖိတ်ခေါ်ပြိုင်ပွဲ၊ ၂၀၁၇ အာရှအဆင့် ပြိုင်ပွဲများတွင်လည်း ရတနာပုံအသင်း၏ အိမ်ကွင်းအဖြစ် အသုံးပြုယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

## လာမည့်နှစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့်မရပါက မန်ချက်စတာယူနိုက်တက်အသင်းအား အဲဒီးဒတ်စ်ကုမ္ပဏီက စပွန်ဆာကြေး ပေါင်သန်း ၂၀ လျှော့ချမည်

လာမည့်နှစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့်မရရှိပါက မန်ချက်စတာယူနိုက်တက်အသင်းအား အဲဒီးဒတ်စ်ကုမ္ပဏီက စပွန်ဆာကြေး ပေါင်သန်း ၂၀ လျှော့ချမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြထားသည်။

ဂျာမန်အားကစားဝတ်စုံကုမ္ပဏီဖြစ်သည့် အဲဒီးဒတ်စ်သည် မန်ချက်စတာယူနိုက်တက်အသင်းအား ရင်ဘတ်အမှတ်တံဆိပ်စပွန်စာကြေးအဖြစ် ၁၀ နှစ်စာအတွက် ပေါင်သန်း ၇၅၀ ပေးရန် သဘောတူညီထားပြီးဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုနှစ်ဘောလုံးရာသီ၏ ပထမလေးလပတ်တွင် ဝင်ငွေရရှိမှုလျော့ကျခဲ့သည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် ၁၁ ပွဲကစားပြီးချိန်တွင် အဆင့် ၆ သို့ရောက်ရှိနေပြီး ထိပ်ဆုံးမှလီဗာပူးအသင်းနှင့် ခြောက်မှတ်အကွာတွင် ရောက်ရှိနေသည်။

“ကျွန်တော်တို့အသင်းဟာ ပြီးခဲ့တဲ့နှစ်က ချန်ပီယံလိဂ်ဝင်ခွင့်မရခဲ့သလို ဒီနှစ်မှာလည်း ဝင်ခွင့်မရခဲ့ဘူးဆိုရင် ကျွန်တော်တို့ရမယ့် အခွင့်အရေးတွေ အကုန်ဆုံးရှုံးတော့မှာဖြစ်ပါတယ်။ အဲဒီးဒတ်စ်ဟာ အဲဒီအကြောင်းတရားတွေကို ကြိုမြင်လို့ အခုလို အရိပ်ပြလိုက်တာဖြစ်ပါတယ်။ ဥပမာပြောရရင် တစ်နှစ်ကို ပေါင်သန်း ၇၀ ရမယ်ဆိုရင် ပေါင် ၂၁သန်းက ကျွန်တော်တို့ရမှာမဟုတ်တော့ပါဘူး”ဟု မန်ယူအသင်း၏ ဘဏ္ဍာရေးတာဝန်ခံအရာရှိ ကလပ်ဖ်ဘာတီက ပြောကြားခဲ့သည်။

မန်ချက်စတာ ယူနိုက်တက်အသင်းသည် ၂၀၁၆-၁၇ ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့် ဆုံးရှုံးခဲ့ရပြီးနောက် စပွန်ဆာပေးမည့်ကုမ္ပဏီများက မန်ချက်စတာယူနိုက်တက်အသင်းအား စွန့်ခွာခဲ့ကြသည်။

မန်ချက်စတာယူနိုက်တက်အသင်း၏ အမှုဆောင်ဒါရိုက်တာ အက်ဒ်ဝုဒ်ဝါ့ဒ်က “ကျွန်တော် တို့အသင်းချန်ပီယံလိဂ် ဝင်ခွင့်မရတာဟာ ကျွန်တော်တို့အသင်းရဲ့ ဝင်ငွေပုံရိပ်ပေါင်းများစွာကို ထိခိုက်စေပါတယ်။ ပြီးခဲ့တဲ့နှစ်ကဖြစ်ရပ်ဟာ ဒီနှစ်မှာ အကျိုးသက်ရောက်မှုတွေအများကြီးရှိလာခဲ့တယ်”ဟု ပြောကြားခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပေါ့ဘာနှင့် ဇလတ်တန်အီဗရာဟီမိုဗစ်ကို ပေါင် ၈၉ သန်းစီဖြင့် စံချိန်တင်ခေါ်ယူခဲ့သော်လည်း ပရီးမီးယားလိဂ်၏ဇယားတိုင် အဆင့် ၆ နေရာတွင်သာ ရပ်တည်လျက်ရှိသည်။

Vol: 16, No.44 Monday November 21 2016

## ဘိုကလေးမြို့မဈေးကြီးအတွင်း ဆေးဝါးရောင်းချသည့်ဆေးဆိုင်များအား စစ်ဆေး

ဘိုကလေးမြို့၊ မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့က နိုဝင်ဘာ ၁၀ ရက်တွင် မြို့မဈေးကြီးရှိ ဆေးဝါးရောင်းချသည့် ဆေးဆိုင် ၁၃ ဆိုင်အား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြပါတယ်။

ယင်းကဲ့သို့ စစ်ဆေးရာတွင် မြို့နယ်ကုတင်(၁၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာခင်စိုးဝင်းနှင့်အတူ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများသည် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယမြို့နယ်တာဝန်ခံ ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြတယ်လို့ သိရပါတယ်။

မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးအဖွဲ့အနေဖြင့် ဆေးအရောင်းဆိုင်များအား စံမညီဆေးဝါးများ၊ ဆေးဝါးအတုများ၊ သက်တမ်းလွန် ဆေးဝါးများ၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ စပ်ဆေးများ၊ အတုအပနှင့် အန္တရာယ်ရှိဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချခြင်းရှိ/မရှိ စစ်ဆေးခဲ့ကြပြီး ဆိုင်သန့်ရှင်းရေး၊ အခင်းအကျင်းသန့်ရှင်းမှု၊ စနစ်တကျ သိုလှောင်ထားရှိမှု၊ ဆိုင်ခန်းအကျယ်အဝန်း၊ အအေးခန်းတွင် ထားရန်လိုသော ဆေးဝါးများအတွက် ရေခဲသေတ္တာထားရှိမှု၊ ပဋိဇီဝဆေးများ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာဆေးများ၊ ဟော်မုန်းဆေး များ၊ ကင်ဆာရောဂါတွင် သုံးသောဆေးများ၊ ဆေးဘူး၊ ဆေးကတ်၊ ထိုးဆေးပုလင်းပေါ်ရှိ အမှတ်တံဆိပ်များ၊ ထိန်းချုပ်ဆေးဝါးများနှင့် ပတ်သက်၍ အသိပညာပေး ဆောင်ရွက်ခဲ့ကြတယ်လို့ သိရပါတယ်။ ရောင်းချသူများအနေဖြင့် ဆေးဝါး ရောင်းချမှု သင်တန်းဆင်းလက်မှတ် ရှိ/မရှိ ဆေးဝါးကျွမ်းကျင်သူ၏ ကြီးကြပ်ခြင်း ရှိ/မရှိတို့ကိုပါ အဖွဲ့အနေဖြင့် ကွင်းဆင်း စစ်ဆေးခဲ့ကြတယ်လို့ သိရပါတယ်။

**မောင်ဇော် (ဘိုကလေး)**

## ဟားခါးမြို့ ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံး၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ



စားသုံးသူရေးရာ ဦးစီးဌာန၊ ချင်းပြည်နယ်ဦးစီးမှူးရုံး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းလျက် ဟားခါးမြို့ ဈေးသစ်ရပ်ကွက်၊ ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးတွင် နိုဝင်ဘာ ၁၆ ရက်က ထုတ်လုပ်ရောင်းချသူများ၊ စားသုံးသူပြည်သူများသို့ စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်သူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ အစားအသောက်များတွင် ထည့်သွင်းသုံးစွဲနေသော ခွင့်မပြုဆိုးဆေးများအကြောင်း၊ စားသုံးရန်မသင့်ကြေညာထားသော စားသောက်ကုန်ပစ္စည်းများအကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းတို့ကို အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ပါသည်။

ပထမဦးစွာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ညွှန်ကြားရေးမှူး ဦးထလာဟရဲက စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်သူများ လိုက်နာရမည့် စည်းကမ်းချက်များအကြောင်းကို ဆွေးနွေးဟောပြောခဲ့ပါသည်။ ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ၊ ဒေါက်တာဂျိုးဇက်ဗန်ဘွေအုပ်က အစား အသောက်များတွင် ထည့်သွင်းသုံးစွဲနေသော ခွင့်မပြုဆိုးဆေးများအကြောင်းနှင့် စားသုံးရန်မသင့်ဟု ကြေညာထားသော စားသောက်ကုန်ပစ္စည်းများ အကြောင်းကို ဆွေးနွေးဟောပြောခဲ့ပါသည်။

အဆိုပါဟောပြောပွဲသို့ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စားသောက်ဆိုင်ပိုင်ရှင်များ၊ ဆေးဆိုင်ပိုင်ရှင်များနှင့် ကုန်စုံဆိုင်ပိုင်ရှင်များ စုစုပေါင်း ၁၅၀ခန့် တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**ဒေါ်ကြယ် (ဟားခါး)**

## ဟိုပုံးမြို့ရှိ အထက(၁) နှင့်(၂) တို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ တောင်ကြီးမြို့မှ ဦးစီးမှူး ဦးသန်းတိုးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၈ ရက်က တောင်ကြီးခရိုင်၊ ဟိုပုံးမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၁၂၀၀ ဦးတို့အားလည်းကောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၂၀ ဦးတို့အားလည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ပါတယ်။

အဆိုပါ ဟောပြောပွဲများတွင် ဦးစီးမှူးဦးသန်းတိုးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ဟောပြောပွဲပြု လုပ်ရခြင်း၏ ရည်ရွယ်ချက်များအား လည်းကောင်း၊ ဒုတိယဦးစီးမှူးဒေါ်စောယုထွေးက စားသုံးသူများ၏ အခွင့်အရေးနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုများနှင့် အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများ၏ အန္တရာယ်ရှိပုံများနှင့် ပတ်သက်၍လည်းကောင်း၊ အကြီးတန်းစာရေး ဦးဇော်ဇော်လတ်က အစားအသောက်များတွင် အသုံးပြုသည့် ဓာတုဆိုးဆေးများအန္တရာယ်နှင့်ဖော်မလင်၏ ဆိုးကျိုးများနှင့် စားသုံးသူများနစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်မှု အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပါတယ်။

၎င်းနောက်ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချနေသည့် မုန့်များအားကွင်းဆင်းစစ်ဆေးပြီး ဓာတုဆိုးဆေးများပါသော မုန့်များအစား မြန်မာ့ရိုးရာမုန့်များကိုသာ သန့်ရှင်းစွာရောင်းချပေးရန် မုန့်ဈေးသည်များအား ပညာပေးဆွေးနွေးခဲ့ပြီး၊ ဌာန၏ပညာပေးလက်ကမ်းစာစောင်များနှင့် တိုင်ကြားမှုပုံစံများအား သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့တယ်လို့သိရှိရပါတယ်။

**စောယုထွေး-တောင်ကြီး**

## မော်လမြိုင်မြို့နယ်တွင် သိမ်းဆည်းခဲ့သည့် ပစ္စည်းများနှင့် ဆေးကုမ္ပဏီမှအပ်နှံသည့် ဆေးဝါးများအား မီးရှို့ဖျက်ဆီး

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနသည် ပြည်နယ်အတွင်းရှိ စားသုံးသူ ပြည်သူတို့၏ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးနှင့် အသိပညာများ တိုးပွားစေရေးတို့ကို အစဉ်ရှေးရှု၍ မွန်ပြည်နယ်အတွင်းရှိ အစားအသောက်များ၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများအား ဈေးကွက်အတွင်းသို့ သက်ဆိုင်ရာ မိတ်ဖက်ဌာနများနှင့် ကွင်းဆင်းစိစစ်ခြင်းနှင့် အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ မိတ်ဖက်ဌာနဖြစ်သော FDA မှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့များနှင့် ပူးပေါင်း၍ မြိုင်ရတနာလေးထပ်ဈေးမှ သိမ်းဆည်းရမိသော ငွေကျပ် ၃၇၃၆၀၀ တန်ဖိုးရှိ ပစ္စည်းများ၊ ဆေးဆိုင်ပိုင်ရှင်များနှင့် ဆေးကုမ္ပဏီများမှ လာရောက်အပ်နှံသော ငွေကျပ် ၁၆၈၄၅၈၈ တန်ဖိုးရှိ ဆေးဝါးများ၊ ဆေးဝါး လက်လီ၊လက္ကားရောင်းချသူများမှ လာရောက်အပ်နှံသည့် ငွေကျပ် ၁၂၃၈၂၅၀ တန်ဖိုးရှိ ဆေးဝါးများ၊ စုစုပေါင်းတန်ဖိုး ၁၈၄၅၇၇၃၉ ကျပ်အား မော်လမြိုင်မြို့မုရောင်းအမှိုက်ပုံတွင် သက်ဆိုင်ရာဌာနများမှ အဖွဲ့ဝင်များ၊ ဆေးဆိုင်ပိုင်ရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သတင်းထောက်များ ရှေ့မှောက်တွင် နိုဝင်ဘာ ၁၁ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါတယ်။

**သူရ (မွန်)**

## ငပုတောမြို့နယ်ရှိ စာသင်ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲပြုလုပ်

ငပုတောမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်စန်းနဲ့ ဝန်ထမ်းများက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ဒုတိယဦးစီးမှူး ဒေါက်တာကျော်ရဲနိုင်တို့ လိုက်ပါလျက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာနောက်ဆုံးပတ်မှာ ငပုတောမြို့၊ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပပြုလုပ်ရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ၊ ကျောင်းသားမိဘများနှင့် အုပ်ချုပ်ရေးမှူး စုစုပေါင်း ၂၃၀ ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်စန်းက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးရာတွင် ယခုလို ကျောင်းနေအရွယ်ကလေးများမှာ အကောင်းဆုံးဖြစ်ပြီး ငယ်ရွယ်စဉ်မှစ၍ စားသုံးသူ အသိပညာ ဗဟုသုတများရရှိလျက် အစားအသောက်များ စားသောက်ရာတွင်လည်း ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်မှာဖြစ်ပြီး ကျန်းမာသန်စွမ်းကာ နိုင်ငံအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ စားသုံးသူအကာ အကွယ်ပေးရေး သိကောင်းစရာများနဲ့ စားသုံးသူတို့ရဲ့ အခွင့်အရေးများ၊ ဥပဒေများကို ဟောပြော၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်ရဲနိုင်ကလည်း ကျောင်းသား၊ ကျောင်းသူများ နွားနို့သောက်ခြင်းဖြင့် ရရှိလာနိုင်တဲ့ အကျိုးကျေးဇူးများ၊ ခန္ဓာကိုယ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် နွားနို့တွင်ပါဝင်သော အာဟာရဓာတ်များအကြောင်း ရှင်းလင်းဆွေးနွေးပြောကြားပြီး၊ ဟောပြောပွဲအပြီး ကျောင်းမုန့်ဈေးတန်းများတွင် FDA မှ တားမြစ်ထားသော မုန့်များ၊ စားသောက်ကုန်စည်များ မရောင်းချရန် အသိပညာပေးဆွေးနွေး၍ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရပါတယ်။

အလားတူ နိုဝင်ဘာ ၁၆ ရက်က ငပုတောမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ပူးပေါင်းအဖွဲ့များနှင့် အုပ်ရှစ်ကလေးကျေးရွာ အမကကျောင်းမုန့်ဈေးတန်းတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန် မသင့်သည့် အစားအသောက်များ ရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းလေ့လာစိစစ်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**စောမိုက်ကယ်-ပုသိမ်**

## မုံရွာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့

# စားသုံးသူရေးရာ ဟောပြောပွဲများ ကွင်းဆင်းဟောပြော

စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာမြို့နယ် တာဝန်ခံသည် နိုဝင်ဘာလအတွင်း ဆောင်ရွက်ရန်လျာထားသည့် စားသုံးသူရေးရာ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ အချိန်မီပြီးစီးနိုင်ရန် မုံရွာခရိုင်ဦးစီးမှူးရုံးနှင့်ချိတ်ဆက်၍ မိတ်ဖက်ဌာနများဖြစ်ကြသော ကျန်းမာရေး၊ ပြန်ကြားရေး၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့နဲ့ ပူးပေါင်းကာ မုံရွာမြို့ပေါ်နှင့် မြို့နယ်ရှိကျေးရွာများမှ အခြေခံပညာကျောင်းများသို့ သွားရောက်ကွင်းဆင်း ဟောပြောလျက်ရှိကြောင်း သိရ ပါသည်။

နိုဝင်ဘာလအတွင်း ဟောပြောပွဲ ခြောက်ကြိမ်ပြုလုပ်ရန်လျာထားသည့်အနက် နိုဝင်ဘာ ၁၁ ရက်က မုံရွာမြို့နယ် ကော်ရပြ အ. မ. က နှင့် အိုးဘိုတောင် အ. လ. က ခွဲကျောင်းသို့ ကွင်းဆင်းဟောပြောခဲ့ကြသလို၊ နိုဝင်ဘာ ၁၆ ရက်က မုံရွာမြို့နယ် တောင်ပုံကျေးရွာ အ. မ. ကသို့ သွားရောက်ပြီး ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးလက် ပြည်သူ ၁၄၈ ဦးတို့ကိုလည်းကောင်း၊ မုံရွာမြို့ ထန်းတောရပ် အ. ထ. က ၆ သို့ သွားရောက်ပြီး ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ၊ ကျောင်းစျေးသည် စုစုပေါင်း ၁၁၅၆ ဦးတို့ကိုလည်းကောင်း အဖွဲ့မှ မိမိဌာနအလိုက်၊ ဘာသာရပ်အလိုက် ဟောပြောခဲ့ကြကြောင်း သိရပါသည်။

ထိုသို့ ဟောပြောကြရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူရေးရာ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများ၊ မျှော်မှန်းချက်များ၊ စားသုံးသူတို့ လိုက်နာရမည့် တာဝန်များနှင့် အခွင့်အရေးများ၊ ကင်ဆာရောဂါဖြစ်ပွားစေနိုင်သော စားသောက်ကုန်များ၊ အန္တရာယ်ဖြစ်စေသော ဓာတုဆိုးဆေးနှင့် တာရှည်ခံဆေးများပါဝင်သော စားသောက်ကုန်များအကြောင်းတို့ကိုလည်းကောင်း၊ ကျန်းမာရေး ဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့မှ အာဟာရပြည့်ဝသော အစားအစာများ၊ သစ်သီးဝလံများ၏အစွမ်းသတ္တိများ၊ ၂၀၁၇ ခုနှစ်တွင် ဖွင့်လှစ်မည့် မုံရွာအားကစားသိပ္ပံတွင် ကျောင်းသားများ တက်ရောက်သင်ကြားနိုင်မည့် အခွင့်အလမ်းများ၊ ပြန်ကြားရေးဌာနမှ လူတို့၏အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရေး စာဖတ်ရှိန်မြှင့်တင်ရန်ကိစ္စများနှင့် စာစောင်များ လှူဒါန်းခြင်းတို့ကို အသီးသီး ကဏ္ဍအလိုက် ဟောပြောရှင်းလင်း အသိပညာများ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ထွန်းလှိုင် (မုံရွာ)**



## ပုဇွန်တောင် အ. ထ. က(၂) တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)နှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၁၇ ရက်က ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း တေဇခန်းမဆောင်တွင် ကျောင်းသား၊ ကျောင်းသူများအား စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ပုဇွန်တောင်မြို့နယ်၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံဆရာမကြီး ဒေါ်သက်သက်နွယ်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့်ပတ်သက်သော သိကောင်းစရာများ၊ စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှု ဆိုင်ရာ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားရှိပြီး၊ နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားရာတွင် လိုက်နာ ဆောင်ရွက်ရမည့်အချက်များ၊ ဌာနအနေဖြင့် ကျောင်း၊ စျေး၊ စက်မှုဇုန်၊ ရပ်ကွက်/ကျေးရွာများတွင် အသိပညာပေး ဟောပြောဆွေးနွေးမှုများကို လုပ်ဆောင်လျက်ရှိရာ စားသုံးသူ၏ တာဝန်နှင့် အခွင့်အရေးများကို ရရှိရေးအတွက် ပညာပေးဆွေးနွေးခဲ့သော အကြောင်းအရာများကို အသေးစိတ် ဟောပြောပို့ချပြီး ကျောင်းသား/ ကျောင်းသူများအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် ဌာနဆိုင်ရာ၊ အစိုးရမဟုတ်သော စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဦးစီးအရာရှိဒေါက်တာဟန်မွန်မျိုးဟိန်းက ပြည်တွင်း/ပြည်ပမှ တင်သွင်း/ထုတ်လုပ်သည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ ဆေးပစ္စည်းများကို သတ်မှတ်ချက်များ ပြည့်စုံလျှင်ထောက်ခံချက်ထုတ်ပေးကြောင်း၊ သဘာဝအရောင်ရှိသော အစားအသောက်များကို စားသုံးသင့်ကြောင်း၊ မှိုတက်သော အစားအစာများကို မစားသုံးရန်နှင့် ဆေးဝါးများကို သက်တမ်းရှိပြီး ဆေးဝါးမှတ်ပုံတင်အမှတ်များပါရှိသည့် ဆေးဝါးများကို သုံးစွဲရန် ဆေးယဉ်ပါးမှုများအများဆုံးတွေ့ရ၍ ပဋိဇီဝပိုးသတ်ဆေးများကို ဆရာဝန်အညွှန်းမပါဘဲ မသောက်သုံးသင့်ကြောင်း၊ စားသုံးရန်သင့်/မသင့်များကို Facebook နှင့် နိုင်ငံပိုင် သတင်းစာများတွင် ဌာနမှ ကြေညာမှုများကို ကြည့်ရှုနိုင်ကြောင်း ဟောပြောဆွေးနွေး ခဲ့ပါတယ်။

ပုဇွန်တောင်မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစုစုအေးဝင်းက ကယ်လိုရီများသည့် အစားအစာများကို စားသုံးခြင်းကြောင့် အဝလွန်၊ သွေးတိုး၊ ဆီးချို၊ နှလုံး အစရှိသော ရောဂါများဖြစ်ပွားနိုင်ကြောင်း၊ ကျောင်းမုန့်စျေးတန်းများတွင် ကျန်းမာရေးနှင့်ညီညွတ်သော မုန့်များ ရောင်းချရေးကို ဆရာ/ဆရာမများက ကြပ်မတ်ပေးစေလိုပါကြောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဝန်ထမ်း၊ ပုဇွန်တောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အ. ထ. က(၂) ပုဇွန်တောင်မှ တာဝန်ခံဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၇၈ ဦး တက်ရောက်ခဲ့ပါတယ်။

အလားတူ နိုဝင်ဘာလဒုတိယပတ်နှင့် တတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် ရှစ်နေရာ၊ အနောက်ပိုင်းခရိုင်တွင် ၁၁ နေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၈ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ၂၁ နေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**အေးအေးခိုင်**
**(စားသုံးသူ) ရန်ကုန်**

## မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ တတိယပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်မှ တက္ကသိုလ်၊ ကောလိပ်၊ စာသင်ကျောင်းများ၊ အများပြည်သူစျေးများနှင့် ရပ်ကွက်/ကျေးရွာများ၌ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာတတိယပတ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲများအား လျာထားချက်များအတိုင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မန္တလေးခရိုင်မှာ နိုဝင်ဘာတတိယပတ်အတွင်း ချမ်းအေးသာစံမြို့နယ်တွင် အ. မ. က(၂၀)၊ အ. မ. က(၂၂)၊ အ. မ. က (၁၈)၊ အ. လ. က(၁)ကျောင်းများနှင့် မဟာအောင်မြေမြို့နယ်တွင် အ. မ. က(၃၄)နှင့် (၄၂)လမ်းဂိုးကျော်စျေးများ၌ ဟောပြောခြင်းနဲ့ ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ ကြပါတယ်။

အဆိုပါ ဟောပြောပွဲအခမ်းအနားများတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ နေ့စဉ်စားသုံးနေသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင် ကျန်ရှိနေသည့် ပိုးသတ်ဆေးဓာတ်ကြွင်းများအကြောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ခွင့်မပြုဆိုးဆေးများ



နှင့် ဆိုးဆေးအန္တရာယ်များအကြောင်း၊ ဥပဒေချုပ်ရုံးမှ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေအကြောင်းများကို တာဝန်ရှိသူအသီးသီးက အကျယ်တဝင့် ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပါတယ်။

မဟာအောင်မြေမြို့နယ် (၄၂)လမ်း ဂိုးကျော်စျေးတွင် မိတ်ဖက်အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စျေးအတွင်းရောင်းချရန်မသင့်သည့် ပစ္စည်းများအား ကွင်းဆင်းစစ်ဆေးရာ ကျင်းထုံခြင်ဆေးခွေရောင်းချနေသည်ကို တွေ့ရှိရ၍ ပူးပေါင်းအဖွဲ့များမှ သိမ်းဆည်းပြီး မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေအရ ဖျက်ဆီးခဲ့ပြီး နောင်တွင် ရောင်းချခြင်းမပြုရန် ဝန်ခံကတိလက်မှတ် ရေးထိုးစေခဲ့တယ်လို့ သတင်းရရှိပါတယ်။

**နေခြည်ဦး (မန္တလေး)**

Vol: 16, No.44 Monday November 21 2016

# အမေရိကန်အစိုးရနှင့် ကုန်သည်စက်မှုအသင်းချုပ် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာလက်မှတ်ရေးထိုး

မြန်မာ့သမိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် အမေရိကန်အစိုးရအဖွဲ့အစည်းနှင့် မြန်မာ့ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှုစာချွန်လွှာကို နိုဝင်ဘာလ ၁၇ ရက်က ရန်ကုန်မြို့ Chatrium ဟိုတယ်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း UMFCCI ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။




အမေရိကန် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံတကာကုန်သွယ်ရေးဦးစီးဌာနနှင့်မြန်မာ့ပုဂ္ဂလိကကဏ္ဍကိုယ်စားပြု ကုန်သည်စက်မှုအသင်းချုပ်တို့အကြား ရေးထိုးခဲ့သည့် အဆိုပါ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုစာချွန်လွှာ(Statement of Intent) အရ မြန်မာ့စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ မြန်မာ့ စီးပွားရေးအခွင့်အလမ်းများအား အမေရိကန်လုပ်ငန်းများ သိရှိကာ စီးပွားရေး ပူးပေါင်း လုပ်ဆောင်နိုင်ရန်အတွက် နှစ်ဖက်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ စီးပွားရေး ခရီးစဉ်များ၊ အွန်လိုင်းတွေ့ဆုံပွဲများ ပူးပေါင်းစီစဉ် ကျင်းပရန်၊ အမေရိကန် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်ရေး ခရီးစဉ်များတွင် မြန်မာနိုင်ငံပါဝင် လာစေရေးဆောင်ရွက်ရန်၊ အမေရိကန် ကုမ္ပဏီများနှင့် မြန်မာ့လုပ်ငန်းများအား တွေ့ဆုံချိတ်ဆက်မှုများ စီစဉ်ပြီး မိတ်ဖက်ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအတွင်းရှိအမေရိကန်ကုမ္ပဏီများ၊ မြန်မာနိုင်ငံသို့ လာရောက် ရင်းနှီးမြှုပ်နှံ၊ ကုန်သွယ်မည့် ကိစ္စများအား ကူညီထောက်ပံ့မှုများ ပေးအပ်ရန်တို့ကို လုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ၏ ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံခရီးစဉ်အတွင်း Chatrium ဟိုတယ်တွင် ကျင်းပသည့် US-Myanmar Business Forum နှင့်အတူ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ဖိုရမ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စီးပွားရေးကော်မတီဝင်များ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

# Vietjet လေကြောင်းလိုင်း၏ မြန်မာနိုင်ငံတွင် လေကြောင်းလိုင်းပြေးဆွဲမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပ

Vietjet လေကြောင်းလိုင်း၏ မြန်မာနိုင်ငံတွင် လေကြောင်းလိုင်းပြေးဆွဲမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာလ ၁၇ ရက်က ရန်ကုန်မြို့ရှိ Milea ဟိုတယ်တွင် ကျင်းပခဲ့သည်။

Vietjet လေကြောင်းလိုင်းသည် မြန်မာနိုင်ငံ၏ပထမဦးဆုံးခရီးစဉ်ဖြစ် သည့် ရန်ကုန်-ဟိုချီမင်းခရီးစဉ်ကို ၂၀၁၅ ခုနှစ်အောက်တိုဘာလကတည်းက စတင်ပြေးဆွဲခဲ့ရာ လူကြိုက်အများ ဆုံးလေကြောင်းလိုင်းတစ်လိုင်းအဖြစ် ရပ်တည်ခဲ့သည်။

Vietjet ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr Nguyen Thi Thuy Binh က "စီးပွားရေးအရရောယဉ်ကျေးမှုအရပါ ဗီယက်နမ်နဲ့ မြန်မာနိုင်ငံတို့ဟာ တူညီမှုတွေရှိနေပါတယ်။ ဗီယက်နမ်နိုင်ငံကို မြန်မာနိုင်ငံက ခရီးသွားတွေ အရင်ကထက် ပိုမိုလာရောက်လည်ပတ်သလို မြန်မာနိုင်ငံကိုလည်း ဗီယက်နမ်နိုင်ငံက ခရီးသွားတွေ လာရောက်လည်ပတ်လျက် ရှိပါတယ်။ နှစ်နိုင်ငံအကြား ခရီးသွားတွေ တိုးလာတာနဲ့အမျှ ဈေးကွက်ပိုမို တိုးတက်လာစေဖို့ ယုံကြည်ချက်တွေကိုလည်း ပိုမိုခိုင်မာလာစေပါတယ်။ Vietjet နဲ့ ခရီးသွားလာခြင်းအားဖြင့် ခရီးသွားတွေဟာ ဝန်ဆောင်မှုအရည်အသွေးမြင့်တဲ့လေကြောင်းခရီးစဉ်တွေကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ရရှိနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

Vietjet သည် မြန်မာနိုင်ငံသို့ ရောက်ရှိခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ရန်ကုန်မှ ဟိုချီမင်းသို့ ၇၇၇ကျပ်ဖြင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း Vietjet က ထုတ်ပြန်ကြေညာခဲ့သည်။

ရန်ကုန်မြို့မှ ခရီးသွားများအနေဖြင့် ဟိုချီမင်းမြို့သို့ ရောက်ရှိသည့်အခါ တွင် ဗီယက်နမ်နိုင်ငံ၏နာမည်ကျော်နေရာများနှင့်စီးပွားရေးလုပ်ငန်းများ တည်ရှိသည့်နေရာပေါင်း ၁၇ နေရာကိုလည်း သွားရောက်လေ့လာနိုင်မည်ဖြစ်သည့်အပြင် အာရှ၏အထင်ကရ ကမ္ဘာလှည့်ခရီးသွားများလည်ပတ်နေသည့်နိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၊ စင်ကာပူနိုင်ငံ၊ တရုတ်(တိုင်ပေ)၊ ကွာလာလမ်ပူ၊ ဆိုးလ်နှင့် တရုတ်နိုင်ငံတို့သို့လည်း သွားရောက်လည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

# ပုဂံမြို့ ရွှေစည်းခုံဘုရားဝင်းတွင် မြန်မာ့ထုတ်ကုန်ဈေးကွက်မြှင့်တင်ရေး ပွဲတော်နှင့် မြန်မာပြည်တွင်း ထုတ်ကုန်ပစ္စည်းများ ပြပွဲ ကျင်းပမည်




ပုဂံမြို့ ရွှေစည်းခုံဘုရားဝင်းတွင် မြန်မာ့ထုတ်ကုန်ဈေးကွက်မြှင့်တင်ရေး ပွဲတော်နှင့် မြန်မာပြည်တွင်းထုတ်ကုန်ပစ္စည်းများပြပွဲကို လာမည့်ဒီဇင်ဘာလ ၃၀ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်စည်ပြပွဲ သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပသည့် မြန်မာ့လက်မှုအနုပညာပစ္စည်းထုတ်ကုန်များ ပြသမည့်ပြပွဲတစ်ခုဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားများ၊ နိုင်ငံခြားသားလုပ်ငန်းရှင်များ အထူးစိတ်ဝင်စားသည့် ပြပွဲတစ်ခုပင်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် မြန်မာ့ရိုးရာထုတ်ကုန်ပစ္စည်းများ၊ မြန်မာ့တိုင်းရင်းဆေးများ၊ မြန်မာ့ရိုးရာစားသောက်ကုန်များနှင့် မြန်မာ့ရိုးရာလက်မှု အနုပညာပစ္စည်းများကို ပြသရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲသို့ ပြသလိုသည့်မြန်မာ့ရိုးရာလက်မှုလုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးလုပ်ငန်းရှင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ထုတ်ကုန်များကို ပြည်တွင်းပြည်ပဈေးကွက်တွင် ဈေးကွက်မြှင့်တင်ရန် အကောင်းဆုံးအချိန်ဖြစ်သည့်အတွက် လာရောက်ပြသရောင်းချစေလိုကြောင်း Bagan Trade Show ပြပွဲ စီစဉ်သည့် Ginn Gar Shwe Nadi တိုင်းရင်းဆေးထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယင်းပြပွဲတွင် မြန်မာ့ရိုးရာဟင်းချက်ပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ရွှေလဝန်းအနုသုခုမအလင်္ကာဉယျာဉ်ဂီတပဒေသာဖျော်ဖြေရေးအင်အားစုကလည်း မြန်မာ့ရှေးမြေဝိုင်းဇာတ်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်ကပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ■

# ဂျပန်ထိပ်တန်းစီးပွားရေးခေါင်းဆောင်များ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေး

Japan-Myanmar Association ဥက္ကဋ္ဌ Mr. Hideo Watanabae ခေါင်းဆောင်သည့် ဂျပန်ထိပ်တန်း စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာ နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုကို နိုဝင်ဘာလ ၁၆ ရက်က ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပခဲ့ကြောင်း UMFCCI ၏ သတင်းထုတ်ပြန်ချက်များအရ သိရ သည်။




မြန်မာ့စီးပွားရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော်သွားမည့် မြို့ပြနဲ့ ကျေးလက်ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ပြုစေရန်အတွက်ပြီးခဲ့သည့်နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဂျပန်ခရီးစဉ် အတွင်း Japan-Myanmar Cooperation Programmes ဖြင့် ဂျပန်-မြန်မာအစိုးရအဖွဲ့အထောက်အပံ့နှင့်အတူ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းပြီး ငါးနှစ်အတွင်း ဂျပန်ယန်းငွေ ဘီလီယံ ၈၀၀ ဖြင့် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်သွားရန် သဘောတူညီမှုရရှိခဲ့ကြောင်း UMFCCI အသင်းချုပ်၏ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားခဲ့သည်။

ယခုအခါတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအား မြန်မာနိုင်ငံသားများနှင့်တန်းတူ ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးများအား ပေးထားပြီးဖြစ်ရာ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် အထူးအခွင့်အရေးများပေးထားကြောင်း ၎င်းက ထပ်မံ ပြောကြားခဲ့သည်။

"မိမိတို့ ဂျပန်-မြန်မာအသင်းအနေနဲ့ Win-Win Situation အတိုင်း ရင်းနှီးမြှုပ်နှံမှုတွေ ပိုလုပ်ချင်ပါတယ်၊ စီးပွားရေးတွေ ချဲ့ထွင်လိုပါတယ်။ မြန်မာကုမ္ပဏီများအနေနဲ့လည်း မိမိတို့ဂျပန်နိုင်ငံသို့ လာရောက်ခဲ့ပါက လုပ်ပုံကိုင်ပုံ နည်းစနစ်များကိုလည်း သင်ကြားစေလိုပါတယ်"ဟု JMA ဥက္ကဋ္ဌ ဝါတာနာဘေးက ပြောကြားခဲ့ သည်။

Japan-Myanmar Association သည် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုရှိစေရေး၊ နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေရန် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် နှစ်နိုင်ငံအကြား ကြိုးပမ်းဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။ ■

# အိန္ဒိယပဲရက်သတ္တပတ်

|စံပီအောင်|

နိုဝင်ဘာ ၁၄ရက်တွင် အဂရီဝပ်ချ်မှ ထုတ်ပြန်သော ပဲမျိုးစုံ ရက်သတ္တပတ် အစီရင်ခံစာအရ အိန္ဒိယနိုင်ငံသည် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ရက်အထိ ရက်သတ္တပတ်အတွင်း ပဲမျိုးစုံ ၂၄၄၀၂၄ တန် တင်သွင်းခဲ့ရာ ယခင်ရက်သတ္တပတ် တင်သွင်းမှုထက် ပိုမိုခဲ့ကြောင်း ဖော်ပြထားသည်။ သို့ရာတွင် ဂျဝါဟာလာနေရူး ဆိပ်ကမ်းနှင့် ချန်နိုင်းဆိပ်ကမ်းတို့မှ ကုန်သေတ္တာများ ဝင်ရောက်မှု မရှိသည်ကို တွေ့ရသည်။ အစီရင်ခံစာအရ ခြုံငုံကြည့်မည် ဆိုပါက ပဲမျိုးစုံ ဈေးနှုန်းမှာ ကျဆင်းမည်ကို တွေ့ရပြီး မြန်မာနိုင်ငံမှ တင်သွင်းသည့် ပဲစင်းငုံဈေးမှာလည်း ယခင်ရက်သတ္တပတ်နှင့် နှိုင်းယှဉ်ပါက ကျဆင်းလာသည်ကို တွေ့ရသည်။

**ပဲမျိုးစုံတင်သွင်းမှု**

အောက်တိုဘာ ၃၁ရက်မှ နိုဝင်ဘာ ၆ရက်အထိ သီတင်းပတ်အတွင်း အိန္ဒိယနိုင်ငံက ပဲမျိုးစုံ ၂၄၄၀၂၄တန် တင်သွင်းခဲ့ရာ အောက်တိုဘာ ၃၀ရက် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း တင်သွင်းခဲ့ သည့် တန်ချိန် ၁၄၇၃၉၅ တန်နှင့် နှိုင်းယှဉ်ပါက ၆၅ဒသမ ၅၅ရာခိုင် နှုန်း မြင့်တက်ခဲ့ သည်။ တင်သွင်းခဲ့သော ပဲများအနက် ပဲဝါလေးက အများဆုံး တင်သွင်းသော အမျိုးအစားဖြစ်ပြီး တန်ချိန် ၁၆၄၄၇၂တန် ရှိခဲ့သည်။ တင်သွင်းမှု အရေအတွက် များပြားသော အခြားပဲများမှာ ပဲစင်းငုံ၊ မတ်ပဲ၊ ကုလားပဲနှင့် ပဲနီလေးတို့ ဖြစ်ကြသည်။ ဘိုစားပဲ အပါအဝင် အချို့ပဲများကိုမူ အနည်းငယ်သာ တင်သွင်းခဲ့သည်။

**စိုက်ပျိုးမှုအခြေအနေ**

ဆောင်းသီးနှံ စိုက်ပျိုးမှုက အစီရင်ခံသော ရက်သတ္တပတ်အတွင်း အရှိန်ရလာနေပြီ ဖြစ်သည်။ နိုဝင်ဘာ ၄ရက်အထိ ဆောင်းသီးနှံ စိုက်ပျိုးမှုက ဟက်တာ ၈၁ဒသမ ၅၈သိန်း ရှိခဲ့ရာမှာ နိုဝင်ဘာ ၁၄ရက်အထိ စိုက်ပျိုးမှုက ဟက်တာ ၁၄၆ ဒသမ ၅၈သိန်း စိုက်ပျိုးနိုင်ခဲ့သည်ကို တွေ့ရသည်။ ယခင်နှစ် ကာလတူက ဟက်တာ ၁၂၆ဒသမ ၇၁သိန်း အထိသာ စိုက်ပျိုးနိုင်ခဲ့သည့်အတွက် သီးနှံစိုက်ပျိုးမြေ ဧရိယာက တိုးတက်မှုနှုန်းက ၁၆ရာခိုင်နှုန်း ရှိခဲ့သည်။ သီးနှံစိုက်ပျိုးမြေ ဧရိယာများအနက် ကုလားပဲ၊ ပဲနီလေး၊ မတ်ပဲနှင့် ပဲတီစိမ်းတို့ အပါအဝင် ပဲမျိုးစုံစိုက်ပျိုးမှုမှာ ၄၉ဒသမ ၂၄သိန်း ရှိသည့်အတွက် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၃၂ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

လောလောဆယ်တွင် ကုလားပဲဈေးနှုန်းများက မြင့်တက်နေသည့်အတွက် ဆောင်းရာသီ ကုလားပဲစိုက်ပျိုးမှုကို မြင့်တက်စေရန် အားပေးသကဲ့သို့ ရှိနေသည်။ ကုလားပဲ ထုတ်လုပ်မှုကို တန်ချိန် ၉ဒသမ ၆သန်းအထိ ထုတ်လုပ်ရန် လျာထားပြီး လက်ရှိအချိန်အထိ အခြေအနေကို လေ့လာပါက ရာသီဥတုက ကောင်းနေရာ ဈေးနှုန်းအပေါ် မည်ကဲ့သို့ ဂယက်ရိုက်ခတ်မည်ကို လာမည့် ရက်သတ္တပတ်များတွင် ပြတ်သားစွာ တွေ့မြင်ရမည် ဖြစ်ပါသည်။ အဂရီဝပ်ချ်ကမူ ကုလားပဲ ဈေးနှုန်းသည် ဒီဇင်ဘာတွင် ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းမည်ဟု ခန့်မှန်းထားသည်။ အစိုးရကလည်း အနိမ့်ဆုံး ထောက်ပံ့ဈေးနှုန်း MSP ကို တိုးမြှင့်ပေးထားသည့်အတွက် ကုလားပဲ စိုက်ပျိုးဧရိယာကို မြင့်တက်စေခဲ့သည်။ သို့သော် ကုလားပဲသီးနှံ ရင့်မှည့် ရိတ်သိမ်းချိန်တွင် ဖြစ်ပေါ်လာမည့် ရာသီဥတု အခြေအနေကလည်း အရေးပါသည့် အခန်းကဏ္ဍက ရှိနေသည်။ ပြည်ပမှ တင်သွင်းလာမည့် ကုလားပဲ၏ ဒီဇင်ဘာအတွက် ကြိုရောင်းဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၁၆၅၀ ရှိသည်။

**ပဲဈေးနှုန်းအခြေအနေ**

လက်ငင်းဈေးကွက်တွင် ဖြစ်ပေါ်နေသော အနှောင့်အယှက် အဟန့်အတားများကြောင့် ပဲမျိုးစုံ ရောင်းဝယ်မှု ပမာဏ ကျဆင်းခဲ့သည့်အတွက် ဈေးကွက်တွင် အကျပ်အတည်းများ ဖြစ်ပေါ်စေခဲ့သည်။ ထို့ပြင် ဆောင်းပဲမျိုးစုံ စိုက်ပျိုးမှု တိုးတက်နေချိန်တွင် ပြည်ပမှ တင်သွင်းမှုကလည်း မြင့်တက်လျက်ရှိသည်ကို တွေ့ရသည်။ ဆောင်းရာသီ စိုက်ပျိုးမှု အခြေအနေကို ကြည့်ပါက ပဲတီစိမ်းမှအပ အခြားပဲများ၏ စိုက်ပျိုးမှုက မြင့်တက်မည်ဟု ခန့်မှန်းရသည်။ အားလုံးခြုံကြည့်မည် ဆိုပါက ပဲမျိုးစုံဈေးကွက် အခြေအနေများ အားနည်းနေဆဲ ဖြစ်သည်။

ပြည်ပမှ တင်သွင်းသော ပဲစင်းငုံဈေးမှာ မွမ်ဘိုင်းတွင် ယခင် ရက်သတ္တပတ်က တစ်ကွင်တယ်ကို ရူပီး ၅၈၀၀/၅၈၅၀ နှုန်းအထိ ကျဆင်းခဲ့သည်။ မြန်မာပဲစင်းငုံဈေး အခြေအနေကို ကြည့်ပါက မွမ်ဘိုင်း CNF ဈေးတစ်တန်ကို အမေရိကန်ဒေါ်လာ ၇၉၀ မှ ၇၆၀ သို့ လည်းကောင်း၊ FAQ တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၁၂၅ မှ ၁၁၁၅ သို့ လည်းကောင်း၊ SQ တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၁၈၅ မှ ၁၁၇၅ သို့လည်းကောင်း အသီးသီး ကျဆင်းခဲ့သည်။ မွမ်ဘိုင်းဈေးကွက်တွင် ပဲစင်းငုံနှင့် မတ်ပဲတို့၏ ဈေးနှုန်းများ ဆက်လက် ကျဆင်းမည့် အလားအလာကို တွေ့ရပြီး ပြည်တွင်းမှလည်း ဤပဲများ ဝင်ရောက်လာဦးမည်ဖြစ်သည့်အတွက် အလားအလာမှာ မှေးမှိန်နေဆဲဖြစ်သည်။

ပဲဝါလေးဈေးမှာ ယခင်ရက်သတ္တပတ် သုံးပတ်က တစ်တန်ကို အမေ ရိကန်ဒေါ်လာ ၃၈၀ ရှိခဲ့ရာမှ အစီရင်ခံသည့် ရက်သတ္တပတ်တွင် တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၀၀အထိ ကျဆင်းခဲ့သည်။ ကနေဒါ၊ ရုရှားနှင့် ယူကရိန်းမှ ပဲဝါလေးနှင့် ဩစတြေးလျမှ ကုလားပဲများ အိန္ဒိယ ဆိပ်ကမ်းများသို့ ရောက်ရှိလာတော့မည် ဖြစ်သည်။ နိုဝင်ဘာ အပါအဝင် နောင်သုံးလအတွင်း ပဲဝါလေးတန်ချိန် ၁၅သိန်းအထိ တင်သွင်းမည်ဖြစ်သည်။ ဩစတြေးလျ ကုလားပဲ၏ ပေါက်ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၅၀ ဖြစ်သည်။

**အပြည်ပြည်ဆိုင်ရာဈေးကွက်**

စက်တင်ဘာလအတွင်း အမေရိကန်ပြည်ထောင်စုက ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ခဲ့ သော ပဲမျိုးစုံ စုစုပေါင်းတန်ချိန်မှာ မက်ထရစ်တန် ၁၈၉၄၃၆ တန် ရှိခဲ့သည်။ တင်ပို့ခဲ့သော ပဲမျိုးစုံအနက် ပဲနီလေး တင်ပို့မှုမှာ မက်ထရစ်တန် ၆၂၄၀၀ ရှိခဲ့သည့်အတွက် အမေရိကန် ပြည်ထောင်စုက ၂၀၁၃ ခုနှစ် ဧပြီမှာ စံချိန်တင်ထားခဲ့သော မက်ထရစ်တန် ၄၁၉၆၁ နှင့် နှိုင်းယှဉ်ပါက ပိုမိုခဲ့သည်ကို တွေ့ရသည်။ ကုလားပဲ တင်ပို့မှုမှာ မက်ထရစ်တန် ၂၈၂၅၇ ရှိသည့်အတွက် ယခင် ၂၀၁၁ ခုနှစ် အောက်တိုဘာက စံချိန် တင်ထားခဲ့သော မက်ထရစ်တန် ၁၂၂၉၀ နှင့် နှိုင်းယှဉ်ပါက ၁၃၀ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို တွေ့ရသည်။

စက်တင်ဘာလအတွင်း တင်ပို့ခဲ့သော ပဲတီစိမ်း၊ ပဲဝါလေးနှင့် ပဲခွဲခြမ်း စုစုပေါင်း မက်ထရစ်တန် ၉၈၀၀၀ ရှိသည့်အနက် အိန္ဒိယနိုင်ငံက ဝယ်ယူသော ပမာဏမှာ မက်ထရစ်တန် ၇၄၀၀၀ ရှိခဲ့သည်။ တရုတ်နိုင်ငံက မက်ထရစ်တန် ၅၀၀၀ ဖြင့် ဒုတိယနေရာတွင် ရှိနေသည်။ အိန္ဒိယနိုင်ငံက ဝယ်ယူသော ကနေဒါပဲနီလေးမှာ မက်ထရစ်တန် ၁၉၀၀၀ ရှိသည်။ ထို့ပြင် စက်တင်ဘာလအတွင်း အမေရိကန် ပြည်ထောင်စုမှ တင်သွင်းခဲ့သော ကုလားပဲမှာ မက်ထရစ်တန် ၂၀၆၀၇ ရှိသည်။

## အပြည်ပြည်ဆိုင်ရာကော်ဖီဈေးနှုန်း မြင့်တက်မှုက တောင်ကိုရီးယား ပြည်တွင်းဈေးကွက်ကို ထိခိုက်စေနိုင်

ယခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာ ကော်ဖီဈေးနှုန်းများ မြင့်တက်မှုက တောင်ကိုရီးယားဈေးကွက်ကို ထိခိုက်စေကြောင်း စက်မှုလုပ်ငန်းပိုင်းရှိ အရာရှိများက နိုဝင်ဘာ ၁၅ ရက်က ပြောကြားကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။ သို့သော်လည်း အကာအကွယ် အစီအမံများ ပြုလုပ်ရန် လတ်တလော အစီအစဉ်များ မရှိသေးကြောင်း တောင်ကိုရီးယားရှိ အဓိက ဖရန်ချိုက်လုပ်ငန်းကြီးများနှင့် ကော်ဖီကုမ္ပဏီများက ပြောသည်။

ကော်ဖီဈေးနှုန်းများအနက် အသင့်သောက် ကော်ဖီထုပ် ပြုလုပ်သည့် ရိုဘတ်စတာ ကော်ဖီက ယခင်နှစ်ကဈေးနှင့် နှိုင်းယှဉ်ပါက ၃၀ဒသမ ၁ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့သည်။ စတားဘတ်နှင့် အခြားပရီမီယံကော်ဖီတံဆိပ်ဖြင့် ထုတ်လုပ်သောကုမ္ပဏီများ အသုံးပြုသည့် အာရေးဘီးကား ကော်ဖီဈေးက ယခင်နှစ် ဈေးနှုန်းထက် ၃၀ဒသမ ၁ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့သည့်အတွက် ကော်ဖီဈေးနှုန်းများမှာ ထူးထူးခြားခြား မြင့်တက်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ ကော်ဖီအသင်းက ပြောသည်။

ဈေးနှုန်းများ မြင့်တက်ခဲ့ရသည့် အဓိကအကြောင်းအရင်းမှာ ဗီယက်နမ်နှင့် ဘရာဇီးအပါအဝင် ကော်ဖီထုတ်လုပ်သည့်နိုင်ငံများတွင် ပူပြင်းခြောက်သွေ့မှု ပြင်းထန်စွာ ဖြစ်ပွားခဲ့ခြင်းနှင့် တရုတ်နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဝယ်လိုအား မြင့်တက်ခဲ့သောကြောင့် ဖြစ်သည်။

စီးပွားရေး လုပ်ငန်းရှင်များနှင့် ဖရန်ချိုက်လုပ်ငန်းများက ကော်ဖီကို ဝယ်ယူရာတွင် ကြိုရောင်းကြိုဝယ် ဈေးကွက်မှ ဝယ်ယူကြသည့်အတွက် ပြည်တွင်းကော်ဖီဈေးကွက်ကို ငြိမ်သက် အောင် ထိန်းပေးသည်။ သို့သော် ကော်ဖီဈေးများ ဆက်လက်မြင့်တက်နေပါက ဈေးဆက်လက် မြင့်တက်အောင် တွန်းအားပေးတတ်သည်။

စတားဘတ်သည် ယခုနှစ်နွေရာသီက တရုတ်နှင့် အမေရိကန် ပြည်ထောင်စုရှိ ကော်ဖီဈေးနှုန်းများကို တိုးမြှင့်ပေးခဲ့သည်။ တောင်ကိုရီးယားနိုင်ငံတွင် ၂၀၁၄ ခုနှစ်က နောက်ဆုံး တိုးမြှင့်ပေးခဲ့သဖြင့် ၂၈ လရှိပြီဖြစ်သည်။

## ဗီယက်နမ်တွင် ဆန်သိုလှောင်လက်ကျန် တန်တစ်သန်းကျော်



ဆန်ဝယ်လိုအားထက် ရောင်းလိုအား မြင့်မားမှုကြောင့် ၂၀၁၆ ခုနှစ် အောက်တိုဘာ လကုန်စာရင်းအရ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ဆန်လက်ကျန် ပမာဏမှာ တန်ချိန် ၁ဒသမ ၂သန်းအထိ ရှိခဲ့ကြောင်း ဗီယက်နမ် အစားအစာ အသင်းနှင့် စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာနတို့၏ စာရင်းများကို ရည်ညွှန်း၍ ဗီယက်နမ်နယူးစ် သတင်းတွင် ဖော်ပြသည်။

၂၀၁၆ ခုနှစ် ပထမ ၁၀ လတွင် ဗီယက်နမ် ဆန်တင်ပို့မှု စုစုပေါင်း တန်ချိန် လေးသန်းကျော်အထိ ရောက်ရှိခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ဒသမ ၉ဘီလီယံ ရှိခဲ့သည်။ သို့ဖြစ်ရာ ၂၀၁၅ ခုနှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ပမာဏအရ ၁၈ဒသမ ၂၄ရာခိုင်နှုန်းနှင့် တန်ဖိုးအရ ၁၄ ဒသမ ၂၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

၂၀၁၆ ခုနှစ် ဒုတိယသုံးလပတ်တွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု စုစုပေါင်းကို တန်ချိန် ၆ဒသမ ၅ သန်း ရှိမည်ဟု ခန့်မှန်းထားရာမှ တန်ချိန် ၅ဒသမ ၆၅ သန်းရှိမည်ဟု ပြုပြင် ခန့်မှန်းခဲ့ရာ ဤပမာဏမှာ အမြင့်ဆုံး လျှော့ချမှု ဖြစ်ခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက် ပြန်လည်မြင့်တက်ရေးအတွက် ရုန်းကန်နေရသည့်အတွက် ပြုပြင်ခန့်မှန်းချက်ကို ရရှိအောင် ဆောင်ရွက်ရာမှာပင် အခက်အခဲရှိနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

လက်ရှိဖြစ်ပေါ်နေသော ဈေးကွက် ဝယ်လိုအားကို ရောင်းလိုအားနှင့် နှိုင်းယှဉ်ပါက အများကြီး ကျဆင်းနေသည့်အတွက် ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အဓိက ဆန်ပို့ကုန် ဈေးကွက်ဖြစ်ပြီး တရုတ်နိုင်ငံသို့ တင်ပို့ရမည့် ဗီယက်နမ်နိုင်ငံ၏ ခွဲတမ်းမှာလည်း ပြည့်နေပြီ ဖြစ်သည်။

ပြည်တွင်းဝယ်လိုအားမှာလည်း ကျဆင်းနေချိန်တွင် ထိုင်း၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့မှာလည်း စပါးရိတ်သိမ်းရာသီ ရောက်ရှိနေပြီဖြစ်သည့်အတွက် ဆန်သစ်များကြောင့် ဈေးနှုန်းများမှာ ဆက်လက် ကျဆင်းဦးမည့် လက္ခဏာရှိနေသည်။ လောလောဆယ်တွင် ဈေးကွက် အခြေအနေအရ ဆန်ဝယ်လိုအား ကျဆင်းမည် သို့မဟုတ် မြင့်တက်မည်ကို ခန့်မှန်းရခက်ခဲကြောင်း ဗီယက်နမ်အစားအသင်းက ပြောသည်။

**ဉာဏ်တင်**

# အိန္ဒိယအခွန်ပြုပြင်ပြောင်းလဲမှုကြောင့် အကျိုးအမြတ်ရရှိနိုင်မည်ဟု ဂျပန်ကားထုတ်လုပ်သူတို့မျှော်လင့်

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒရာမိုဒီ ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်ပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇို အာဘေးနှင့် နိုဝင်ဘာ ၁၁ ရက် တွေ့ဆုံဆွေးနွေးမှုများကြောင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေခဲ့ကြောင်း နီကေးသတင်းစာတွင်ဖော်ပြသည်။

တွေ့ဆုံဆွေးနွေးပွဲနှင့် နှစ်နိုင်ငံ နျူကလီးယား သဘောတူစာချုပ် ချုပ်ဆိုနိုင်မှုသည် ထူးခြားသော အောင်မြင်မှု ဖြစ်ခဲ့သည်။ သို့သော် အိန္ဒိယနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဂျပန်မော်တော်ကား ထုတ်လုပ်ရေး လုပ်ငန်းများအတွက် အရေးကြီးသော အချက်မှာ အိန္ဒိယအစိုးရက ဆောင်ရွက်လျက်ရှိသော အခွန် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများဖြစ်သည်။ အခွန် ပြုပြင် ပြောင်းလဲမှုကြောင့် မော်တော်ကား ထုတ်လုပ်သူများ အထူးသဖြင့် အိန္ဒိယဈေးကွက်ဝေစု၏ ၄၀ ရာခိုင်နှုန်းကို ရယူထားသော ဂျပန်ကုမ္ပဏီများအား အကျိုးအမြတ် ဖြစ်ထွန်းစေနိုင်သည်။

အိန္ဒိယနိုင်ငံတွင် သွင်းကုန်ခွန်၊ ကုန်စည်ခွန်၊ ဝန်ဆောင်မှုခွန်နှင့် ပြည်နယ်များ၏ နယ်နိမိတ်ကို ဖြတ်ကျော်သယ်ဆောင်သော ကုန်ပစ္စည်းများအတွက် ပြည်နယ်အဆင့်အခွန် စသည်ဖြင့် အမျိုးအစားစုံလင်ပြီး ရှုပ်ထွေးလျက်ရှိသည်။

"အခွန်စနစ် ရှုပ်ထွေးတဲ့အတွက် ဂျပန်စီးပွားရေးလုပ်ငန်းတွေ အိန္ဒိယနိုင်ငံမှာ အလုပ်လုပ်ချင်စိတ်မရှိအောင် ဖြစ်စေပါတယ်"ဟု ဂျပန်နိုင်ငံ ပြည်ပကုန်သွယ်ရေးအဖွဲ့မှ သုတေသီ တိုမိုဖူမီ နီရှီဇာဝါက ပြောသည်။

အစိုးရ၏ အခွန်ပြုပြင်ပြောင်းလဲရေးများကြောင့် ပြည်နယ်များက ပြဋ္ဌာန်းထားသော အခွန်အမျိုးမျိုး နေရာတွင် တစ်ပြေးညီ ကုန်စည်နှင့် ဝန်ဆောင် မှုခွန်ကို အစားထိုးပြဋ္ဌာန်းနိုင်တော့မည် ဖြစ်သည်။ စီမံကိန်းအသေးစိတ်ကို ထုတ်ပြန်ကြေညာနိုင်ခြင်း မရှိသေးသော်လည်း အိန္ဒိယနိုင်ငံရှိ ကားများအပေါ်တွင် ကောက်ခံသော အခွန်မှာလျော့ကျသွားနိုင်ကြောင်း၊ အခွန်ပြုပြင် ပြောင်းလဲမှုကြောင့် ကားဈေးနှုန်းသည် ၁၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားနိုင်မည်ဟု အများစုက ခန့်မှန်းကြောင်း နီရှီဇာဝါက ပြောသည်။

ဆူဇူကီးကုမ္ပဏီသည် ဂူဂျရတ်ပြည်နယ်တွင် ထုတ်လုပ်ရေးစက်ရုံတစ်ခုကို ယန်းဘီလီယံ ၁၀၀ (အမေရိကန်ဒေါ်လာ ၉၃၉ သန်း) အသုံးပြု တည်ဆောက်လျက်ရှိပြီး ၂၀၁၉ ခုနှစ်တွင် လုပ်ငန်းများ လည်ပတ်နိုင်မည်ဟု ခန့်မှန်းထားသည်။ ၎င်းထုတ်လုပ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ပါက ကားထုတ်လုပ်မှုကို နှစ်စဉ် ၁ ဒသမ ၅ သန်းမှ နှစ်သန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ မော်တော်ကားဈေးနှုန်းများ ကျဆင်းပါက ကားရောင်းချမှု မြင့်တက်ပြီး အိန္ဒိယနိုင်ငံရှိ ကားအစိတ်အပိုင်း ထုတ်လုပ်သူများလည်း ပိုမိုအကျိုးရှိလာနိုင်သည်။

# တီပီပီစာချုပ် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဗီယက်နမ်နိုင်ငံက ပေါင်းစည်းရေးကို ဆက်လက်ဆောင်ရွက်မည်



အမေရိကန်ပြည်ထောင်စုတွင် သမ္မတအဖြစ် ရွေးချယ်ခံထားရသော ဒေါ်နယ်ထရမ့်က ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (တီပီပီ)ကို ဆက်လက်ဆောင်ရွက်သည်ဖြစ်စေ၊ မဆောင်ရွက်သည်ဖြစ်စေ ဗီယက်နမ်စီးပွားရေး တိုးတက်ကောင်းမွန်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်ပြီး အခြားသဘောတူ စာချုပ်များကို ဆက်လက်စေ့စပ်ညှိနှိုင်းသွားမည်ဟု ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ထရန်တူအန်းက ပြောကြောင်း ဗီယက်နမ် သတင်းအေဂျင်စီ၏သတင်းတွင် ဖော်ပြသည်။

တီပီပီ သဘောတူစာချုပ်ကို ဆန့်ကျင်သူ ဒေါ်နယ်ထရမ့်သည် အမေရိကန် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရပြီးနောက် ရီပတ်ဘလေကင်ပါတီ၏ အောင်ပွဲက တီပီပီကုန်သွယ်မှု သဘောတူ စာချုပ်ကို အဆုံးသတ်စေလိမ့်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူအများစုက ပြောသည်။ တီပီပီသဘောတူစာချုပ်သည် ဗီယက်နမ်နိုင်ငံ ပါဝင်ချုပ်ဆိုခဲ့သော လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်များအနက် တစ်ခုဖြစ်သည်။ သို့သော် စီးပွားရေး ဖွံ့ဖြိုးမှုကို တိုးတက်အောင်ဆောင်ရွက်ရာတွင် အခွင့်အလမ်းများ ဖန်တီးနိုင်ရေးအတွက် အခြားသော လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်များနှင့်အတူ ပူးတွဲ၍ဆောင်ရွက်ရမည်ဖြစ်သည်။

တီပီပီ၏ အနာဂတ်ကို ခန့်မှန်းရန်မှာ အချိန်စောလွန်းသေးကြောင်းနှင့် တီပီပီစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်သည်ဖြစ်စေ၊ မချုပ်ဆိုနိုင်သည်ဖြစ်စေ အခြားနိုင်ငံများနှင့် ပေါင်းစည်းရေးအတွက် ဗီယက်နမ်က အသင့်ရှိနေကြောင်း ဝန်ကြီးက ပြောသည်။

အကယ်၍ တီပီပီ သဘောတူစာချုပ်ကို အောင်မြင်စွာ ဆက်လက်အကောင်အထည် ဖော်နိုင်မည်ဆိုပါက ဗီယက်နမ်နိုင်ငံရှိ ကဏ္ဍအသီးသီးအတွက် အကျိုးစီးပွားများကို ဆောင်ကျဉ်းပေးမည် ဖြစ်သည်။ ချည်မျှင်နှင့်အထည်ချုပ်၊ ဖိနပ်နှင့် ပင်လယ်စာ အပါအဝင် ဗီယက်နမ်နိုင်ငံ၏ အဓိကပို့ကုန်ပစ္စည်းများကို အမေရိကန် ပြည်ထောင်စု၊ ဂျပန်နှင့် ကနေဒါ စသည့်နိုင်ငံများသို့ တင်ပို့ရာတွင် အကျိုးအမြတ်များ ဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်။ သို့သော်လည်း တီပီပီစာချုပ်ကို အတည်မပြုပါက ဗီယက်နမ်နိုင်ငံ တွင် အခြားသော ပို့ကုန်ဈေးကွက်များ ရှိနေသေးကြောင်း တူအန်းက ပြောသည်။ တီပီပီ သဘောတူစာချုပ်ကို ဗီယက်နမ်နိုင်ငံ ပါဝင် လက်မှတ်ထိုးမည်ဆိုပါက အာရှပစိဖိတ် နိုင်ငံများနှင့် ကုန်သွယ်မှု ဆက်ဆံရေးကို တိုးမြှင့်နိုင်ပြီး ဗီယက်နမ်နိုင်ငံနှင့် အခြား တီပီပီအဖွဲ့ဝင်နိုင်ငံများအတွက် စီးပွားရေး အခွင့်အလမ်းများကို ပိုမိုဖန်တီး ပေးနိုင်မည်ဟု ဗီယက်နမ်နိုင်ငံက မျှော်လင့်ထားကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဖန်ဘင်မင်းက နိုဝင်ဘာလဆန်းပိုင်းက ဟနွိုင်းမြို့တွင် ကျင်းပသော Vietnam Summit အခမ်းအနားတွင် ပြောကြားသည်။

ထို့ကြောင့် အမေရိကန်ပြည်ထောင်စု အပါအဝင် အဖွဲ့ဝင်နိုင်ငံအားလုံးက ကုန်သွယ်မှု သဘောတူ စာချုပ်ကို အတည်ပြုရန် ဗီယက်နမ်နိုင်ငံက မျှော်လင့်ထားသည်။

# ထိုင်းမဟာနန်းတော်အတွက် ဧည့်လမ်းညွှန်များကို စတင်လေ့ကျင့်သင်တန်းပေးလျက်ရှိ

မဟာနန်းတော် (Grand Palace) အကြောင်းကို ဧည့်သည်များအား ရှင်းလင်းတင်ပြနိုင်ရေးအတွက် သတင်းအချက်အလက်များ ပေးနိုင်အောင် အထူးဧည့်လမ်းညွှန် ၂၀၀ ဦးရေကို လေ့ကျင့်ပေးနိုင်ရေးအတွက် ထိုင်းနိုင်ငံ၏ခရီးသွားလုပ်ငန်းဌာနက တော်ဝင်မိသားစုဗျူရို (Bureau of Royal Household) နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း နေးရှင်းသတင်းတွင် ဖော်ပြသည်။

ဧည့်လမ်းညွှန် ၂၀၀ ဦးရေကို ပထမအသုတ်အဖြစ် ဒီဇင်ဘာမှစ၍ သင်တန်းများပေးသွားမည်ဖြစ်ကြောင်း ဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် အာနန်ဝန်ဘင်ချရက်က ပြောသည်။ လေ့ကျင့်ပေးထားသော ဧည့်လမ်းညွှန်များက နန်းတော်နှင့် ဘုရားကျောင်းဝင်းများတွင်သာ သီးသန့်လုပ်ငန်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သူကပြောသည်။

"BRH ကချမှတ်ထားတဲ့ စည်းမျဉ်းဥပဒေသစ်တွေနဲ့အညီ ဆောင်ရွက်နိုင်ဖို့အတွက် ခရီးသွားလာရေးဌာနက မဟာနန်းတော်နဲ့ မြဘုရားကျောင်းမှာ ခရီးသည်တွေ လာရောက်မှုနဲ့ပတ်သက်ပြီး ဆောင်ရွက်ဖွယ်ရာတွေကို ဆွေးနွေး ညှိနှိုင်းခဲ့ပါတယ်။ ဒီခရီးသွားဒေသမှာ ရှင်းလင်းတင်ပြရမည့် နေရာ ၁၆ ခုသတ်မှတ်ထားပြီး လှည့်လည်ချိန် ၄၅မိနစ်ကြာမှာဖြစ်ပါတယ်" ဟု သူက ပြောသည်။

ပထမသုတ် ဧည့်လမ်းညွှန် ၂၀၀ ဦးရေကို လေ့ကျင့်ပေးရာတွင် ခရီးသည်တွေကို လမ်းညွှန်ပေးရန်နှင့် ဝတ်စား ဆင်ယင်မှုနှင့် Audio Guide အသုံးပြုမှုတွေကို လေ့ကျင့်ပေးသွားမည် ဖြစ်သည်။ သင်တန်းအစီအစဉ်မှာ ယခုနှစ် ဒီဇင်ဘာတွင် ပြီးဆုံးပြီး လာမည့်နှစ် ဇန်နဝါရီမှစပြီး တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

သတ်မှတ်ထားသော နေရာများတွင် တာဝန်ထမ်းဆောင်ရန် သီအိုရီနှင့် လက်တွေ့ နှစ်ခုစလုံးကို အောင်မြင်သူတို့အား ခရီးသွားလုပ်ငန်းဌာနနှင့် BRH က ခရီးသွားဧည့်လမ်းညွှန် ရင်ထိုးတံဆိပ်ထုတ်ပေးမည်ဖြစ်ကြောင်း သူက ပြောသည်။

ဘုရင်ဘူမိဘော အဒူလျာဒက် ကွယ်လွန်ပြီးနောက်ပိုင်း နန်းတွင်းထုံးစံများ၊ Grand Palace ဝင်းအတွင်း ခရီးသွားလမ်းကြောင်း ရှင်းလင်းတင်ပြရမည့် ၁၆ နေရာ၊ စကားအသုံးအနှုန်း၊ Audio Guide ကိရိယာအသုံးပြုမှု၊ ဆက်သွယ်ရေးကိရိယာများ အသုံးပြုမှု၊ အဝတ်အစား စည်းကမ်း စသည်တို့အတွက် ဆောင်ရန်၊ ရှောင်ရန်တို့ကို ဧည့်လမ်းညွှန်တို့အား ပို့ချပေးသွားမည်ဖြစ်သည်။

မကြာမီကာလအတွင်း Grand Palace နှင့် မြဘုရားကျောင်းတို့ကို လည်ပတ်မည့် ခရီးသည်များ အွန်လိုင်းမှ လက်မှတ်ဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးပြီး နေ့စဉ် နံနက် ၈နာရီ ခွဲမှ ညနေ ၃နာရီခွဲအတွင်း ခရီးသည်ဦးရေ ၂၀၀၀ ဝင်ခွင့်ပြုသွားရန် ဆောင်ရွက်ထားသည်။

# စမတ်ဖုန်းထုတ်လုပ်မှုတွင် တရုတ်ထုတ်လုပ်သူတို့ ဦးဆောင်

စမတ်ဖုန်း ထုတ်လုပ်ရေးကဏ္ဍတွင် ခေါင်းဆောင်များဖြစ်သည့် ဆမ်ဆောင်းနှင့် အက်ပဲတို့ အခြေအနေ ယိမ်းယိုင်နေချိန်မှာ တရုတ်ထုတ်လုပ်သူများက စမတ်ဖုန်းဈေးကွက်၏ မောင်းနှင်အားတစ်ခုအဖြစ် ဖွံ့ဖြိုးလာခဲ့ကြောင်း နိုဝင်ဘာ ၁၇ ရက်က ထုတ်ပြန်သော စစ်တမ်းတစ်စောင်ကို ကိုးကား၍ အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ယခုနှစ် တတိယသုံးလပတ်တွင် ဟွာဝေး၊ အော့ပိုနှင့် ဘီဘီကေ (BBK Communication Equipment) စသည့် တရုတ်စမတ်ဖုန်း ထုတ်လုပ်ရေး လုပ်ငန်းများက ကမ္ဘာ့စမတ်ဖုန်း ရောင်းချမှု၏ ၂၁ရာခိုင်နှုန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ ကုမ္ပဏီသုံးခုမှာ ရောင်းအကောင်းဆုံး ထိပ်တန်းကုမ္ပဏီ ငါးခုတွင် ပါဝင်ခဲ့ကြောင်း ဂတ်တနာ ကုမ္ပဏီက ပြုလုပ်သော စစ်တမ်းတစ်ခုတွင် ဖော်ပြသည်။

"တရုတ်နိုင်ငံရဲ့ စမတ်ဖုန်းရောင်းချမှုက ၁၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီးတရုတ်နိုင်ငံမှာ အအောင်မြင်ဆုံးဖြစ်တဲ့ ကုမ္ပဏီများက အော့ပိုနှင့် ဘီဘီကေတို့ ဖြစ်ပါတယ်"ဟု ဂတ်တနာမှ လေ့လာဆန်းစစ်ရေးမှူး အန်ရှူးဂုပ္ပတားက ပြောသည်။

"အော့ပိုစမတ်ဖုန်း ရောင်းအားရဲ့ ၈၁ ရာခိုင်နှုန်းက တရုတ်ပြည်မှာဖြစ်ပါတယ်။ ဘီဘီကေ ရောင်းအားရဲ့ ၈၉ ရာခိုင်နှုန်းကလည်း တရုတ်နိုင်ငံထဲမှာ ဖြစ်ပါတယ်။ ဒီစမတ်ဖုန်းတံဆိပ်တွေက အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနိုင်ငံနဲ့ ရုရှားနိုင်ငံတွေမှာ ရောင်းအား ကောင်းမွန်လျက်ရှိပါတယ်" ဟု သူကပြောသည်။

ဆမ်ဆောင်းနှင့် အက်ပဲတို့က ကမ္ဘာ့ဈေးကွက်ထဲမှာ ထိပ်ဆုံးနေရာကို ရယူထားသည်ဟူသော သတင်းများကို ဂတ်တနာစစ်တမ်းမှာ အသိအမှတ် ပြုထားသည်။ သို့သော် အဆိုပါကုမ္ပဏီကြီးများ၏ ရောင်းအားမှာ ကျဆင်းနေကြောင်း ထောက်ပြသည်။ Galaxy Note7 ပြဿနာကြောင့် ဆမ်ဆောင်း၏ ဈေးကွက်ဝေစုမှာ ၁၉ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အလားတူပင် အက်ပဲ၏ အိုင်ဖုန်းက ဆမ်ဆောင်း ကျဆင်းသွားသော နေရာတွင် အစားထိုး ဝင်ရောက်နိုင်ခြင်း မရှိသည့်အတွက် အက်ပဲ၏ ဈေးကွက်ဝေစုမှာလည်း ၁၁ ဒသမ ၅ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန် ဗဟိုဘဏ် အတိုးနှုန်းကို မကြာမီ မြှင့်တင်ပေးတော့မည်ဖြစ်ကြောင်း အမေရိကန် ဗဟိုဘဏ် ဥက္ကဋ္ဌဂျနက်ယယ်လင်က ပြောကြားပြီးနောက်ပိုင်း အမေရိကန်ဒေါ်လာ အညွှန်းကိန်းက ၂၀၁၃ ခုနှစ်ပြီးနောက် အမြင့်ဆုံးသို့ရောက်ရှိခဲ့သည့်အတွက် နိုဝင်ဘာ ၁၈ ရက်မှာ အာရှငွေကြေးများ၏ တန်ဖိုးကျဆင်းခဲ့သည်။

ယခင်ရက်သတ္တပတ်က ကျင်းပခဲ့သော အမေရိကန်ပြည်ထောင်စု သမ္မတရွေးကောက်ပွဲတွင် မမျှော်လင့်ဘဲ ဒေါ်နယ်ထရမ့်အောင်ပွဲရလိုက်ခြင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် ဘဏ္ဍာရေးတွန်းအားပေး အစီအစဉ်များကို ဆောင်ရွက်လိမ့်မည်ဟု ခန့်မှန်းကြသည့်အတွက် ဒေါ်လာတန်ဖိုးကို ပိုမိုမြင့်တက်စေခဲ့သည်။

### တရုတ်ယွမ်

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ဒီဇင်ဘာ အစည်းအဝေးတွင် အတိုးနှုန်းကို မြှင့်တင်တော့မည့်လက္ခဏာကို တွေ့ရပြီးနောက် နိုဝင်ဘာ ၁၈ ရက်တွင် တရုတ်ယွမ်ငွေကြေးတန်ဖိုး ဆက်လက်ကျဆင်းခဲ့သည်။

ဟောင်ကောင်တွင် ရောင်းဝယ်သော Offshore ယွမ်တန်းဖိုးသည် ပဉ္စမမြောက်နေ့အဖြစ် ဆက်လက်ကျ ဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၉၁၀၉ ယွမ်နှုန်းရှိခဲ့ရာ ယခင်နေ့က ရှိခဲ့သောနှုန်းနှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ရှန်ဟဲတွင် အရောင်းအဝယ်ပြုလုပ်သော ယွမ်၏တန်ဖိုးမှာ သုညဒသမ ၂၃ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၉၀၅ ယွမ် နှုန်းရှိခဲ့သည်။

တရုတ်ဗဟိုဘဏ်၏ ရည်ညွှန်းဖလှယ်နှုန်းကို သုညဒသမ ၁၅ ရာခိုင်နှုန်းချပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၇၈၆ ယွမ်နှုန်း သတ်မှတ်ပေးခဲ့ရာ ၂၀၀၈ ခုနှစ် ဇွန်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်သည်။

### အိန္ဒိယရူပီး

ပြည်တွင်းရှယ်ယာဈေးကွက်တွင် ပြည်တွင်း စတော့ရှယ်ယာများ တန်ဖိုးကျဆင်းခြင်းနှင့် ပြည်ပဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်မှုကြောင့် အိန္ဒိယသွင်းကုန်လုပ်ငန်းရှင်များ၏ ဒေါ်လာဝယ်လိုအား မြင့်မားလာသည့်အတွက် နိုဝင်ဘာ ၁၈ ရက်တွင်ရူပီးတန်ဖိုး ကျဆင်းခဲ့ကာ အမေရိကန် တစ်ဒေါ်လာကို ၆၈ ရူပီးနှုန်းထိ ရောက်ရှိခဲ့ သည်။

နိုင်ငံခြားမှ ရန်ပုံငွေများ ပြည်ပသို့ စီးထွက်မှုများပြား လာခြင်းကလည်း ရူပီးတန်ဖိုးမြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတို့က ပြောသည်။ သို့သော်လည်း နိုဝင်ဘာ ၁၇ ရက်ကမူ ပို့ကုန် လုပ်ငန်းရှင်များနှင့် ဘဏ်များက အမေရိကန်ဒေါ်လာကို ပြန်လည်ရောင်းလာကြသဖြင့် ရူပီးတန်ဖိုးမှာ သုည ဒသမ ၁၂ ရူပီးနှုန်း မြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆၇ ဒသမ ၈၂ ရူပီးနှုန်း ရှိခဲ့သည်။

### ဂျပန်ယန်း

အမေရိကန်ဗဟိုဘဏ် အတိုးနှုန်းနှင့်ပတ်သက်ပြီး ဗဟိုဘဏ် ဥက္ကဋ္ဌယယ်လင်၏ ဝေဖန်ပြောကြားချက်ထွက်ပေါ်လာပြီးနောက်ပိုင်း နိုဝင်ဘာ ၁၈ ရက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့သည်။ အမေရိကန်ဒေါ်လာတန်ဖိုးသည် ယန်းနှင့်ဖလှယ်ရာတွင် သုည ဒသမ၅ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၁၁၀ ဒသမ ၆၇ ယန်းနှုန်းရှိခဲ့သည်။ ရက်သတ္တပတ်အတွင်း ကျဆင်းမှုနှုန်းမှာ ၃ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့သည်။

ယူရိုငွေကြေးတန်ဖိုးမှာနိုဝင်ဘာ ၁၈ ရက်က သုညဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၉၇ နှုန်းရှိခဲ့သည်။

### မလေးရှားရင်းဂစ်

အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းမြှင့်တင်ရေးနှင့် ပတ်သက်သော ကြေညာချက်များ ထွက်ပေါ်ပြီး နောက်ပိုင်းဒေသတွင်းငွေကြေးများအား ယုံကြည်မှု ကျဆင်းလာသည့်အတွက် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုး ကျဆင်း ခဲ့သည်။

ရင်းဂစ်တန်ဖိုးသည် နိုဝင်ဘာ ၁၇ ရက်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၃၉၀၀ ရင်းဂစ်နှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီ ၁၀ မိနစ်တွင်အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၃၉၅၀ ရင်းဂစ်နှုန်းရှိခဲ့သည်။

သို့သော်လည်း အခြားအဓိက ငွေကြေးများနှင့်ဖလှယ်ရာတွင်မူ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့သည်။

### ကိုရီးယားဝမ်

ဒီဇင်ဘာတွင် ဗဟိုဘဏ်အတိုးနှုန်းကိုမြှင့်တင်ပေးတော့မည်ဖြစ်ကြောင်း အမေရိကန်ဗဟိုဘဏ်က ဝေဖန်ပြောကြားပြီးနောက်ပိုင်း နိုဝင်ဘာ ၁၈ ရက်တွင် တောင်ကိုရီးယားရှယ်ယာများ တန်ဖိုးကျဆင်းခဲ့သည်။ အလားတူ တောင်ကိုရီးယား ဝမ်တန်ဖိုး မှာလည်း ယခင်နေ့က ဖလှယ်နှုန်းအောက် ၇ ဒသမ ၄၅ ဝမ်နှုန်းကျဆင်း ပြီး အမေရိကန် တစ်ဒေါ်လာကို ၁၁၈၃ ဒသမ ၃၅ ဝမ် နှုန်းရှိခဲ့သည်။

### ထိုင်းဘတ်

အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံထားရသော ထရမ့်က ကုန်သွယ်မှု အတားအဆီးများ ပြဋ္ဌာန်းမှု ရှိမည်၊ မရှိမည်ကိုမသေချာမှုနှင့် လာမည့်နှစ်တွင် ဆောင်ရွက်မည့်ရွေးကောက်ပွဲ အလားအလာ စသည်တို့က ထိုင်းစီးပွားရေး အလားအလာကို စိုးမိုးလျက်ရှိနေသည်။ ထိုင်းဗဟိုဘဏ်ကလည်း အတိုး နှုန်းကို ၁ ဒသမ ၅ ရာခိုင်နှုန်းအတိုင်း မပြောင်းမလဲ ထားရှိခဲ့သည်။ ငွေကြေးဖလှယ်နှုန်းမှာ နိုဝင်ဘာ ၁၈ ရက်က နံနက် ၇ နာရီ ၂၃ မိနစ်က ဗန်ကောက်မှာ အမေရိကန် တစ်ဒေါ်လာကို ၃၅ ဒသမ ၅၄ ဘတ်နှုန်းရှိခဲ့သည်။

## ရင်းဂစ်ငွေကြေးတန်ဖိုး ကျဆင်းမှု ရပ်တန့်အောင် မလေးရှားနိုင်ငံ၏ ဆောင်ရွက်မှုက နိုင်ငံခြားဘဏ်များကို ဂယက်ရိုက်

ပင်လယ်ရပ်ခြားဒေသတွင် မလေးရှားရင်းဂစ် ရောင်းဝယ်မှုကို ကြပ်မတ်ရန် မလေးရှားဗဟိုဘဏ်က ကြိုးပမ်းမှုကို မတည်ရင်းနှီးငွေ ထိန်းချုပ်ရန် ကြိုးပမ်းမှုအဖြစ် ဈေးကွက်က ယူဆလာကြပြီး မလေးရှားရှိ နိုင်ငံခြားဘဏ်များက ဗဟိုဘဏ်၏ အရေးယူ ဆောင်ရွက်မှုနှင့်အညီ မည်သို့တုံ့ပြန်ဆောင်ရွက်ကြမည်ကို နိုဝင်ဘာ ၁၇ ရက်ကဆွေးနွေး ညှိနှိုင်းလျက်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ရင်းဂစ်ငွေကြေးတန်ဖိုးက နိုဝင်ဘာ ၁၇ ရက်တွင် တစ်ရာခိုင်နှုန်းကျဆင်းကာ အမေရိကန် တစ်ဒေါ်လာကို ၄ဒသမ ၃၈၅၀ ရင်းဂစ်နှုန်း ရှိခဲ့သည့်အတွက် ရင်းဂစ်တန်ဖိုးမှာ ၁၁လအတွင်း အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့သည်။

ပြည်တွင်းဈေးကွက်တွင် ကန့်သတ်ချက်များ များပြားသည့်အတွက် ထုံးစံအားဖြင့် ရင်းနှီးမြှုပ်နှံသူတို့က စင်ကာပူနှင့် ဟောင်ကောင်ဈေးကွက်များတွင် ရင်းဂစ်ကို ဖလှယ်ကြသည်။

နိုင်ငံခြားငွေ ဖလှယ်ရာတွင် စင်ကာပူနှင့် ဟောင်ကောင်တို့သည် တတိယနှင့် စတုတ္ထနေရာတွင် ရှိနေပြီး ကုန်သွယ်မှု အနေအထားအရ အမေရိကန်ဒေါ်လာ ၅၁၇ ဘီလီယံနှင့် ၄၃၇ ဘီလီယံ အသီးသီးရှိကြကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရှင်းလင်းရေးဘဏ်မှ နောက်ဆုံး ဆောင်ရွက်ခဲ့သော စစ်တမ်းအရ သိရ သည်။ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က ထိပ်တန်းနှစ်နိုင်ငံဖြစ်ပြီး ပထမနှင့် ဒုတိယနေရာတွင်ရှိသည်။

မလေးရှားနိုင်ငံ၏ ပြည်တွင်းဘွန်းစာချုပ်နှင့် စတော့ဈေးကွက်များတွင် ပါဝင်ဆောင်ရွက်ရန် မလေးရှားနိုင်ငံက နိုင်ငံခြားသားများကို ခွင့်ပြုထားသော်လည်း ရင်းဂစ်ငွေကြေးကို လည်းကောင်း ဆက်နွယ်နေသော ဆင့်ပွား စာချုပ်များကိုလည်းကောင်း၊ ပြည်ပ၌ ရောင်းဝယ်ဖောက်ကားမှုကို နိုင်ငံခြားသားများအား ခွင့်ပြုထားခြင်း မရှိပေ။

## ထရမ့်မူဝါဒဂယက် ရိုက်ခတ်မှုကို မခန့်မှန်းနိုင်သေးကြောင်း ဒါးလက်ဗဟိုဘဏ်ဥက္ကဋ္ဌပြော

သမ္မတသစ်အဖြစ် ရွေးချယ်ခံထားရသော ဒေါ်နယ်ထရမ့်က အမေရိကန် စီးပွားရေးနှင့် ငွေကြေးဖောင်းပွမှုနှုန်းကို မြှင့်တင်နိုင်မည့် ဘဏ္ဍာရေးနှင့် အခြားမူဝါဒများကို ချမှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ မယုံရဲနေကြသော်လည်း အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ တစ်ဦးကမူ ဝေဖန်ရန် စောလွန်းသေးကြောင်း ပြောကြားခဲ့သည်။

ရီပတ်ဘလေကင် ကိုယ်စားလှယ်ထရမ့်ကို သမ္မတအဖြစ် ရွေးချယ်ခဲ့ပြီးနောက်ပိုင်း အခြေခံအဆောက် အအုံအသုံးစရိတ်မြှင့်တင်ခြင်း၊ အခွန်လျှော့ချမှုနှင့် ကြီးကြပ်ထိန်းသိမ်းမှု လျှော့ချခြင်းစသည့် မူဝါဒများကို ချမှတ်မည်ဟူသော ယုံကြည်မှုကြောင့် စတော့ရှယ်ယာများ၏ တန်ဖိုးမြင့်တက်ခဲ့သည်။

သို့သော်လည်း ထရမ့်သည် အမေရိကန်လုပ်သားအင်အားကို အဓိကပံ့ပိုးပေးနေသော လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းများကို ကန့်သတ်ရန်နှင့် ကုန်သွယ်ဖက်များဖြစ်သော မက္ကဆီကိုနှင့် တရုတ်နိုင်ငံတို့ကို အခွန်တိုးမြှင့် ကောက်ခံရန် ဆောင်ရွက်လျက် ရှိသည်။

“ဂျီဒီပီတိုးတက်မှုအတွက် အပြုသဘော အလားအလာရှိတဲ့ မူဝါဒတွေရှိပါတယ်။ နောက်ပြီး ဂျီဒီပီတိုးတက်မှုအတွက် အပျက်သဘော အလားအလာရှိတဲ့ မူဝါဒတွေလည်း ရှိနေပါတယ်။ ဘယ်မူဝါဒတွေက အကျိုးသက်ရောက်မှု ရှိမယ်ဆိုတာတော့ ကျွန်တော် မပြောနိုင်သေးပါဘူး ”ဟု ဒါးလက်ဗဟိုဘဏ်ဥက္ကဋ္ဌ ရောဘတ်ကက်ပလန်က နိုဝင်ဘာ ၁၁ ရက်က ပြောသည်။ ဒါးလက်ဒေသသည် ရီပတ်ဘလေကင် ပါတီကို ထောက်ခံမှု ခိုင်မာသောဒေသဖြစ်ပြီး ဒေါ်နယ်ထရမ့်ကို မဲပေး သူက သုံးပုံနှစ်ပုံခန့် ရှိသည်။

ဘဏ်တင်-စုစည်းတင်ပြသည်


LiOA
For now & Forever!
1 Phase /3 Phases Automatic Voltage Stabilizer (A.V.S)
Building Electrical Accessories,Extension Sockets,
Cable & Wire, Water Pump,Enameled Wire ,
Copper Busbar & Lighting
Brand of Vietnam
Address : No (28), East Race Course Road, Tamwe Township,Yangon,Myanmar.
Tel : (95-1) 8604425~29,8604089,546064
Fax : (95-1) 8604089
Mobile : (95-9) 5188568,5181432,73105150
E-mail : sales@iemmyanmar.com, iemyangon@iemmyanmar.com
LiOA
www.iemmyanmar.com


GENERAL PAINTS
GENERAL PAINTS & CHEMICALS INDUSTRIES CO., LTD.
Super Q All Seasons
GREAT Paints
HOME TEX Paints
C-20
3M
G-3
AXALTA
HOME TOX
OTANI
BOSNY GENERAL PRODUCTS
Red FOX Acrylic Spray Paints
NIPPON PAINT AUTOMOTIVE SYSTEM
PPG
Tel: (951) 685831, 687884, 687886, 687906, 687947, 687948, 684810 .Hotline: 09 772149180, 09 772149190, 09 421137013
website: www.generalpaintsmm.com Email : marketing.generalpaints@gmail.com




# MYIT SHWE WAH

## INDUSTRY CO.,LTD.



" တားသောက်ကုန်၊ လူသုံးကုန်၊ ဆေးဝါး၊ မွေးမြူရေးနှင့် စိုက်ပျိုးရေး စသည့် လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော

(၁) ပလပ်စတစ်အိတ် နှင့် အလိပ်မျိုးစုံ

(၂) PVC Shrink Label & Capseal များအား

ကမ္ဘာ့အဆင့်မီကုန်ကြမ်းပစ္စည်းများနှင့် ခေတ်အမီဆုံး နိုင်ငံခြား စက်သစ်ကြီးများအား အသုံးပြု၍ အရည်အသွေးကောင်းမွန်၊ တိကျမြန်ဆန်ဆုံးနှင့် ဈေးနှုန်း အချိုသာဆုံးဖြစ်အောင် ပြည်တွင်းတွင် အစအဆုံးလက်ခံ ထုတ်လုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ "

**MYIT SHWE WAH PLASTIC PACKING FACTORY**

No.124, Hakha Street, 23rd Quarter, Industrial Zone (1), South Dagon T/S, Yangon, Myanmar.
Tel: 951-590433, 591349, 590187, 09-43111631, 09-43111695 ,Fax: 951-590040,
E-mail: myitshwewah@goldenland.com.mm. myitshwewah@mptmail.net.mm,
http:// www.myitshwewah.com.

COMMERCE INTERNATIONAL



# စင်ကာပူနိုင်ငံကို အာရှအစားအစာ ထုတ်လုပ်ရေးဗဟိုအချက်အချာအဖြစ် ဖန်တီးရန် အလုပ်အကိုင်သစ် ၂၀၀၀ ဖော်ထုတ်မည်

စင်ကာပူနိုင်ငံကို အာရှဒေသ၏ အစားအစာနှင့်အာဟာရထုတ်လုပ်ရေး ဗဟို အချက်အချာအဖြစ် ဖော်ဆောင်နိုင်ရေးအတွက် စက်မှုလုပ်ငန်းပြုပြင်ပြောင်းလဲရေး လမ်းပြမြေပုံသစ်ကို နိုဝင်ဘာ ၁၈ ရက်က စတင်ကြေညာခဲ့ရာ အဆိုပါအစီအစဉ်အရ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ၂၀၂၀ ပြည့်နှစ်အထိ ကျွမ်းကျင်ပညာရှင်များ၊ မန်နေဂျာများ၊ အမှုဆောင်များနှင့်အတတ်ပညာရှင်များ (Professionals, Managers, Executives, Technicians- PMET) စုစုပေါင်း ၂၀၀၀ မွေးထုတ်သွားမည်ဖြစ် ကြောင်း နယူးအေရှသတင်းတွင် ဖော်ပြသည်။

စင်ကာပူစီးပွားရေးတွင် အစားအစာ ထုတ်လုပ်ရေးလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး အဆိုပါကဏ္ဍမှထုတ်လုပ်သော ထုတ်ကုန်များ၏ တစ်ဝက်ကျော်ကို ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ အပါအဝင် ပြည်ပဈေးကွက်များသို့ တင်ပို့သည်။ ၂၀၁၅ ခုနှစ်တွင် အစားအစာထုတ်လုပ်ရေးကဏ္ဍမှ စင်ကာပူ ဂျီဒီပီအတွက် စင်ကာပူဒေါ်လာ ၃ ဒသမ ၇ ဘီလီယံကို အထောက်အကူ ပေးခဲ့ပြီး အလုပ်အကိုင် ၄၀၀၀၀ ကို ဖန်တီးပေးခဲ့ကြောင်း SPRING Singapore ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အစားအစာ ထုတ်လုပ်မှုလုပ်ငန်း တီထွင်ဆန်းသစ်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် ခိုင်မာသော အစားအစာထုတ်လုပ်ရေး အသိုက်အဝန်းတစ်ခု ဖန်တီးနိုင်ရေးအတွက် အစားအစာ တီထွင်ဆန်းသစ်ရေး အစုအဖွဲ့ (Innovation Cluster) ကို တည်ထောင်သွားမည်ဖြစ်သည်။ ဖွဲ့စည်းမည့်အစုအဖွဲ့က ထုတ်ကုန်သစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်သို့တင်ပို့နိုင်ရေးအတွက် အားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး သုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့များကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဒေသတွင်းနှင့် ကမ္ဘာ့ဈေးကွက်များအတွင်းသို့ ထိုးဖောက်ဝင်ရောက်ရေးမှာ လမ်းပြမြေပုံ၏ အဓိကရည်မှန်းချက်ဖြစ်သည်။ ရည်မှန်းချက် အကောင်အထည်ဖော်နိုင်ရေးအတွက် SPRING Singapore သည် စင်ကာပူအစားအစာထုတ်လုပ်သူများအသင်းနှင့် ပူးပေါင်းပြီး တရုတ်နိုင်ငံ၏ အီးကောမတ်စ်ပလက်ဖောင်းများဖြစ်သော Tmall နှင့် JD.com တို့တွင် Tasty Singapore အမည်ဖြင့် အွန်လိုင်းရှော့ပင်းကို ဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၅ ခု ဇူလိုင်မှ စ၍ ကုမ္ပဏီပေါင်း ၂၇ ခုမှ ထုတ်လုပ်သော စင်ကာပူအစားအစာ ထုတ်ကုန် ၁၃၀ ကျော်ကို Tmall တွင်တင်၍ ရောင်းချနိုင်ခဲ့သည်။

လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် SPRING Singapore, SkillsFuture Singapore နှင့် Workforce Singapore တို့သည် လုပ်ငန်းတွင်ပါဝင်လှုပ်ရှားလျက်ရှိသည့် အခြားသူများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး Skills Framework အဖွဲ့ကို ထူထောင်ကာ အစားအစာထုတ်လုပ်ရေးလုပ်ငန်းအတွက် ပညာပေးလုပ်ငန်းများနှင့် သင်တန်းများကို ပို့ချပေးသွားမည်ဖြစ်သည်။ ၎င်း Framework ကို ၂၀၁၇ ခုနှစ် အကုန်တွင် အပြီးသတ် ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းကြောင်း SPRING Singapore က ပြောသည်။

ဉာဏ်တင်

# လယ်ယာထွက်ကုန်ပစ္စည်း ကုန်အမှတ်တံဆိပ် ပြဿနာများကို ဗီယက်နမ်တွင်ဆွေးနွေး

နိုဝင်ဘာ ၁၆ ရက်က ဗီယက်နမ်တောင်ပိုင်း ဘင်ထရီပြည်နယ်၌ကျင်းပသော နှီးနှောဖလှယ်ပွဲတွင် လယ်ယာထွက်ကုန်ပစ္စည်းများအတွက် ကုန်အမှတ်တံဆိပ်များ ပြုစုရေး၊ မှတ်ပုံတင်ရေးနှင့် ဈေးကွက်ရှာဖွေရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။ ဆွေးနွေးခဲ့ကြသော အကြောင်းအရာများတွင် ကုန်အမှတ်တံဆိပ် လျှောက်ထားရာ၌ ကြန့်ကြာမှုရှိခြင်း၊ မှတ်ပုံတင်ထားခြင်းမရှိသော ထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရာတွင် ကုန်အမှတ်တံဆိပ်ကို အလွဲသုံးစားပြုလုပ်ခြင်းနှင့် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှုများကြောင့် ဖြစ်ပေါ်ရသော စိန်ခေါ်မှုများ စသည့်အကြောင်းအရာများ ပါဝင်သည်။

လယ်ယာထွက်ကုန်ပစ္စည်းအတွက် ခိုင်မာသော ကုန်အမှတ်တံဆိပ်ထားရှိခြင်း၏ အကျိုးကျေးဇူးများကို ပြည်နယ်စက်မှုနှင့် ကုန်သွယ်ရေး ဌာနအကြီးအကဲက ပြောကြားသည်။ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များ၏ စားသုံးသူမြှင့်တင်ရေးနှင့် ပြည်တွင်း၊ ပြည်ပ ဈေးကွက်များတွင် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်ရေးအတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းများသည် ခိုင်မာသော ကုန်အမှတ်တံဆိပ်ထားရှိရန်လိုကြောင်း သူမက ပြောကြားသည်။

ကုန်အမှတ်တံဆိပ် လျှောက်ထားရာတွင် အချိန်ကုန် လူပင်ပန်းဖြစ်ခြင်းနှင့် ပြန်လည်သက်တမ်း တိုးသည့်အခါတိုင်း ဗီယက်နမ် ဒေါင် ၃၅ သန်း ကုန်ကျသဖြင့် ကုန်ကျစရိတ်များလွန်းခြင်း စသည့်အချက်များကြောင့် အချို့သော စီးပွားရေးလုပ်ငန်းများက သူတို့ကုန်အမှတ်တံဆိပ်များကို မှတ်ပုံတင်ခြင်းမရှိကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ အမျိုးသား ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်ရုံးက ပြောသည်။ ကုန်အမှတ်တံဆိပ်အတွက် လျှောက်ထားမှုများမှာ တိုးတက်များပြားလာသည့်အတွက် လျှောက်လွှာများကို စိစစ်ရာတွင် အိုင်တီနည်းပညာကို အသုံးပြုသည့်တိုင် ကုန်အမှတ်တံဆိပ်ကို အချိန်မီစိစစ်ပေးရန် လုံလောက်သောဝန်ထမ်းမရှိကြောင်း အမျိုးသားဉာဏပစ္စည်း ပိုင်ဆိုင်ခွင့်ရုံးမှ ကိုယ်စားလှယ်ကပြောသည်။

မှတ်ပုံတင်ထားပြီးသော ကုန်အမှတ်တံဆိပ်ကို အခြားသော ထွက်ကုန်ပစ္စည်းများက အသုံးပြုလျက်ရှိနေသည့် အတွက် မှတ်ပုံတင်ပြီးနောက် ကုန်အမှတ်တံဆိပ်ကို ဆက်လက်ထိန်းသိမ်းရာတွင် အခက်အခဲရှိကြောင်း (Ninh Thuan Grape Association) မှ ဖန်ချောဟိုလန်က ပြောသည်။ ဥပမာအားဖြင့် Ninh Thuan Grape Association ၏ ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ထားသည်မှာ ကြာပြီဖြစ်သော်လည်း အခြားဒေသမှထွက်သော စပျစ်သီးများကို (Ninh Thuan Grape Association) အဖြစ် စူပါမားကတ်များတွင် ရောင်းချလျက်ရှိကြောင်း သူကပြောသည်။

ကုန်အမှတ်တံဆိပ်ရှိထားပြီးဖြစ်သော ထုတ်ကုန်များ၏ အရည်အသွေးကို မြှင့်တင်ပေးရန် အရေးကြီးကြောင်းနှင့် ထိုသို့ဆောင်ရွက်ခြင်းမပြုနိုင်ပါက လူကြိုက်များအောင် ဆောင်ရွက်ရာတွင် အခက်အခဲရှိကြောင်း အမျိုးသားဉာဏပစ္စည်းပိုင်ဆိုင်ခွင့်ရုံးမှ တာဝန်ရှိသူက ပြောသည်။ ကုန်အမှတ်တံဆိပ်များကို ခိုင်မာပြီး လူကြိုက်များလာအောင် ဆောင်ရွက်ရာတွင် ဒေသန္တရစီးပွားရေးလုပ်ငန်းများက အခြားဒေသများတွင်ရှိသော စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက် သင့်ကြောင်း သူကပြောသည်။

ဉာဏ်တင်


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 21st November 2016

<< October And November Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND | BANGLADESH |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG | MONGLA |
| MV.HOEGH CHENNAI V.28 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 14.10.2016 | 11.10.216 | 13.10.2016 | | 21.10.2016 | 25.10.2016 | | 1.11.2016 |
| | S/O CUT | | | | | | | | 10.10.2016 | 7.10.2016 | 9.10.2016 | | | | | |
| MV.CITY OF MUMBAI V.35 | 1.55 | 1.90 | 2.20 | 3.50 | X | | | 30.10.2016 | 29.10.2016 | 28.10.2016 | | | 7.11.2016 | 10.11.2016 | | |
| | S/O CUT | | | | | | | 26.10.2016 | 25.10.2016 | 24.10.2016 | | | | | | |
| MV.HOEGH CHENNAI V.29 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 16.11.2016 | 17.11.2016 | 15.11.2016 | | 25.11.2016 | 30.11.2016 | | 6.12.2016 |
| | S/O CUT | | | | | | | | 12.11.2016 | 13.11.2016 | 11.11.2016 | | | | | |
| MV.CITY OF MUMBAI V.36 | 1.55 | 1.90 | 2.20 | 3.50 | X | | | 27.11.2016 | 28.11.2016 | 29.11.2016 | | | 9.12.2016 | 13.12.2016 | | |
| | S/O CUT | | | | | | | 23.11.2016 | 24.11.2016 | 25.11.2016 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED